## ဆရာများအတွက်အမှာစာ

### ၁။ ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်

ဆရာလမ်းညွှန်စာအုပ်မိတ်ဆက်တွင် ဆရာများသိရှိထားသင့်သော အောက်ပါအကြောင်းအရာများပါဝင်သည်။

(က) ကျောင်းသားဗဟိုပြု သင်ကြားနည်းပညာကိုဖြုံ့ဖြိုးတင်ပြခြင်း

(ခ) ထိရောက်သောသင်ကြားသင်ယူမှုအတွက် အခြေခံစည်းမျဉ်းများ

(ဂ) ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း (Bloom's Taxonomy)

(ဃ) သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင် မေးမြန်းနိုင်သောမေးခွန်းများ

(င) စာသင်ခန်းအဆင့်တတ်မြောက်မှု စစ်ဆေးအကဲဖြတ်ခြင်းကို ဖြုံ့ဖြိုးတင်ပြခြင်း

(စ) ၂၁ ရာစု ကျွမ်းကျင်မှုများ (21st Century Skills) နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ (Soft Skills)

(ဆ) အလယ်တန်းနှင့်အထက်တန်းအဆင့် စာသင်ခန်းများအတွင်း လူမှုရေးရှုထောင့်များကိုဖြုံ့ဖြိုးတင်ပြခြင်း

(ဇ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ်တစ်နှစ်စာ သင်ခန်းစာအစီအစဉ် (Year Plan)

(က) **ကျောင်းသားဗဟိုပြု သင်ကြားနည်းပညာကို ဖြုံ့ဖြိုးတင်ပြခြင်း**- ကျောင်းသားဗဟိုပြုသင်ကြားသည့် အလယ်တန်းနှင့် အထက်တန်းအဆင့် စာသင်ခန်းများတွင် အောက်ဖော်ပြပါအဓိကအချက်များကို လေ့လာတွေ့ရှိနိုင်ပါသည်။

DBE BOX - Copyright Protected

- သင်ခန်းစာများသည် စိတ်ဝင်စားဖွယ်ကောင်းပြီး ကျောင်းသားများ၏ လက်တွေ့ဘဝနှင့် ဆီလျော်၍ အဓိပ္ပာယ်ရှိသည်။
- ကျောင်းသားများသည် တက်ကြွစွာသင်ယူကြပြီး အတန်းဖော်များနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။
- ဆရာများသည် ကျောင်းသားများအတွက် လက်တွေ့ဘဝတွင်တွေ့ကြုံရမည့် အခက်အခဲပြဿနာများကို ဖြေရှင်းရသည့်အခြေအနေများနှင့် စိန်ခေါ်မှုများဖန်တီးပေးသည်။
- ကျောင်းသားများသည် ပြဿနာဖြေရှင်းခြင်း (problem solving)နှင့် အဆင့်မြင့်ဆန်းစစ်တွေးခေါ်ခြင်း (higher level critical thinking) ဆိုင်ရာ ကျွမ်းကျင်မှုများ ဖွံ့ဖြိုးလာသည်။
- ဆရာက ကျောင်းသားများအား ရှင်းပြသည်။ မေးခွန်းများမေးသည်။ နားထောင်သည်။ ကျောင်းသားများက ဆွေးနွေးကြသည်။ မေးခွန်းများမေးကြသည်။ နားထောင်ကြသည်။


(ခ) **ထိရောက်သောသင်ကြားသင်ယူမှုအတွက်အခြေခံစည်းမျဉ်းများ**- ထိရောက်သော သင်ကြားသင်ယူမှုတွင် ဆရာနှင့် ကျောင်းသားများအတူတကွ အောက်ပါတို့ကိုဆောင်ရွက်ကြသည်။

- ကျောင်းသားများအတွက် ဆရာက သင်ယူမှုကို ရှင်းလင်းအောင် ဆောင်ရွက်ပေးသည်။ ⇨ **သင်ခန်းစာအကြောင်းအရာနှင့် အသိပညာ**
- ဆရာနှင့် ကျောင်းသားများသည် သင်ကြားသင်ယူမှုဆိုင်ရာ ချဉ်းကပ်နည်းမျိုးစုံ အသုံးပြုကြသည်။ ⇨ **သင်ကြားနည်းပညာ**
- ပုံမှန်အားဖြင့် ဆရာနှင့် ကျောင်းသားများသည် တိကျရှင်းလင်းသော အကြံပြုချက်(feedback)များကို အပြန်အလှန်ပေးကြသည်။ ⇨ **စစ်ဆေးအကဲဖြတ်ခြင်း**

**သင်ယူမှုရလဒ်များ** (Learning Outcomes)- သင်ယူမှုအချိန်ကာလတစ်ခုအဆုံး၌ ကျောင်းသားများအား မည်သည့်အသိပညာ၊ ကျွမ်းကျင်မှု၊ စိတ်နေသဘောထား၊ တန်ဖိုးထားမှုများကိုသိရှိသွားစေရန်၊

နားလည်သွားစေရန်၊ပြုလုပ်နိုင်စေရန် မျှော်မှန်းထားသည်ကို ရှင်းလင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုထားသော ဖော်ပြချက်များပါရှိသည် (သင်ခန်းစာအစီအစဉ်များ (lesson plans) ကိုကြည့်ပါ)။

(ဂ) **ဘလွန်းမ်၏သင်ယူမှုအဆင့်ခွဲခြင်း** (Bloom's Taxonomy)- အလယ်တန်းနှင့်အထက်တန်းအဆင့် ကျောင်းသားများတွင် အဆင့်မြင့်စဉ်းစားတွေးခေါ်မှုစွမ်းရည်များ (higher order thinking skills) ဖွံ့ဖြိုး တိုးတက်စေရေးအတွက် သင်ခန်းစာအစီအစဉ်များ (lesson plans)နှင့် သင်ယူမှုလုပ်ငန်းများ (activities) တွင် ဘလွန်းမ်၏ သင်ယူမှုအဆင့်များထည့်သွင်းထားသည်။ သင်ခန်းစာအစီအစဉ်များ တွင် ယင်းအဆင့်များကို ဖော်ပြသည့် အဓိကစကားလုံးများ (မှတ်မိသည်၊ နားလည်သည်၊ အသုံးချသည်၊ စိစစ်ပိုင်းခြားသည်၊ အကဲဖြတ်သည်၊ တီထွင်ဖန်တီးသည် အစရှိသည်) ကို ရှာဖွေကြည့်ပါ။




**ဘလွန်းမ်၏သင်ယူမှုအဆင့်များပြပုံ**

DBE BOX Copyright Protected

(ဃ) **သင်ခန်းစာသင်ကြားခြင်းအဆင့်ဆင့်တွင်မေးမြန်းနိုင်သောမေးခွန်းများ**- ဆရာသည် သင်ခန်းစာ၏ အစ၊ အလယ်၊ အဆုံးအဆင့်များတွင် အောက်ဖော်ပြပါ မေးခွန်းများကို မေးမြန်းဆန်းစစ်သင့်ပါသည်။

<u>သင်ခန်းစာအစတွင် -</u>

- ယခုသင်မည့် သင်ခန်းစာပြီးဆုံးသွားလျှင် ကျောင်းသားများသည် မည်သည့်ကျွမ်းကျင်မှုများနှင့် အသိပညာများကို သင်ယူရရှိသွားမည်နည်း။
- စီစဉ်ထားသော သင်ယူမှုလုပ်ငန်းများကို လုပ်ဆောင်ရန် ကျောင်းသားများကို မည်သို့စုစည်းမည်နည်း။
- ဆရာသည် မည်သည့်သတင်းအချက်အလက်များ လိုအပ်သနည်း။ ကျောင်းသားများသည် မည်သည့် သတင်းအချက်အလက်များ လိုအပ်သနည်း။
- ဆရာသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများ လိုအပ်သနည်း။ ကျောင်းသား များသည် မည်သည့်ကိရိယာ/သင်ထောက်ကူပစ္စည်းများလိုအပ်သနည်း။
- သင်ထောက်ကူပစ္စည်းများကို မည်သို့ရရှိစုစည်းပြီး အသုံးပြုမည်နည်း။
- မည်သည့် ရလဒ်ရလိမ့်မည်ဟု သင်ထင်သနည်း။

<u>သင်ခန်းစာအလယ်တွင် -</u>

- သင်ခန်းစာ/သင်ယူမှုလုပ်ငန်းသည် မျှော်မှန်းထားသကဲ့သို့ဖြစ်နေမှု ရှိ၊ မရှိ။
- ကျောင်းသားများက သင်ခန်းစာကို နားလည်စေရေးအတွက် အထောက်အကူပြုနိုင်ရန် ဆရာအနေဖြင့် လိုအပ်သော အခြားသတင်းအချက်အလက်များ ရှိ၊ မရှိ။

<u>သင်ခန်းစာအဆုံးတွင် -</u>

- မျှော်မှန်းထားသည့်အတိုင်း ဆရာ၏ သင်ကြားမှုလုပ်ငန်း ပြီးမြောက်ခဲ့ခြင်း ရှိ၊ မရှိ။
- သင်ခန်းစာသည် ကျောင်းသားများကို စဉ်းစားတွေးခေါ်နိုင်သည့် အခြားမေးခွန်းများထွက်ပေါ်စေခဲ့ခြင်း ရှိ၊ မရှိ။
- အခြားသင်နည်းတစ်မျိုးနှင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ရှိ၊ မရှိ။
- ဆရာ သို့မဟုတ် ကျောင်းသားများသည် ဤသင်ခန်းစာမှ မည်သည်တို့ကို သင်ယူနိုင်ခဲ့ကြသနည်း။
- ဆရာ၏ သင်ကြားမှုသည် ကျောင်းသားတစ်ဦးချင်းစီ၏ သင်ခန်းစာပါ သဘောတရားများ နားလည်မှုကိုစစ်ဆေးရန် အထောက်အကူဖြစ်ခဲ့ခြင်း ရှိ၊ မရှိ။
- ဤသင်ခန်းစာကိုလည်းကောင်း နောင်သင်ကြားမည့် သင်ခန်းစာကိုလည်းကောင်း ပိုမိုကောင်းမွန်စေရန် မည်သည်တို့ကို ထည့်သွင်းသင်ကြားရန် လိုအပ်မည်နည်း။

(င) **စာသင်ခန်းအဆင့်တတ်မြောက်မှုစစ်ဆေးအကဲဖြတ်ခြင်းကိုမြှင့်တင်ပြခြင်း**- သင်ယူမှုအတွက် စစ်ဆေးအကဲဖြတ်မှုအားလုံး၏ ၉၀% ကို သင်ကြားနေစဉ်အတွင်း ဆောင်ရွက်ခြင်းဖြစ်သည်။ ကျောင်းသားနှင့် ဆရာတို့အား အကြံပြုချက်များ (feedback) ချက်ချင်းပေးရန်အတွက် စာသင်ခန်းအဆင့်စစ်ဆေး အကဲဖြတ်ခြင်းကို အသုံးပြုသည်။ ဤစစ်ဆေးအကဲဖြတ်ခြင်းသည် ကျောင်းသားများအား ရှေ့ဆက်အောင်မြင်စွာ သင်ယူလိုပါက နောင်တွင် မည်သို့သင်ယူရန်လိုအပ်သည်ကို ခွဲခြားသိရှိနိုင်စေရန် ကူညီပေးသည်။ ဆရာများသည် ထိရောက်သော သင်ကြားရေးနည်းဗျူဟာများနှင့် ထိရောက်မှုနည်းသော သင်ကြားရေးနည်းဗျူဟာများကို ခွဲခြားသတ်မှတ်ရန် သင်ကြားနေစဉ်အတွင်း လေ့လာကြည့်ရှုခြင်းများ ပြုလုပ်နိုင်သည်။

(စ) **၂၁ရာစုကျွမ်းကျင်မှုများ** (21st Century Skills)**နှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ** (Soft Skills)- လူငယ်များသည်ရှုပ်ထွေးသော ကမ္ဘာလောကကြီးတွင် လျှောက်လှမ်းရမည့်ဘဝခရီးနှင့် အလုပ်ခွင်အတွက် ၂၁ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများလိုအပ်ပါသည်။ C-၅လုံး (5 C's) သို့မဟုတ် သင်ယူမှုအတွက်အရေးကြီးသောကျွမ်းကျင်မှုများမှာ-

- **ပူးပေါင်းဆောင်ရွက်ခြင်း** (<u>C</u>ollaboration)/ အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း (Group Work)- ကျောင်းသားများအား အုပ်စုဖြင့်လုပ်ငန်းဆောင်ရွက်တတ်ရန်၊ အတွေးအခေါ်များ မျှဝေခြင်းနှင့် အဖြေများ အတူရှာဖွေတတ်ရန်အားပေးသည်။
- **ဆက်သွယ်ပြောဆိုခြင်း** (<u>C</u>ommunication)- နှုတ်အားဖြင့်၊ ကိုယ်ဟန်အမူအရာအားဖြင့် ဆက်သွယ်ခြင်း၊ စာဖတ်ခြင်း၊ စာရေးခြင်း၊ စကားပြောခြင်း၊ နားထောင်ခြင်းတို့ဖြစ်သည်။
- **လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်းနှင့် ပြဿနာဖြေရှင်းခြင်း** (<u>C</u>ritical Thinking and Problem Solving)- ကျောင်းသားများအား ပြဿနာများ၏အဖြေများကိုရှာဖွေခြင်းနှင့် အမှားပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခွင့်ပေးသည်။
- **တီထွင်ဖန်တီးခြင်း** (<u>C</u>reativity and Innovation)- အတွေးအခေါ်အယူအဆသစ်များ ရှာဖွေခြင်းနှင့် ပြဿနာများကို ဖြေရှင်းခြင်းတို့ပြုလုပ်ရန် 'ဘောင်ခတ်ထားသည့်အခြေအနေ'မှ ပြင်ပသို့ထွက်၍ တွေးခေါ်စေခြင်းဖြစ်သည်။
- **နိုင်ငံ့သားကောင်းဖြစ်ခြင်း** (<u>C</u>itizenship)- ကျောင်းလူမှုအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်လုပ်ဆောင်ခြင်း၊ တရားမျှတခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းစိတ်ဓာတ်ရှိခြင်းတို့ဖြစ်သည်။

DBE BOX - Copyright Protected

(ဆ) **အလယ်တန်းနှင့်အထက်တန်းအဆင့်စာသင်ခန်းများအတွင်းလူမှုရေးရှုထောင့်များကိုခြုံငုံတင်ပြခြင်း** (ကျား-မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှု)- အမျိုးသားပညာရေးဥပဒေ(၂၀၁၄)၌သင်ရိုးညွှန်းတမ်းသည်မတူကွဲပြားခြားနားခြင်း(diversity)ကိုနားလည်လက်ခံသော၊ တန်းတူညီမျှမှု (equality)ကို အလေးထားသော၊ ဒီမိုကရေစီအလေ့အကျင့်နှင့် လူ့အခွင့်အရေး (human rights) ဆိုင်ရာစံနှုန်းများကို တန်ဖိုးထားသော နိုင်ငံသားကောင်းများမွေးထုတ်ပေးနိုင်ပြီး တိုင်းရင်းသား မျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသောစာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဓလေ့ထုံးစံနှင့် သမိုင်းအမွေအနှစ်တို့ကို မြှင့်တင်နိုင်စွမ်းရှိသည့်အပြင် နိုင်ငံတကာပညာရေးသင်ရိုးညွှန်းတမ်းများနှင့် လိုက်လျောညီထွေရှိရမည်ဟု ဖော်ပြထားသည်။

- အခြေခံစည်းမျဉ်းအနေဖြင့် စာသင်ခန်းများသည် ကျား-မ၊ လူမျိုးစု၊ လူမှုရေးအဆင့်အတန်းနှင့် မသန်စွမ်းမှုတို့ကို မခွဲခြားဘဲ ကျောင်းသားအားလုံး အကျုံးဝင် (inclusive)စေရန် ဖြစ်သည်။ အားလုံးအကျုံးဝင်ပြီး သာတူညီမျှမှု (equity) ရှိသော ကျောင်းပတ်ဝန်းကျင်သည် ကျောင်းသားတစ်ဦးစီ၏ ကိုယ်ပိုင်လက္ခဏာနှင့် တန်ဖိုးထားမှုကို ထိန်းသိမ်းပြီး အခြားသူများနှင့်မတူ ကွဲပြားခြားနားမှုကို နားလည်အသိအမှတ်ပြုကာ ကျောင်းသားအားလုံး ပညာသင်ကြားခွင့်ရစေမည်ဖြစ်သည်။

- နိုင်ငံသားကောင်းဖြစ်စေရန် စေ့ဆော်ပေးသည့် လိုလားဖွယ်ရာ အပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများပါသည့် မိမိ၏လုပ်ရှားဆောင်ရွက်မှုများကို နမူနာကောင်းများအဖြစ် ဆရာသည် ကျောင်းသားများအား ပြသရန်လိုအပ်ပါသည်။ ယင်းအပြုသဘောဆောင်သည့် သဘောထားများနှင့် တန်ဖိုးထားမှုများသည် ကျောင်းသားများတွင် နိုင်ငံသားကောင်းစိတ်ဓာတ်များ ပေါက်ဖွားလာစေမည်ဖြစ်သည်။

- ထို့အပြင် ဆရာသည် မိမိ၏စာသင်ခန်းအတွင်း လူမှုရေးဘက်လိုက်မှုများကို သတိပြုရှောင်ကြဉ်ရမည်။ ယင်းတို့မှာ တရားသေစွဲမှတ်ထားသောအခန်းကဏ္ဍများ (stereotyped roles)၊ မတူညီသောယဉ်ကျေးမှုနှင့်မတူညီသောလူမျိုးစု နိုင်ငံသားများအကြား ခွဲခြားဆက်ဆံမှုများ၊ လူမှုရေးအဆင့်အတန်းအရ ဘက်လိုက်မှုများ၊ ရိုးရာဓလေ့ထုံးစံများနှင့် တန်ဖိုးထားမှုများကို လျစ်လျူရှုခြင်းတို့ဖြစ်သည်။

ဆရာသည် မိမိ၏ စာသင်ခန်း၊ သင်ခန်းစာများ၊ ကျောင်းပတ်ဝန်းကျင်တို့တွင် သာတူညီမျှမှုနှင့် အားလုံးအကျုံးဝင်မှုကို အားကောင်းစေသည့် အခြားဥပမာများ၊ အခွင့်အလမ်းများကို ရှာဖွေပါ။ ကျောင်းသား အားလုံးကိုတန်ဖိုးထားလေးစားရေးအတွက် ကျောင်းရှိ အခြားဆရာများနှင့်လည်း မိမိ၏စိတ်ကူးများကို မျှဝေဆွေးနွေးနိုင်သည်။

(ဓ) သင်ရိုးမာတိကာ (Syllabus) နှင့် စာသင်နှစ် တစ်နှစ်စာသင်ခန်းစာ အစီအစဉ် (Year Plan) ဆဋ္ဌမတန်း၊ စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်သင်ရိုးမာတိကာ၊ စာသင်နှစ် တစ်နှစ်စာသင်ခန်းစာ အစီအစဉ်(Year Plan)နှင့် သင်ခန်းစာ ခေါင်းစဉ်အလိုက် အချိန်ခွဲဝေမှုတို့ကို ဇယားများဖြင့်ဖော်ပြထားသည်။

DBE BOX - Copyright Protected

ဆဋ္ဌမတန်း Grade-6 စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ် သင်ရိုးမာတိကာ (Syllabus)

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှု ရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| လူမှုကျင့်ဝတ်များ | • တန်ဖိုးထားလေးစားအပ်သောမြန်မာ့ယဉ်ကျေးမှုအလေ့အကျင့်ကောင်းများကိုနားလည်ပြီး မိသားစုအတွင်း အသုံးပြုတတ်မည်။ | • မိသားစုအတွင်းယဉ်ကျေးသော အပြုအမူများကို နားလည်ပြီးနေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။ | • မိသားစုအတွင်းတွင် လိုက်နာကျင့်သုံးသင့်သောအပြုအမူများကို စာရင်းပြုစုတတ်မည်။ |
| | • တန်ဖိုးထားလေးစားအပ်သော ကိုယ်ကျင့်တရားနှင့် ရိုသေလေးစားမှုကို နားလည်ပြီးမိသားစု အတွင်းလက်တွေ့ကျင့်သုံး တတ်မည်။ | • မိသားစုဝင်များအကြား ရိုသေလေးစားမှုများကို ဖော်ထုတ်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။ | • မိသားစုဝင်များအကြားတွင် ရိုသေလေးစားမှုကို ဖော်ပြသော အပြုအမူကောင်းများကိုဖော်ထုတ်တတ်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးနိုင်မည်။ |
| | • တန်ဖိုးထားလေးစားအပ်သောကိုယ်ကျင့်တရားနှင့် ရိုးသားဖြောင့်မတ်မှုကို နားလည်ပြီး မိသားစုအတွင်းလက်တွေ့ကျင့်သုံးတတ်မည်။ | • မိသားစုအတွင်း မည်သို့ ရိုးသားဖြောင့်မတ်စွာ နေထိုင်ရမည်ကိုရှင်းပြတတ်လာမည်။<br>• ရိုးသားဖြောင့်မတ်သူတစ်ဦး ဖြစ်လာရန်အတွက်လိုအပ်သောအရည်အချင်းများကို ဖော်ထုတ်တတ်လာပြီး နေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံးတတ်လာမည်။ | • ရိုးသားဖြောင့်မတ်သူတစ်ဦး ဖြစ်လာရန်အတွက် လိုအပ်သောအရည်အချင်းများကို ဖော်ထုတ်တတ်ပြီးနေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံးတတ်မည်။<br>• မိသားစုအတွင်းမည်သို့ ရိုးသားဖြောင့်မတ်စွာ နေထိုင်ရမည်ကို ရှင်းပြနိုင်မည်။ |
| | • တန်ဖိုးထားလေးစားအပ်သောမြန်မာ့ယဉ်ကျေးမှုအလေ့အကျင့်ကောင်းများကို နားလည်ပြီး မိသားစုအတွင်း အသုံးပြုတတ်မည်။ | • မိသားစုအတွင်းချစ်ခင်မြတ်နိုးတန်ဖိုးထားရမည့်အပြုအမူများကို လေ့လာပြီးထိုအပြုအမူများကိုနေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။ | • မိသားစုအတွင်းတွင် လိုက်နာကျင့်သုံးသင့်သော အပြုအမူများကို စာရင်းပြုစုတတ်မည်။ |

DBE BOX - Copyright Protected

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှု ရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| အခွင့်အရေးနှင့်တာဝန် | • အိမ်တွင်မိမိနှင့်သက်ဆိုင်သော တာဝန်များကို လုပ်ဆောင်တတ်မည်။ | • အခွင့်အရေးနှင့် တာဝန်၏ အဓိပ္ပာယ်ကို ရှင်းပြတတ်မည်။<br>• မိသားစု၏အဓိပ္ပာယ်နှင့် မိသားစုအတွင်း တာဝန်ခွဲဝေယူခြင်းသည် အရေးကြီးကြောင်း ရှင်းပြတတ်မည်။<br>• မိသားစုအတွင်းမိမိတို့၏အခွင့်အရေးများကို ဖော်ပြနိုင်ပြီးတာဝန်ယူမှုများနှင့် အခန်းကဏ္ဍများကိုခွဲခြားတတ်လာမည်။<br>• ကျောင်း၌ မိမိတို့ရရှိသင့်သောအခွင့်အရေးများကို ဖော်ထုတ်နိုင်ပြီးထိုအခွင့်အရေးများနှင့် ယှဉ်တွဲနေသော တာဝန်များကိုလည်း လက်တွေ့ဘဝတွင် ဆောင်ရွက်တတ်လာမည်။<br>• မိမိနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားပြီးဘိုးဘွားအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတို့တွင် အပြည့်အဝ တာဝန်ရှိကြောင်း သိရှိနားလည်၍ တာဝန်ယူစိတ်များ ဖြစ်လာပေမည်။ | • မိသားစု၏အဓိပ္ပာယ်ကို ရှင်းပြတတ်၍ မိသားစုအတွင်းတာဝန်မျှဝေခြင်းသည် အရေးကြီးကြောင်း ရှင်းပြတတ်မည်။<br>• မိမိအိမ်တွင်ရရှိသော အခွင့်အရေးနှင့် တာဝန်ဝတ္တရားများကို ကို ယှဉ်တွဲတတ်မည်။ |

DBE BOX - Copyright Protected

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှု ရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| စည်းကမ်းနှင့်ဥပဒေ | • စည်းကမ်းနှင့် ဥပဒေ၏ အရေးပါပုံကို နားလည်ဖော်ပြတတ်ရန်နှင့် ဥပဒေကို လိုက်နာသောနိုင်ငံသား တစ်ဦး ဖြစ်လာရန် မည်သို့နေထိုင်ရမည်ကို ရှင်းပြတတ်မည်။ | • ကျောင်းစည်းကမ်း၏ အဓိပ္ပာယ်ကိုသိရှိနားလည်ပြီး ၎င်း၏ အရေးပါပုံကိုဆွေးနွေးတတ်မည်။<br>• ကျောင်းစည်းကမ်းများကို သိရှိလိုက်နာရမည့် အချက်များကိုဖော်ထုတ်တတ်မည်။<br>• ကျောင်းတွင်းအဖွဲ့အစည်းများစည်းကမ်းများကို သိရှိပြီး ၎င်းအဖွဲ့အစည်းများလှုပ်ရှားမှုများတွင်ပါဝင်ဆောင်ရွက်ဖြင်း၏အရေးပါပုံကို အကဲဖြတ်တတ်မည်။<br>• စည်းကမ်းနှင့်ဥပဒေကိုလေးစားလိုက်နာခြင်းသည် မိမိတစ်ဦးချင်းအတွက် ဖြစ်စေ ကျောင်း၊လူ့အဖွဲ့နှင့် နိုင်ငံအတွက် ဖြစ်စေအရေးပါကို ရှင်းပြတတ်မည်။ | • တရားဥပဒေစိုးမိုးမှု၏ အရေးကြီးပုံကိုရှင်းပြတတ်မည်။<br>• ကျောင်းစည်းကမ်းများကိုဖော်ပြတတ်မည်။ |
| ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း | • အိမ်၊ကျောင်း၊ပတ်ဝန်းကျင်တွင် ငြိမ်းချမ်းရေးကို ဖော်ဆောင်သောအပြုအမူ များကိုလုပ်ဆောင်တတ်မည်။ | • ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတတ်သောလူတစ်ယောက်၏ သဘောထားနှင့်အပြုအမူကောင်းများကို သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်မည်။ | • ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတတ်သောလူတစ်ယောက်၏ အပြုအမူ(အရည်အချင်းများ)ကို ခွဲခြားတတ်ပြီး ၎င်းအရည်အချင်းများကိုနေ့စဉ်ဘဝတွင် ကျင့်သုံးတတ်မည်။ |

DBE BOX - Copyright Protected

| နယ်ပယ် (Strand) | သင်ယူမှု ရည်ရွယ်ချက်များ (Learning Objectives) | သင်ယူမှု ရလဒ်များ (Learning Outcomes) | တတ်မြောက်မှု အညွှန်းကိန်းများ (Achievement Indicators) |
|---|---|---|---|
| | | • မိသားစုအတွင်း ဖြစ်လေ့ဖြစ်ထရှိသော အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့်နည်းလမ်းများ အကြံပြုတတ်မည်။<br>• ကျောင်းတွင်ဖြစ်လေ့ဖြစ်ထရှိသော အငြင်းပွားမှုများကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့်နည်းလမ်းများ အကြံပြုတတ်မည်။<br>• ကျောင်းတွင်ငြိမ်းချမ်းစွာ နေထိုင်တတ်မည်။ | • အိမ်တွင်ဖြစ်လေ့ဖြစ်ထရှိသောပြဿနာများကို ဖော်ပြပြီး ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့်နည်းလမ်းများကို အကြံပြုတတ်မည်။<br>• ကျောင်း၏ လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်တတ်မည်။<br>• ပူပေါင်းခြင်း၊ဆက်သွယ်ခြင်း၊ဖန်တီးခြင်းစသောအလေ့အကျင့်များကို ဖော်ပြနိုင်မည်။ |

DBE BOX - Copyright Protected

စာသင်နှစ်တစ်နှစ်စာသင်ခန်းစာ အစီအစဉ် (Year Plan)နှင့် သင်ခန်းစာအလိုက် အချိန်ခွဲဝေမှု

| သီတင်းပတ် | သင်ချိန် ပေါင်း | အခန်း (နယ်ပယ်) | သင်ခန်းစာခေါင်းစဉ် နယ်ပယ်ခွဲ | အဓိကအကြောင်းအရာ/ခေါင်းစဉ်ခွဲများ |
|---|---|---|---|---|
| ၁ | ၅ | အခန်း (၁) လူမှုကျင့်ဝတ် | (၁.၁) မိသားစုတွင်း ယဉ်ကျေးခြင်း | ယဉ်ကျေးသိမ်မွေ့ခြင်း |
| | | | | အိမ်၌ယဉ်ကျေးခြင်း |
| ၂ | | | | ယဉ်ကျေးပျူငှာကိုယ်နှုတ်အမူအရာ |
| | | | | ကျေးဇူးတင်ပါတယ် |
| ၃ | | | | ပိုစတာဖန်တီးခြင်း |
| | ၄ | | (၁.၂) ရိုသေလေးစား ဝတ္တရား | မိဘနှင့်သားသမီးကြားအပြန်အလှန် ရိုသေလေးစားမှု |
| ၄ | | | | ညီအစ်ကိုမောင်နှမအချင်းချင်း အပြန်အလှန်ရိုသေလေးစားမှု |
| | | | | ကူညီဖြေရှင်းကြမယ် |
| ၅ | | | | ရိုသေလေးစားမှုကိုနေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးခြင်း |
| | ၄ | | (၁.၃) ရိုးသားဖြောင့် မတ်ခြင်း | ရိုးသားခြင်းသစ်ပင် |
| ၆ | | | | ရိုးသားဖြောင့်မတ်ခြင်းဆိုင်ရာအဆိုများ |
| | | | | ရိုးသားဖြောင့်မတ်သူ၏အရည်အသွေးများ |
| ၇ | | | | ရိုးသားဖြောင့်မတ်သူ၏အရည်အသွေးများ နှင့်ဖြစ်ရပ်လေ့လာခြင်း |
| | ၂ | | (၁.၄) အေးချမ်းသာယာ မိသားစုကမ္ဘာ | ချစ်ခင်မြတ်နိုးဖွယ်အမူအကျင့်ကောင်းများ |
| ၈ | | | | မေတ္တာတရားကို မိသားစုတွင် လက်တွေ့ကျင့်သုံးခြင်း |
| | ၁ | | အခန်း၁ကို ပြန်လည်သုံးသပ်ခြင်း | |
| ၉ | ၃ | အခန်း (၂) အခွင့်အရေးနှင့် တာဝန် | (၂.၁)အခွင့်အရေး နှင့်တာဝန်မိတ်ဆက် | အခွင့်အရေး နှင့်တာဝန်မိတ်ဆက် |
| | | | | အခွင့်အရေး နှင့်တာဝန်မိတ်ဆက် (အဆက်) |
| ၁၀ | | | | ဖြစ်ရပ်လေ့လာခြင်း |
| | ၅ | | (၂.၂)မိသားစုအတွင်း အခွင့်အရေးနှင့်တာဝန် များ | မိသားစုအတွင်း အခွင့်အရေးနှင့်တာဝန်များ |
| ၁၁ | | | | ပျော်စရာကောင်းသော မိသားစု |
| | | | | ဖြစ်ရပ်လေ့လာခြင်း |
| ၁၂ | | | | ဇာတ်ဟန်ခင်းကျင်းခြင်း |
| | | | | ဇာတ်ဟန်ခင်းကျင်းခြင်း |
| ၁၃ | ၄ | | (၂.၃)ကျောင်းသားများ၏ အခွင့်အရေးနှင့် တာဝန် | ကျောင်းသားများ၏အခွင့်အရေးနှင့်တာဝန် |
| | | | | လုပ်ငန်းပေးခြင်း |

DBE BOX - Copyright Protected

| | | | | |
|---|---|---|---|---|
| ၁၄ | | | စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်း | |
| ၁၅ | | | စာမေးပွဲအတွက် လျာထားစာသင်ချိန် | |
| ၁၆ | | | | လုပ်ငန်းပေးခြင်း |
| | | | | လုပ်ငန်းပေးခြင်း |
| ၁၇ | ၄ | | (၂.၄) တို့ချစ်တဲ့တို့နိုင်ငံ | တို့ချစ်တဲ့တို့နိုင်ငံ |
| | | | | ထာဝရမြန်မာသီချင်း |
| ၁၈ | | | | ဖြစ်ရပ်လေ့လာခြင်း |
| | | | | ဘိုးမွေဘွားမွေကဗျာ |
| ၁၉ | ၁ | | အခန်း(၂)ကိုပြန်လည်သုံးသပ်ခြင်း | |
| | ၂ | အခန်း(၃) စည်းကမ်းနှင့် ဥပဒေ | (၃.၁) ကျောင်းစည်းကမ်း နှင့်စာသင်ခန်း စည်းကမ်းများ | ကျောင်းစည်းကမ်း |
| ၂၀ | | | | စာသင်ခန်းစည်းကမ်းများ |
| | ၂ | | (၃.၂)ကျောင်းကောင်စီ | ကျောင်းကောင်စီ |
| ၂၁ | | | | ကျောင်းကောင်စီ(အဆက်) |
| | ၃ | | (၃.၃) စည်းမျဉ်းစည်းကမ်း နှင့်ဥပဒေ၏ အရေးကြီးမှု | စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေကို လိုက်နာရန် လိုအပ်ခြင်း |
| ၂၂ | | | | စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေကို လိုက်နာရန် လိုအပ်ခြင်း(အဆက်) |
| | | | | နိုင်ငံ့ဥပဒေနှင့်စည်းမျဉ်းစည်းကမ်း၏ အရေးပါမှု |
| ၂၃ | ၁ | | အခန်း(၃)ကို ပြန်လည်သုံးသပ်ခြင်း | |
| | ၄ | အခန်း(၄) ငြိမ်းချမ်းစွာ အတူတွဲယှဉ် တွဲနေထိုင်ခြင်း | (၄.၁)ငြိမ်းချမ်းရေး မိတ်ဆက် | ငြိမ်းချမ်းရေး၊ အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခ |
| ၂၄ | | | | နှိမ့်ချခြင်းအကျိုး |
| | | | | ငြိမ်းချမ်းရေးမြတ်နိုးသူတစ်ဦး၏ သဘောထားနှင့် အပြုအမူကောင်းများ |
| ၂၅ | | | | ငြိမ်းချမ်းရေးမြတ်နိုးသူတစ်ဦး၏ သဘောထားနှင့် အပြုအမူကောင်းများ(အဆက်) |
| | ၄ | | (၄.၂)ငြိမ်းချမ်းရေး ကို မြတ်နိုးခြင်း | ထင်းစည်းဥပမာ |
| ၂၆ | | | စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်း | |
| ၂၇ | | | စာမေးပွဲအတွက် လျာထားစာသင်ချိန် | |
| ၂၈ | | | | ပဋိပက္ခဖြေရှင်းရန်နည်းလမ်းများ |
| | | | | ဖြစ်ရပ်လေ့လာခြင်း |
| ၂၉ | | | | ငြိမ်းချမ်းရေးအထိမ်းအမှတ်သင်္ကေတများ |
| | ၂ | | (၄.၃)စုပေါင်းစွမ်းအား ကောင်းကျိုးပွား | ဝမ်းဗိုက်နှင့်ကိုယ်အင်္ဂါအစိတ်အပိုင်းများ |
| ၃၀ | | | | ညီညာဖြဖြလှော်ခတ်ကြလော့ |
| | ၁ | | အခန်း(၄)ကိုပြန်လည်သုံးသပ်ခြင်း | |

DBE BOX - Copyright Protected

| | | | |
|---|---|---|---|
| ၃၁ | ၂ | | အရန်စာသင်ချိန် |
| ၃၂ | ၂ | | အရန်စာသင်ချိန် |
| ၃၃ | ၂ | | အရန်စာသင်ချိန် |
| ၃၄ | ၂ | | အရန်စာသင်ချိန် |
| ၃၅ | | | စာမေးပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်း |
| ၃၆ | | | စာမေးပွဲအတွက် လျာထားစာသင်ချိန် |

- တစ်နှစ်အတွင်း စာသင်ချိန် သီတင်းပတ်ပေါင်း ၃၆ ပတ်
- တစ်နှစ်အတွင်း စာသင်ချိန် စုစုပေါင်း ၇၂ ချိန်
- လျာထားစာသင်ချိန် ၅၂ ချိန်
- စာမေးပွဲအတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့် စာမေးပွဲအတွက်လျာထားစာသင်ချိန် ၁၂ ချိန်
- အရန်စာသင်ချိန် ၈ ချိန်

**၂။ သင်ခန်းစာအစီအစဉ်များ** (Lesson Plans)

သင်ခန်းစာအစီအစဉ်များတွင် သင်ယူမှုရလဒ်၊ သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း၊ ဖွံ့ဖြိုးစေမည့် ကိုယ်ရည်ကိုယ်သွေး ကျွမ်းကျင်မှုများ၊ သင်ကြားသင်ယူမှုဖြစ်စဉ် (သင်ခန်းစာမိတ်ဆက်ခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ ပြန်လှည့်သုံးသပ်ခြင်း- I-T-P-R)၊ သင်ယူမှုနှင့် စဉ်းစားတွေးခေါ်ခြင်းကို အားဖြည့်ရန် နောက်ဆက်တွဲလုပ်ငန်းများ၊ စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းများ၊ အဓိကအချက်များနှင့် ဆရာ့အတွက်မှတ်စု ပါဝင်သည်။

သင်ခန်းစာခေါင်းစဉ်တိုင်းတွင် သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း၊ သင်ကြားခြင်း၊ လေ့ကျင့်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းဟူသော အဆင့်(၄)ဆင့်ပါရှိမည်။ (သင်ခန်းစာကိုလိုက်၍ အနည်းငယ်ကွဲပြားနိုင်သည်။)

- I သင်ခန်းစာမိတ်ဆက်ခြင်း/နိဒါန်းပျိုးခြင်း (Introduction)
- T သင်ကြားခြင်း (Teach)/သင်ကြားမှုလုပ်ငန်း/နမူနာပြခြင်းတို့နှင့်ဆက်စပ်သည့်စကားလုံး
- P လေ့ကျင့်ခြင်း (Practice)
- R ပြန်လည်သုံးသပ်ခြင်း (Review) (နောက်ဆက်တွဲလုပ်ငန်းများပါဝင်နိုင်သည်။)

| | | |
|---|---|---|
| I | သင်ခန်းစာမိတ်ဆက်ခြင်း/ နိဒါန်းပျိုးခြင်း (Introduction) | ငြိမ်းချမ်းရေးမိတ်ဆက် သင်ခန်းစာသင်ကြားရန် တွေး-တွဲ-မျှဝေ(Think-Pair-Share) နည်းဖြင့်ဆောင်ရွက်ခြင်း<br>ဥပမာ အောက်ပါမေးခွန်းများကို တွေး-တွဲ-မျှဝေ (Think-Pair–Share) နည်းဖြင့် ဆောင်ရွက်ပါ။<br>(က) မိသားစုဝင်အချင်းချင်းမသင့်မြတ်မှုများ ကြုံတွေ့ဖူးပါသလား။<br>(ခ) မိသားစုဝင်အချင်းချင်းမသင့်မြတ်ပါက မည်သို့ခံစားရပါသနည်း။<br>(ဂ) မိသားစုဝင်အချင်းချင်းသင့်မြတ်ရန် မည်သို့နေထိုင်ရမည်နည်း။ |
| T | သင်ကြားခြင်း (Teach) | ဤအပိုင်းတွင် အများစုသည် ဆရာဗဟိုပြုဖြစ်မည်။ |
| P | လေ့ကျင့်ခြင်း (Practice) | ဤအပိုင်းတွင် အများစုသည် ကျောင်းသားဟိုပြုဖြစ်မည်။ |
| R | ပြန်လည်သုံးသပ်ခြင်း (Review) | ဤအပိုင်းတွင် သင်ခန်းစာအကျဉ်းချုပ်နှင့် ပြန်လည်သုံးသပ်သည့် မေးခွန်းများပါဝင်မည်။ |

သင်ကြားခြင်း-လေ့ကျင့်ခြင်း (T-P) အဆင့်များသည် သင်ခန်းစာတစ်ခုတွင် ထပ်ခါထပ်ခါဖြစ်နိုင်သည်။ ဥပမာ-

I နိဒါန်းပျိုးခြင်း → T သင်ကြားခြင်း → P လေ့ကျင့်ခြင်း → T သင်ကြားခြင်း → P လေ့ကျင့်ခြင်း → R ပြန်လည်သုံးသပ်ခြင်း

DBE BOX - Copyright Protected

# အခန်း(၁)
# လူမှုကျင့်ဝတ်

**သင်ယူမှုရလဒ်များ**

ဤအခန်းပြီးဆုံးသောအခါ ကျောင်းသားများသည်

- မိသားစုအတွင်း ယဉ်ကျေးသောအပြုအမူများကို နားလည်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။
- မိသားစုဝင်များကြားတွင် အပြန်အလှန်ရိုသေလေးစားမှုများကို ဖော်ထုတ်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။
- မိသားစုအတွင်း ရိုးသားဖြောင့်မတ်စွာ မည်သို့နေထိုင်ရမည်ကို ရှင်းပြတတ်လာမည်။
- ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်လာရန်အတွက် လိုအပ်သောအရည်အချင်းများကို ဖော်ထုတ်တတ်လာပြီး နေ့စဉ်ဘဝတွင်လိုက်နာကျင့်သုံးတတ်လာမည်။
- မိသားစုအတွင်း ချစ်ခင်မြတ်နိုးတန်ဖိုးထားရမည့် အပြုအမူများကို လေ့လာပြီး ထိုအပြုအမူများကို နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်လာမည်။

**သင်ခန်းစာ(၁.၁) မိသားစုအတွင်းယဉ်ကျေးခြင်း** **စုစုပေါင်းစာသင်ချိန် ၅ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ** **တစ်ချိန် ၄၅ မိနစ်**

- ယဉ်ကျေးသည့် အပြုအမူ အပြောအဆိုများကို စဉ်းစားဆုံးဖြတ်တတ်စေရန်
- မိသားစုအတွင်းလိုက်နာသင့်သော ယဉ်ကျေးသည့်အမူအရာများကို ဖော်ပြတတ်စေရန်
- ယဉ်ကျေးသည့်အပြုအမူအပြောအဆိုများကို နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးတတ်စေရန်

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- မိသားစုအတွင်း ကျင့်သုံးသင့်သော ယဉ်ကျေးသည့်ကိုယ်အမူအရာ၊ နှုတ်အမူအရာများကို ပိုစတာ ဖန်တီးနိုင်ရန် စက္ကူကားချပ်၊ခဲတံ၊ရောင်စုံဖယောင်း၊ဆော့ပင်နှင့်နှစ်ဖက်ကပ်တိပ်တို့ကို ပြင်ဆင်ထားပါ။ အလွယ်တကူ မရနိုင်ပါက စာရွက်နှင့်ခဲတံတို့ကို အသုံးပြုနိုင်ပါသည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- မိသားစုအတွင်းယဉ်ကျေးခြင်း သင်ခန်းစာကိုသင်ကြားခြင်းဖြင့် ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီးဆွေးနွေးခြင်းနှင့် အတွေးအခေါ်များမျှဝေခြင်း(Collaboration/Group work)၊ အခြားသူများ တင်ပြမှုများကိုနားထောင်ခြင်းနှင့် မိမိတို့၏ထင်မြင်ယူဆချက်များကို ဆက်သွယ် ပြောဆိုခြင်း (Communication)၊ ယဉ်ကျေးသိမ်မွေ့သော အပြောအဆို၊အပြုအမူများကို ကိုယ်တိုင် ဝေဖန်ဆန်းစစ်ခြင်းနှင့် အခြားသူများ၏ တင်ပြချက်များကို ဝေဖန်ဆန်းစစ်ခြင်း (Critical Thinking)၊ အခြားသူများနှင့်မတူသောရှုထောင့်မှ စဉ်းစားတွေးခေါ်ခြင်း (Creative Thinking)၊ လက်တွေ့ကျင့်သုံးခြင်းဖြင့် နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship) စသော ကျွမ်းကျင်မှုများရရှိလာမည်။

**စာသင်ချိန်(၁) ယဉ်ကျေးသိမ်မွေ့ခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများကို နှစ်ယောက်တစ်တွဲ စဉ်းစားဆွေးနွေးရန် ပြောပါ။
  - လူကြီးမိဘများနှင့် စကားပြောဆိုသည့်အခါတွင် မည်သို့ပြောဆိုရမည်နည်း။
  - မိမိ၏မိသားစုဝင်များကို အဘယ်ကြောင့် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံရန် လိုအပ်သနည်း။
- ကျောင်းသားများ၏ ထင်မြင်ယူဆချက်များကိုတင်ပြခွင့်ပေးပါ။ တင်ပြချက်များအပေါ် အခြေခံ၍ သင်ခန်းစာခေါင်းစဉ်ကို မိတ်ဆက်ပေးပါ။

DBE BOX - Copyright Protected

**သင်ကြားခြင်း** (၁၀)မိနစ်

- ကျောင်းသုံးစာအုပ်ပါ ယဉ်ကျေးခြင်းအဓိပ္ပာယ်ကို ကျောင်းသားများ နားလည်သဘောပေါက်စေရန် သင်ပုန်းတွင် ရေးသား၍ရှင်းပြပါ။
- ယဉ်ကျေးသောအပြုအမူ၊အပြောအဆိုများ (ဥပမာ-ပြုံးရွှင်သောမျက်နှာအမူအရာဖြင့် မင်္ဂလာပါဟု အပြန်အလှန်နှုတ်ဆက်ကြခြင်း)ကို ကျောင်းသားများနှင့်အတူ ဆရာကသရုပ်ဆောင်ပြပါ။
- ကျောင်းသားအချင်းချင်း နှစ်ယောက်တစ်တွဲ သရုပ်ဆောင်ကြည့်ရန်ပြောပါ။ လိုအပ်ပါက ပြုပြင်ပေးပါ။

**လေ့ကျင့်ခြင်း (ဖြစ်ရပ်လေ့လာခြင်း)** (၂၀)မိနစ်

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍သင့်လျော်သလို အုပ်စုငယ်များဖွဲ့ပါ။
- ကျောင်းသုံးစာအုပ်ပါ ဖြစ်ရပ်(၁)နှင့်ဖြစ်ရပ်(၂)တို့ကို အုပ်စုလိုက်လေ့လာ၍ အောက်ပါမေးခွန်းများကို ဆွေးနွေးရန် ပြောပါ။

  (က) ဖြစ်ရပ်(၁)ကိုလေ့လာပြီး သင်၏စိတ်တွင်မည်သို့ခံစားရသနည်း။

  (ခ) ဖြစ်ရပ်(၂)ကိုလေ့လာပြီး သင်၏စိတ်တွင်မည်သို့ခံစားရသနည်း။

  (ဂ) ထိုဖြစ်ရပ်နှစ်ခုတွင် မည်သည့်အပြုအမူ၊ အပြောအဆိုများသည် မိသားစုဆက်ဆံရေးတွင် ကျင့်သုံးသင့်သနည်း။ အဘယ်ကြောင့်နည်း။

  (ဃ) ဖြစ်ရပ်နှစ်ခုတွင် မည်သည့်အပြုအမူ၊ အပြောအဆိုများသည် မိသားစုဆက်ဆံရေးတွင် ရှောင်ကြဉ်သင့်သနည်း။ အဘယ်ကြောင့်နည်း။

- ဆွေးနွေးပြီးနောက် မေးခွန်းများကိုဖြေဆိုရာတွင် အဖွဲ့တစ်ဖွဲ့စီမှမတူညီသောအမြင်များကို ဖော်ထုတ်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- "မိမိကိုယ်ကို ယဉ်ကျေးသိမ်မွေ့သူတစ်ယောက်ဟု ထင်မြင်ပါသလား။ အဘယ်ကြောင့်နည်း။"ဟုမေး၍ စဉ်းစားသုံးသပ်ဖြေဆိုရန်ပြောပါ။ ထို့နောက်တစ်ယောက်ချင်းစီ ဖြေဆိုရန် ပြောပါ။
- တစ်ယောက်ဖြေဆိုပြီးတိုင်း အခြားကျောင်းသားများကို မတူသောအချက်များရှိပါက တင်ပြရန်ပြောပါ။
- မိသားစုဝင်များနှင့် ဆက်ဆံရာတွင် မိမိ၏အပြုအမူ၊ အပြောအဆိုများသည် ယဉ်ကျေးသိမ်မွေ့ရန်လိုအပ်ကြောင်းကို ကျောင်းသားများအားပြောပြ၍ သင်ခန်းစာကိုနိဂုံးချုပ်ပါ။

DBE BOX - Copyright Protected

**စာသင်ချိန်(၂) အိမ်၌ယဉ်ကျေးခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကိုမေး၍သင်ခန်းစာကိုနိဒါန်းပျိုးပါ။

  (က) အတူနေမိသားစုဝင်များအတွက် မည်သည့်အလုပ်များ ကူညီဆောင်ရွက်ပေးဖူးသနည်း။

  (ခ) လူကြီးမိဘများကို တစ်စုံတစ်ခုပေးလျှင် မည်ကဲ့သို့ပေးရမည်နည်း။

  (ဂ) မိသားစုဝင်တစ်ယောက်အိပ်ပျော်နေလျှင် မည်သို့ပြုမူသင့်သနည်း။

  (ဃ) လူကြီးမိဘခေါ်လျှင် မည်သို့ထူးရမည်နည်း။

  (င) မိသားစုဝင်များနှင့်မည်သို့နေရမည်နည်း။ အဘယ်ကြောင့်နည်း။

- ကျောင်းသားများ၏ဖြေဆိုမှုကိုသင်ခန်းစာခေါင်းစဉ်နှင့်ဆက်စပ်ပေးပါ။

**သင်ကြားခြင်း** (၂၀)မိနစ်

- ကျောင်းသုံးစာအုပ် စာမျက်နှာ(၃)ပါ "ကျောင်းသားလူငယ်ထု အိမ်မှာယဉ်ကျေးမှု"ကဗျာကို ကျောင်းသားများ နားလည်လက်ခံအောင် အမေးအဖြေပြုလုပ်၍ ရှင်းပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၂၀)မိနစ်

- ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပြီး အောက်ပါမေးခွန်းများကိုဆွေးနွေးပါစေ။
  (က)လူကြီးမိဘများနှင့်ဆက်ဆံရာတွင် ကျင့်သုံးရမည့်အပြုအမူ၊ အပြောအဆိုများကို ဖော်ပြပါ။ အဘယ်ကြောင့် ထိုသို့ပြုမူပြောဆိုသင့်ပါသနည်း။
  (ခ) အိမ်၌ ယဉ်ကျေးခြင်းဆိုင်ရာ အခြားအပြုအမူများကိုဆွေးနွေးဖော်ထုတ်ပါ။
  (ဂ) ကျောင်းသားများသည် မိသားစုဝင်များနှင့်ဆက်ဆံရာတွင် ယဉ်ကျေးသောအမူအရာများ မရှိပါက မည်သို့ဖြစ်လာနိုင်သနည်း။
- အုပ်စုလိုက်တင်ပြချက်များမှ မတူညီသောအဖြေများကို သင်ပုန်းတွင် ဆရာက စာရင်းပြုစုပေးပါ။
- ကျောင်းသားများအား ၎င်းတို့၏ထင်မြင်ယူဆချက်များကို လွတ်လပ်စွာတင်ပြခွင့်ပြုပါ။ တင်ပြချက်များကို ဆီလျော်မှုရှိမရှိ တစ်တန်းလုံးဆွေးနွေးဆုံးဖြတ်ပါ။
- အတူနေ မိသားစုဝင်များကို ယဉ်ကျေးသိမ်မွေ့သော အပြုအမူ၊ အပြောအဆိုများဖြင့် ဆက်ဆံရန်လိုအပ်ကြောင်း ထပ်မံပြောပြ၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

**စာသင်ချိန်(၃) ယဉ်ကျေးပျူငှာကိုယ်နှုတ်အမူအရာ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- "ယဉ်ကျေးခြင်း"၏အဓိပ္ပာယ်ကို ပြန်လည်မေးမြန်း၍သင်ခန်းစာကို အစပျိုးပါ။ လိုအပ်ပါကထပ်မံရှင်းပြပေးပါ။

**လေ့ကျင့်ခြင်း** (၂၀)မိနစ်

- ကျောင်းသုံးစာအုပ် စာမျက်နှာ(၄)၌ ဖော်ပြထားသောပုံများတွင် ယဉ်ကျေးသည့်အပြုအမူ၊ အပြောအဆိုများကို နှစ်ယောက်တစ်တွဲဆွေးနွေး၍ ဖြည့်စွက်ရန်ပြောပါ။ ပြီးလျှင် အတန်းသို့တင်ပြရန် စီစဉ်ပေးပါ။
- အတွဲတစ်တွဲတင်ပြနေစဉ် တစ်တန်းလုံးကို သေချာစွာနားထောင်ရန်ပြောပါ။
- တင်ပြပြီးနောက် အခြားအတွဲများကို မတူညီသောအဖြေရှိပါက တင်ပြရန် အားပေးပါ။ (ဥပမာ- သူဖြေတဲ့အဖြေနဲ့မတူဘဲ စဉ်းစားထားတာရှိသလား။)

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၂၀)မိနစ်

- တင်ပြချက်များကို ဆီလျော်မှုရှိမရှိ တစ်တန်းလုံးဆွေးနွေးဆုံးဖြတ်ပါ။
- လိုအပ်ပါက ထပ်မံဖြည့်စွက်ပေးပါ။
- မိသားစုများတွင်ကျင့်သုံးသော ယဉ်ကျေးသည့်ကိုယ်အမူအရာ၊နှုတ်အမူအရာများကို ဖော်ပြသော ပိုစတာ တစ်ခုဖန်တီးမည့်လုပ်ငန်းကို ကြိုတင်စဉ်းစားနိုင်ရန် အောက်ပါအတိုင်းကြိုတင်ညွှန်ကြားထားပါ။
  (၁) မိမိပုံဖော်မည့်ခေါင်းစဉ်ကိုရွေးချယ်ရမည်။
  (၂) ဖော်ပြလိုသောကိုယ်အမူအရာ၊ နှုတ်အမူအရာများကို စဉ်းစားဆွေးနွေးရမည်။ (မိသားစုများတွင် ကျင့်သုံးသော ယဉ်ကျေးသည့်ကိုယ်အမူအရာ၊ နှုတ်အမူအရာများကို အကောင်းဆုံးဖော်ပြနိုင်မည့် အချက်အလက်များ ရွေးချယ်ရန်အရေးကြီးကြောင်း ရှင်းပြပါ။)
  (၃) စက္ကူကားချပ်ပေါ်တွင် ရုပ်ပုံများကိုဆွဲရမည်။ ရောင်စုံများခြယ်သနိုင်သည်။ လိုအပ်ပါကစကားပြောဟန်များ ဖြည့်စွက်နိုင်သည်။
- ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုငယ်များကြိုတင်ဖွဲ့ပေးလိုက်ပါ။

DBE BOX- Copyright Protected

## စာသင်ချိန်(၄) ကျေးဇူးတင်ပါတယ်

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းတစ်ခုချင်းစီကိုမေး၍ နီးစပ်ရာနှစ်ယောက်တစ်တွဲ စဉ်းစားဆွေးနွေးရန် ခေတ္တအချိန်ပေးပါ။ ထို့နောက် တစ်တန်းလုံးကိုမေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါ။
  - (က) ကျေးဇူးတင်ပါတယ်ဆိုသောစကားကို မည်သည့်အချိန်တွင် ပြောဆိုလေ့ရှိကြသနည်း။
  - (ခ) သင်က တစ်စုံတစ်ယောက်ကို ကျေးဇူးတင်ပါတယ်ဟု ပြောဆိုသည့်အခါ သင်၏စိတ်တွင် မည်သို့ ခံစားရပါသနည်း။
  - (ဂ) သင့်ကို ကျေးဇူးတင်ပါတယ်ဟု တစ်စုံတစ်ယောက်က ပြောလာသည့်အခါ သင်၏စိတ်တွင် မည်သို့ ခံစားရပါသနည်း။
- မိမိကိုတစ်စုံတစ်ယောက်က အကူအညီပေးသည့်အခါတွင် ကျေးဇူးတင်ပါတယ်ဆိုသောစကားကို ပြောသင့်ကြောင်း၊ သို့မှသာယဉ်ကျေးကြောင်း၊ အများနှင့်ဆက်ဆံရာတွင် ယဉ်ကျေးသိမ်မွေ့သောအမူအရာရှိရန် လိုအပ်ကြောင်း ခြုံငုံရှင်းပြပါ။
- ကျေးဇူးတင်ပါတယ်ဟုပြောဆိုရာတွင် မည်သို့ပြောဆိုရမည်ကို ကျောင်းသားများအား နှစ်ယောက်တစ်တွဲ သရုပ်ဆောင်စေ၍လိုအပ်ပါက ပြုပြင်ပေးပါ။

**သင်ကြားခြင်း** (၂၀)မိနစ်

- ကျောင်းသုံးစာအုပ်စာမျက်နှာ(၄)ပါ "ကျေးဇူးတင်ပါတယ် ခင်ဗျာ" သင်ခန်းစာကို အောက်ပါနမူနာ မေးခွန်းများဖြင့် အမေးအဖြေပြုလုပ်၍ ဆွေးနွေးသင်ကြားပါ။
  - (က) သင်သာဖိုးထူးဆိုလျှင် အားလပ်ချိန်ကို မည်သို့အသုံးပြုမည်နည်း။
  - (ခ) သင်သာဖိုးထူးဆိုလျှင် ဦးလေးနှင့်တွေ့သောအခါ မည်သို့ပြုမူမည်နည်း။
  - (ဂ) သင်သာဖိုးထူးဆိုလျှင် ဦးလေးကအဖေအမေတို့နှင့် စကားပြောဆိုနေချိန်တွင် မည်သို့ပြုမူမည်နည်း။
  - (ဃ) သင်သာဖိုးထူးဆိုလျှင် ဦးလေးက စွန်လွှတ်ကစားရန် လာခေါ်မည်ဟု ပြောသည့်အခါမည်သို့ခံစားရသနည်း။
  - (င) သင်သာဖိုးထူးဆိုလျှင်ဦးလေးကို ကျေးဇူးတင်ကြောင်း မည်သို့ဖော်ပြမည်နည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၅) မိနစ်

- အောက်ပါမေးခွန်းများကို သူငယ်ချင်းများနှင့်ဆွေးနွေး၍ လေ့ကျင့်ခန်းစာအုပ်တွင် ရေးသားဖြေဆိုပါ။
  - (က) ဖိုးထူးသည်ဦးလေးကို မည်သည့်အတွက်ကြောင့်ကျေးဇူးတင်သနည်း။
  - (ခ) ဖိုးထူးသည်ဦးလေးကို ကျေးဇူးတင်ကြောင်း မည်သို့ဖော်ပြသနည်း။
  - (ဂ) သင်သည်"ကျေးဇူးတင်ပါတယ်"ဟု လိုက်လိုက်လဲ့လဲ့ပြောဖူးပါသလား။ မည်သို့သော အခြေအနေ တွင်ပြောဆိုဖူးပါသနည်း။
- ကျောင်းသားများ၏ နေ့စဉ်ဘဝတွင် ယဉ်ကျေးသိမ်မွေ့သည့်အပြုအမူ၊ အပြောအဆိုများကိုကျင့်သုံးရမည် ဖြစ်ကြောင်းပြောပြ၍ သင်ခန်းစာကိုနိဂုံးချုပ်ပါ။

## စာသင်ချိန်(၅) ပိုစတာဖန်တီးခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- မိသားစုများတွင်ကျင့်သုံးသော ယဉ်ကျေးသည့်ကိုယ်အမူအရာ၊ နှုတ်အမူအရာများကို ဖော်ပြသောပိုစတာ တစ်ခု ဖန်တီးမည့်လုပ်ငန်းနှင့် ပတ်သက်၍ပြန်လည်ရှင်းပြပါ။
- ထို့နောက် အုပ်စုလိုက် ပိုစတာ ဖန်တီးနိုင်ရန် လိုအပ်သောပစ္စည်းများ (စက္ကူကားချပ်၊ ခဲတံ၊ရောင်စုံဖယောင်း၊ ဆေးပင်နှင့်နှစ်ဖက်ကပ်တိပ်)ကို ဆရာက ဖြန့်ဝေပေးပါ။ အလွယ်တကူမရနိုင်ပါက စက္ကူနှင့်ခဲတံတို့ကို အသုံးပြု နိုင်သည်။

DRE BOX Copyright Protected

**လေ့ကျင့်ခြင်း** (၂၀)မိနစ်

- ကျောင်းသားများက လုပ်ငန်းဆောင်ရွက်နေစဉ် လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ကိုကူညီပေးပါ။
- အုပ်စုလိုက်ဖန်တီးထားသော ပိုစတာများကို သင်ပုန်းတွင်ချိတ်၍ ၎င်းတို့၏စိတ်ကူးများကို ရှင်းပြရန်ပြောပါ။
- အခြားအုပ်စုများကို ပိုစတာပါအချက်အလက်များ ပိုမိုကောင်းမွန်အောင် အကြံပြုရန်အားပေးပါ။
- ကျောင်းသားများဖန်တီးထားသော ပိုစတာများကို (လိုအပ်ပါက ပြန်လည်ပြုပြင်စေ၍) စာသင်ခန်းတွင် ချိတ်ဆွဲထားပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၂၀)မိနစ်

- အောက်ပါမေးခွန်းများကို ရေးသားဖြေဆိုရန်ပြောပါ။
  - (၁) 'ယဉ်ကျေးခြင်း'ကိုမည်သို့နားလည်ပါသနည်း။
  - (၂) မိသားစုအတွင်းဆက်ဆံရာတွင် မည်သည့်အပြုအမူများသည် ယဉ်ကျေးသိမ်မွေ့သော ကိုယ်အမူအရာများ ဖြစ်သနည်း။
  - (၃) မိသားစုအတွင်း ဆက်ဆံရာတွင် မည်သည့်အပြောအဆိုများသည် ယဉ်ကျေးသိမ်မွေ့သော နှုတ်အမူအရာများဖြစ်သနည်း။
  - (၄) မိသားစုအတွင်း ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံခြင်းဖြင့်မည်သည့်အကျိုးကျေးဇူးများရရှိနိုင်သနည်း။

- ကျောင်းသားများကို "မိသားစုအတွင်း ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုဆက်ဆံခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရရှိနိုင်သနည်း"ဟုမေးပါ။ ကျောင်းသားများအား ၎င်းတို့၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ တင်ပြခွင့်ပြုပါ။
- အတူနေမိသားစုဝင်များကို ယဉ်ကျေးသိမ်မွေ့သောအပြုအမူ၊ အပြောအဆိုများဖြင့် ဆက်ဆံရန်လိုအပ်ကြောင်း၊ လူမှုဆက်ဆံရေးတွင် ယဉ်ကျေးခြင်းသည် လွန်စွာအရေးကြီးကြောင်း၊ ယဉ်ကျေးသိမ်မွေ့စွာဆက်ဆံခြင်းဖြင့် မိမိနှင့် မိသားစု၏ ဂုဏ်သိက္ခာမြင့်မားအောင် ဆောင်ရွက်သင့်ကြောင်းပြောပြ၍ "မိသားစုအတွင်း ယဉ်ကျေးခြင်း" သင်ခန်းစာကို နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- လူတစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် မိမိ၏အပြုအမူ၊အပြောအဆိုတို့သည် အခြားသူများကို ထိခိုက်နစ်နာစေခြင်း၊ အနှောင့်အယှက်ဖြစ်စေခြင်းမရှိဘဲ ပြုမူပြောဆိုဆက်ဆံရမည်။
- လူတိုင်းသည် မိမိ၏မိသားစုဝင်များနှင့်ဖြစ်စေ၊ အခြားသူများနှင့်ဖြစ်စေ ယဉ်ကျေးသိမ်မွေ့သောအပြုအမူ၊ ချိုသာသောအပြောအဆိုများဖြင့် ပြုမူပြောဆိုဆက်ဆံရမည်။

DBE BOX - Copyright Protected

**သင်ခန်းစာ(၁.၂) ရိုသေလေးစားဝတ္တရား** **စုစုပေါင်းစာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန် ၄၅ မိနစ်**

- မိသားစုဝင်များအချင်းချင်း အပြန်အလှန်ရိုသေလေးစားမှုကို ဖော်ပြသော အပြုအမူကောင်းများကို သိနားလည်ပြီး နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးတတ်စေရန်

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- အုပ်စုလိုက်ဆွေးနွေးချက်များကို ရေးသားဖော်ပြနိုင်ရန် စာရွက်၊ ကတ်ကြေး၊ တိပ်တို့ကိုပြင်ဆင်ထားပါ။ ရိုသေလေးစားမှုရှိသော မိသားစုတစ်စုအကြောင်း သရုပ်ဆောင်ကစားနိုင်ရန် ဇာတ်ညွှန်းကို ကြိုတင်ပြင်ဆင်ထားပါ။

## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု

- မိသားစုဝင်အချင်းချင်းကောင်းမွန်သော ဆက်ဆံရေးရရှိစေရန် ဆောင်ရွက်ရမည့်အချက်များကို အုပ်စုဖွဲ့၍ သူငယ်ချင်းများနှင့်အတူစဉ်းစားပြီး အတန်းတွင်အခြားအုပ်စုများကို မျှဝေခြင်းဖြင့်ပူးပေါင်း ဆောင်ရွက်ခြင်း (Collaboration/Group work)၊ မိသားစု နေ့စဉ်ဘဝတွင် မတူညီသော ဆက်ဆံရေးပြဿနာများကို ညှိနှိုင်းဖြေရှင်းရန် အချက်အလက်များကို ရှာဖွေခြင်း(Problem Solving)၊ သရုပ်ဆောင်ကစားခြင်း လုပ်ငန်းတွင် ပါဝင်သရုပ်ဆောင်ကြ၍ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုတတ်ခြင်း (Communication) အစရှိသောကျွမ်းကျင်မှုတို့ကိုရရှိနိုင်ပါသည်။

## စာသင်ချိန်(၁) မိဘနှင့်သားသမီးကြားအပြန်အလှန်ရိုသေလေးစားမှု

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါ။
  - (က) အိမ်ရှိ မိသားစုဝင်များနှင့် မိသားစုကဲ့သို့ အတူနေကြသူများကို ဖော်ပြပါ။
  - (ခ) မိမိထက် အသက်အရွယ်ကြီးသော မိသားစုဝင်များကို မည်ကဲ့သို့ဆက်ဆံရမည်နည်း။
  - (ဂ) မိမိအောက် အသက်ငယ်သော မိသားစုဝင်များကို မည်သို့ ဆက်ဆံသင့်ပါသနည်း။
- ကျောင်းသားများ၏ ထင်မြင်ယူဆချက်များကို တင်ပြခွင့်ပေးပါ။တင်ပြချက်များအပေါ် အခြေခံ၍ သင်ခန်းစာခေါင်းစဉ်ကို မိတ်ဆက်ပေးပါ။

**သင်ကြားခြင်း** (၁၀)မိနစ်

- ကျောင်းသုံးစာအုပ်စာမျက်နှာ(၆)တွင် ဖော်ပြထားသော ရိုသေလေးစားခြင်းအဓိပ္ပာယ်ကို ကျောင်းသားများ နားလည်သဘောပေါက်စေရန်ရှင်းပြပါ။ ရိုသေလေးစားခြင်းဆိုသည်မှာ လူတစ်ဦး နှင့်တစ်ဦးဆက်ဆံရာတွင် သူတစ်ပါးအပေါ်အလေးထားခြင်း၊ ဦးစားပေးခြင်း၊ မိမိကိုယ်ကိုနှိမ့်ချစွာ ဆက်ဆံခြင်းပင် ဖြစ်ကြောင်းရှင်းပြပါ။ မိဘနှင့်သားသမီးကြား ကောင်းမွန်သောဆက်ဆံရေးရှိခြင်းဖြင့် အပြန်အလှန်ရိုသေ လေးစားမှုရှိသော မိသားစုတစ်စု ဖြစ်လာနိုင်ကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၂၀)မိနစ်

- ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။ဆရာက ကျောင်းသုံးစာအုပ် စာမျက်နှာ (၆) တွင် ဖော်ပြထားသောပုံကို နမူနာယူပြီး သင်ပုန်းပေါ်တွင်ဆွဲပါ။ သို့မဟုတ် ပုံကို ကားချပ်ဖြင့်ပြင်ထားပါ။ မိဘနှင့်သားသမီးကြား ကောင်းမွန်သောဆက်ဆံရေး ရရှိစေမည့်နည်းလမ်းများကို လက်တွေ့ဘဝနှင့် ဆက်စပ်ပြီး စဉ်းစားဆွေးနွေးရန်ပြောပါ။ ထိုသို့စဉ်းစားရာတွင် မိဘများက သားသမီးများအတွက် လုပ်ဆောင်ရမည့်အချက်နှင့် သားသမီးများက မိဘအတွက် လုပ်ဆောင်ရမည့်အချက်တို့ ပါဝင်ရမည်ပြောပါ။
- ထိုအချက်များကို စာရွက်ပေါ်တွင်ရေးသားပါစေ။

  ဥပမာ- မိဘသည်သားသမီးများ၏ ကြိုးစားမှုကို အသိအမှတ်ပြုပေးခြင်း

  သားသမီးများသည် မိဘကို လိမ်ညာမပြောဆိုခြင်း

- ထို့နောက် အုပ်စုအတွင်းမှ ကျောင်းသားတစ်ဦးစီက စာရွက်ပေါ်တွင် ဆွေးနွေးရေးသားထားသော အချက်များကို သင်ပုန်းပေါ်တွင်ကပ်၍အတန်းသို့တင်ပြရန်ပြောပါ။ အုပ်စုလိုက်တင်ပြနေစဉ် အခြားအုပ်စုများက သေချာစွာ နားထောင်ကြရန်ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။
  - (က) မိဘနှင့်သားသမီးကို ဆက်ဆံရေး ကောင်းမွန်စေရန် လုပ်ဆောင်ရမည့် နည်းလမ်းများမှ အရေးကြီးသည်ဟု ယူဆသော အချက် ၃ ချက်ကို ဖော်ပြပါ။
  - (ခ) မိဘနှင့်သားသမီးကြား အပြန်အလှန်ရိုသေလေးစားမှုရှိခြင်းဖြင့် မည်သည့် အကျိုးကျေးဇူးများရရှိနိုင်ပါသနည်း။

DBE/BOX - Copyright Protected

- ကျောင်းသားများအုပ်စုလိုက် ဆွေးနွေးတင်ပြချက်များနှင့် သင်ခန်းစာဦးတည်ချက်များလွဲချော်မှုမရှိစေရန် ဆရာက လမ်းညွှန်ပေးပါ။ တစ်ဦးနှင့်တစ်ဦး အလေးထားဆက်ဆံခြင်း၊ ရင်းရင်းနှီးနှီးဆက်သွယ် ပြောဆိုခြင်းနှင့် ယုံကြည်မှုတည်ဆောက်ခြင်းတို့သည် မိဘနှင့်သားသမီးတို့ ဆက်ဆံရေးကောင်းမွန်လာအောင် ဆောင်ရွက်ရာတွင် အရေးကြီးကြောင်း အောက်ဖော်ပြပါနမူနာကို ပြောပြ၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

နမူနာ-

| မိဘ | သားသမီး |
|---|---|
| သားသမီးများ၏စကားကိုလက်ခံနားထောင်ပေးခြင်း | မိဘကို လိမ်ညာမပြောဆိုခြင်း |
| သားသမီးများ၏ဝါသနာ(အရည်အချင်း)ကို နားလည်လက်ခံပေး၍ပြုစုပျိုးထောင်ပေးခြင်း | မိဘကို ကူညီခြင်း |
| သားသမီးများ၏အားနည်းချက်/အားသာချက်ကိုသိခြင်း | မိဘကိုချစ်ခင်ခြင်း |
| သားသမီးများကို ကူညီပေးခြင်း | မိမိတို့၏ လိုအင်များကို တစ်ဖက်သတ် မတောင်းဆိုခြင်း |
| သားသမီးများကို ချုပ်ချယ်မှုမရှိခြင်း | မိဘနေမကောင်းလျှင်ပြုစုပေးခြင်း |
| | မိဘကိုနားလည်ပေးခြင်း |

## စာသင်ချိန်(၂) ညီအစ်ကိုမောင်နှမအချင်းချင်းအပြန်အလှန်ရိုသေလေးစားမှု

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- မိဘနှင့်သားသမီးကြားအပြန်အလှန်ရိုသေလေးစားမှုရှိရန် လိုအပ်သကဲ့သို့ညီအစ်ကိုမောင်နှမအချင်းချင်း အပြန်အလှန်ရိုသေလေးစားမှုရှိရန် လိုအပ်ကြောင်းကို အောက်ပါမေးခွန်းများမေး၍နိဒါန်းပျိုးပါ။
- သင့်တွင် ညီအစ်ကိုမောင်နှမများရှိပါသလား။ ညီအစ်ကိုမောင်နှမရှိသည့်အတွက် သင်မည်သို့ခံစားရပါသနည်း။ နမူနာအဖြေ- ပျော်ရွှင်တယ်၊ ဝမ်းနည်းတယ်၊ ကစားဖော်ရတယ်၊ ချစ်စရာကောင်းတယ်စသည်ဖြင့်
- ညီအစ်ကိုမောင်နှမ မရှိသော ကျောင်းသား အချို့ကိုလည်း သင့်ပတ်ဝန်းကျင်တွင် ညီအစ်ကိုမောင်နှမကဲ့သို့ ခံစားရသောသူများရှိပါသလား။
  နမူနာအဖြေ-သူငယ်ချင်း၊ အိမ်နီးနားချင်းညီလေး၊ စာအတူကျက်သောအဖော်၊ အိမ်နီးနားချင်းအစ်ကိုကြီး၊ ကစားဖော် စသည်ဖြင့်
- ထိုသူတို့ရှိသည့်အတွက် သင်မည်သို့ခံစားရပါသနည်း။
  နမူနာအဖြေ-အားကိုးရတယ်၊ အဖော်ရတယ်၊ ပျော်ရွှင်တယ် စသည်ဖြင့်

**သင်ကြားခြင်း** (၁၅)မိနစ်

- ဆရာက ကျောင်းသုံးစာအုပ်စာမျက်နှာ(၇)ပါ ဖော်ပြထားသောရုပ်ပုံများကို လေ့လာရန်ပြောပါ။ ထို့နောက်အောက်ပါမေးခွန်းများကိုမေးပါ။
  (က) ထိုရုပ်ပုံများတွင် မည်သည်တို့ကို ဖော်ပြထားသည်ကို တွေ့ရသနည်း။
  (ခ) ထိုအပြုအမူများကို သင်မည်သို့ထင်ပါသနည်း။
- ကျောင်းသားများ၏ ဖြေကြားချက်ပေါ်မူတည်၍ ညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီးမှုကြောင့် အပြန်အလှန်ရိုသေလေးစားမှုနှင့် ကောင်းမွန်သောဆက်ဆံရေးရရှိနိုင်ခြင်း၊ ထိုကဲ့သို့ ကောင်းမွန်သော ဆက်ဆံရေး ရှိခြင်းကြောင့်လည်း ချစ်ခင်ရင်းနှီးမှုများ ပိုမိုတိုးပွားလာမည်ဖြစ်ကြောင်း ဆရာကရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၁၅)မိနစ်

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။ ထို့နောက် ညီအစ်ကိုမောင်နှမ အချင်းချင်း ကောင်းမွန်သော ဆက်ဆံရေးရရှိစေမည့် အခြားနည်းလမ်းများကို အပြုအမူများနှင့်တကွ အုပ်စုလိုက်ထပ်မံစဉ်းစားဆွေးနွေး၍ ဇယားတွင်ဖြည့်ပါစေ။ (ဆရာက ဇယားနမူနာကို သင်ပုန်းပေါ်တွင်ဆွဲပြပါ။)

DBE BOX Copyright Protected

| ကောင်းမွန်သော ဆက်ဆံရေးရရှိစေမည့် အခြား နည်းလမ်းများ | အပြုအမူ |
|---|---|
| နမူနာ - သနားညှာတာမှုရှိခြင်း<br>ချစ်ခင်မှုရှိခြင်း | ညီလေး၊ ညီမလေးများ၏ ကစားစရာကိုလုမကစားခြင်း၊<br>မုန့်တစ်ခုကို အတူဝေမျှစားခြင်း |

- ကျောင်းသားများ အုပ်စုလိုက် ဆွေးနွေး၍ဖြည့်ထားသော အချက်များကို အတန်းသို့တင်ပြရန်ပြောပါ။
- အုပ်စုလိုက်တင်ပြနေစဉ် အခြားအုပ်စုများက သေချာစွာနားထောင်ကြရန်ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။
  (က) ညီအစ်ကိုမောင်နှမ အချင်းချင်း အပြန်အလှန်ရိုသေလေးစားမှုရှိခြင်းဖြင့် မည်သည့် အကျိုးကျေးဇူးများ ရရှိနိုင်ပါသနည်း။
  (ခ) ညီအစ်ကိုမောင်နှမ အချင်းချင်း ကောင်းမွန်သောဆက်ဆံရေး ရရှိစေရန် မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း။
- ကျောင်းသားများအုပ်စုလိုက် တင်ပြချက်များနှင့် သင်ခန်းစာဦးတည်ချက်များ လွဲချော်မှုမရှိစေရန် ဆရာက လမ်းညွှန်ပေး၍သင်ခန်းစာကို နိဂုံးချုပ်ပါ။

## စာသင်ချိန်(၃) ကူညီဖြေရှင်းကြမယ်

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- " ညီအစ်ကိုမောင်နှမ အချင်းချင်း ချစ်ခင်ရင်းနှီးမှုတိုးပွားစေရန် မည်ကဲ့သို့ လုပ်ဆောင်ရမည်နည်း။"ဟု မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** (၅)မိနစ်

- ညီအစ်ကိုမောင်နှမအချင်းချင်း အပြန်အလှန်ရိုသေလေးစားမှု ရှိရုံသာမက မိမိ၏ညီအစ်ကိုမောင်နှမ တစ်ဦးဦးတွင် အခက်အခဲကြုံနေပါက ကူညီဖြေရှင်းသင့်ကြောင်းပြောပြပါ။

**လေ့ကျင့်ခြင်း** (၁၅)မိနစ်

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။ ကူညီဖြေရှင်းကြမယ် ဖြစ်ရပ်ကို ကျောင်းသားများအား အုပ်စုလိုက်ဆွေးနွေး လေ့လာရန်ပြောပါ။ ထိုဖြစ်ရပ်တွင် ပါဝင်သော ကိုဇင်နှင့်ယမင်းအဖြစ် အုပ်စုတွင်းမှ ကျောင်းသား ၂ ဦးကိုသရုပ်ဆောင်ရန်ပြောပါ။
- "ထိုဖြစ်ရပ်ကိုသရုပ်ဆောင်ခြင်းဖြင့် လက်တွေ့ဘဝကို မည်သို့နားလည်သဘောပေါက်သနည်း။"ဟု ဆရာက မေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၂၀)မိနစ်

- ကူညီဖြေရှင်းကြမယ် ဖြစ်ရပ်မှမေးခွန်းများကို အုပ်စုတွင်းမှ ကျောင်းသားများအဖွဲ့လိုက် စဉ်းစားဖြေဆိုပါစေ။
  (က) သင်သည် အခက်အခဲတစ်စုံတစ်ရာ ကြုံလာပါက သင်၏အစ်ကို၊ အစ်မထံတွင်အကူအညီတောင်း၍ ဖြေရှင်းသင့်သည်ဟုထင်ပါသလား။ အဘယ်ကြောင့်နည်း။
  (ခ) သင်၏ညီမလေး၊ညီလေးတွင်အခက်အခဲကြုံနေပါက ကူညီဖြေရှင်းပေးပါမည်လား။ အဘယ်ကြောင့်နည်း။
  (ဂ) ညီအစ်ကိုမောင်နှမ တစ်ဦးနှင့်တစ်ဦးအခက်အခဲများကို အတူတကွကူညီဖြေရှင်းခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရနိုင်ပါသနည်း။
- ညီအစ်ကိုမောင်နှမအချင်းချင်း အပြန်အလှန်ရိုသေလေးစားမှုရှိခြင်း၊ တစ်ဦး၏အခက်အခဲကို တစ်ဦးက နားလည်ပြီး ကူညီဖြေရှင်းပေးခြင်းတို့သည် လက်တွေ့ဘဝတွင်အရေးကြီးကြောင်းပြော၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

DBEBOX - Copyright Protected

## စာသင်ချိန်(၄) ရိုသေလေးစားမှုကို နေ့စဉ်ဘဝတွင်လက်တွေ့ကျင့်သုံးခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- "မိသားစုဝင်အချင်းချင်း (မိဘနှင့်သားသမီးကြား၊ညီအစ်ကိုမောင်နှမကြား) ကောင်းမွန်သော ဆက်ဆံရေး ရရှိစေရန် နည်းလမ်းများကို လက်တွေ့ကျင့်သုံးခြင်းဖြင့် မည်သည့် အကျိုးကျေးဇူးများရရှိနိုင်သနည်း။" ဟုမေး၍သင်ခန်းစာကို နိဒါန်းပျိုးပါ။

**လေ့ကျင့်ခြင်း(ဇာတ်ညွှန်းပေး၍သရုပ်ဆောင်စေခြင်း)** (၁၀)မိနစ်

- အောက်ပါဇာတ်ညွှန်းကို အုပ်စုလိုက်လေ့လာဆွေးနွေးရန်ပြောပါ။

ဖေဖေ၊မေမေ၊ သူရနှင့်မြမြတို့ မိသားစုဝင်လေးဦး ရှိပါသည်။ဖေဖေနှင့်မေမေသည် ရုံးဝန်ထမ်းများ ဖြစ်ကြပါသည်။ သူရသည် ဆဋ္ဌမတန်းကျောင်းသားဖြစ်၍ မြမြသည်တတိယတန်းကျောင်းသူ ဖြစ်ပါသည်။ မနက် ၆ နာရီတွင်မိသားစုဝင်အားလုံးသည် မိမိတို့၏လုပ်ငန်းတာဝန်အသီးသီးကို တိုင်တိုင်ပင်ပင်နှင့်ဆောင်ရွက် ကြပါသည်။

ဖေဖေက မေမေနှင့်အတူ နံနက်စာပြင်ဆင်ပေးနေချိန်တွင်

မေမေ ။ ။ သားနဲ့သမီးရေ နံနက်စာ စားမယ် လာကြဟေ့။

သူရ ။ ။ ညီမလေး၊ မေမေခေါ်နေပြီ။ကျောင်းသွားဖို့ခဏနေမှပြင်တော့နော်။ (သူရက ညီမလေးလက်ကို ဆွဲကာ နံနက်စာစားရန်လာခဲ့သည်။)

မြမြ ။ ။ မေမေ၊သမီးက ထမင်းကြော် မကြိုက်ဘူး။

သူရ ။ ။ ညီမလေး၊ ဖေဖေနဲ့မေမေက အစားအသောက်တွေကိုညီညွတ်မျှတအောင်ကျွေးတာ၊ကြေးမများရဘူး။

ဖေဖေ ။ ။ ဟုတ်တယ် သမီး၊ အစားအသောက်ကို မျှတအောင်စားရတယ်။နောက်နေ့ကျရင် သမီးကြိုက်တာကို လုပ်ကျွေးမယ်။

မေမေ ။ ။ ကျောင်းသွားဖို့နောက်ကျနေမယ် သားနဲ့သမီး မြန်မြန်စားကြနော်။

(သူရနှင့်မြမြသည် နံနက်စာစားပြီးသောအခါ မိမိတို့စားသောက်ပြီးသော ပန်းကန်များကို ကိုယ်တိုင် ဆေးကြောသန့်စင်ပြီး ကျောင်းသို့သွားကြပါသည်။ ဖေဖေနှင့်မေမေလည်း ရုံးသို့သွားကြသည်။

သူရနှင့်မြမြတို့ မောင်နှမနှစ်ယောက်သည် ညနေကျောင်းဆင်း၍ အိမ်သို့ပြန်ရောက်သည်နှင့် မိဘများ နှင့်အတူ အိမ်အလုပ်ကို ကူညီပေးကြသည်။)

မြမြ ။ ။ ကိုကြီး အိမ်ထဲကို တံမြက်စည်းလှည်းပြီးရင် ညီမလေးနားမလည်တဲ့ သင်္ချာပုစ္ဆာတွေကို ကူပြီးရှင်းပြ ပါနော်။

သူရ ။ ။ အေးပါ ညီမလေးရယ် ရှင်းပြပါ့မယ်။

မြမြ ။ ။ ကိုကြီး ညီမလေး ဒီတစ်ခါလဲ သင်္ချာ ဖြေတာအမှတ်နည်းတယ် ။ ဖေဖေနဲ့မေမေ ကိုမပြောရဲဘူး။

သူရ ။ ။ ဖေဖေနဲ့မေမေကို ပြောပြမှ မေမေက ညီမလေးကို ကူညီပေးလို့ရမှာပေါ့။ မပြောဘဲနေရင် နားမလည် တဲ့ ပုစ္ဆာတွေကို ညီမလေးဖြေရှင်းဖို့ခက်နေမှာပေါ့။

( ညနေမိသားစု ထမင်းဝိုင်းတွင် မေမေက မြမြကိုကြည့်၍ )

မေမေ ။ ။ သမီးကိုကြည့်ရတာ မေမေ့ကို ပြောစရာရှိတယ်နဲ့တူတယ်နော်။

မြမြ ။ ။ ဟုတ်တယ် မေမေ၊ သမီး သင်္ချာဖြေတာ အမှတ်နည်းလို့ပါ။ မေမေနဲ့ဖေဖေကို မပြောရဲလို့။

ဖေဖေ ။ ။ သမီးရယ် ။သမီးရဲ့ အခက်အခဲကို ဖေဖေနဲ့မေမေကို ပြောပြမှ ဖြေရှင်းနိုင်မှာလေ။မိသားစုဆိုတာ တစ်ယောက်နဲ့တစ်ယောက်နားလည်ရမယ်။ အခက်အခဲတွေကို ကူညီဖြေရှင်းရမယ်။ ရိုးသားမှုနဲ့ ပွင့်လင်းမှုရှိရမယ်။

သူရ ။ ။ ဟုတ်တယ် ဖေဖေ၊ သားလဲ အဲဒါပြောချင်တာ။

မေမေ ။ ။ ထမင်းစားပြီးရင် မေမေက သားနဲ့သမီးတို့ကို စာတွေ ကူပြီးရှင်းပြပေးမယ်နော်။

မြမြ ။ ။ သမီးကိုမဆူဘဲ ကူညီပေးလို့ကျေးဇူးတင်ပါတယ်၊ ဖေဖေနဲ့မေမေ။

- သရုပ်ဆောင်ခြင်းလုပ်ငန်းကိုဆောင်ရွက်ရန်အုပ်စုတစ်စုမှကျောင်းသားများကိုရွေးချယ်ပါ။
- ကျန်အုပ်စုများက သရုပ်ဆောင်ခြင်းကို ကြည့်ရှုလေ့လာ၍မိသားစုတစ်စုအတွင်း လက်တွေ့ကျင့်သုံးရမည့် ရိုသေလေးစားမှုနှင့်ဆိုင်သော အချက်များကို ဖော်ထုတ်ပါစေ။

DBE BOX Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါ။
  - (၁) မိသားစုဝင်အချင်းချင်း အလေးထားဆက်ဆံမှုရှိခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများ ရရှိပါသနည်း။
  - (၂) သင်မြင်တွေ့ဖူးသော မိသားစုတစ်စု၏ ဆက်ဆံရေးအခြေအနေကို ဆွေးနွေးတင်ပြပါ။
- သင်ခန်းစာ၏ အဓိကအချက်ကို ကျောင်းသားများအား ပြောပြ၍ နိဂုံးချုပ်ဆိုပါ။

**အဓိကအချက်များ**

- လူတစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် သူတစ်ပါးအပေါ်အလေးထားခြင်း၊ ဦးစားပေးခြင်း၊ မိမိကိုယ်ကိုနှိမ့်ချစွာ ဆက်ဆံခြင်းသည် ရိုသေလေးစားခြင်းပင်ဖြစ်သည်။
- မိသားစုဝင်အချင်းချင်း အပြန်အလှန်ရိုသေလေးစားမှုရှိခြင်းသည် ပျော်ရွှင်ဖွယ်ကောင်းသောမိသားစုဘဝကို ရရှိစေနိုင်ပါသည်။

**သင်ခန်းစာ(၁.၃) ရိုးသားဖြောင့်မတ်ခြင်း** **စုစုပေါင်းစာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ** **တစ်ချိန် ၄၅ မိနစ်**

- ရိုးသားဖြောင့်မတ်ခြင်း၏အရေးပါပုံကိုရှင်းပြတတ်ရန်
- ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်လာရန်အတွက် လိုအပ်သောအရည်အသွေးများကို ဖော်ထုတ်တတ်ပြီး နေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံးတတ်ရန်
- မိသားစုအတွင်းမည်ကဲ့သို့ ရိုးသားဖြောင့်မတ်စွာ နေထိုင်ရမည်ကို ရှင်းပြတတ်ရန်

**သင်ခန်းစာအတွက် ကြိုတင်ပြင်ဆင်ခြင်း**

- ရိုးသားဖြောင့်မတ်သူ၏ အရည်အသွေးများနှင့် နေ့စဉ်ဘဝတွင် အသုံးပြုရမည့်နည်းလမ်းများကိုအုပ်စုလိုက် ဆွေးနွေးပြီးရေးသားရန် အုပ်စုအရေအတွက်ပေါ်မူတည်ပြီး ကားချပ်အလွတ်နှင့် ဆော့ပင်များကို ကြိုတင်ပြင်ဆင်ထားပါ။ ကားချပ်အလွတ် အလွယ်တကူမရနိုင်ပါက စာရွက်ကိုအသုံးပြုနိုင်ပါသည်။ ကျန်အုပ်စုဖွဲ့လုပ်ငန်းများဆောင်ရွက်ရာတွင် အုပ်စုလိုက်ဆွေးနွေးချက်များ၊ အဖြေများရေးသားရန် ကားချပ်လွတ်နှင့်ဆော့ပင်များ ကြိုတင်ပြင်ဆင်ထားပါ။ အကယ်၍မရနိုင်ပါက စာရွက်နှင့်ဘော့ပင်ကို အသုံးပြုနိုင်ပါသည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ကျောင်းသားများသည် ရိုးသားခြင်းသစ်ပင်ပုံပြင်ကို လေ့လာပြီး မေးခွန်းများ ဆွေးနွေးကြခြင်းဖြင့် လေးနက်စွာဆန်းစစ်ဝေဖန်တတ်ခြင်း(Critical Thinking)၊ရိုးသားဖြောင့်မတ်သူ၏ အရည်အသွေးများနှင့် နေ့စဉ်ဘဝတွင် အသုံးပြုရမည့်နည်းလမ်းများကို အုပ်စုလိုက်ဆွေးနွေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်ပြီး အချင်းချင်းဆက်သွယ်ပြောဆိုတတ်ခြင်း (Communication)၊ ကားချပ်ကို စုပေါင်းဖန်တီးခြင်းဖြင့် တီထွင်ဖန်တီးခြင်း (Creativity and Innovation)၊ ရိုးသားဖြောင့်မတ်ခြင်းဆိုင်ရာအဆိုများ ဆွေးနွေးခြင်း၊ ဖြစ်ရပ်များလေ့လာခြင်း၊ အချက်အလက်များ လေ့လာဆွေးနွေးခြင်းဖြင့် လေးနက်စွာဆန်းစစ်ဝေဖန်တတ်ခြင်း (Critical Thinking)၊ ရိုးသားဖြောင့်မတ်ခြင်း၏အဓိပ္ပာယ်နှင့် ရိုးသားဖြောင့်မတ်သူ၏ အရည်အသွေးများကိုသိရှိပြီး နေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံ့သားကောင်းဖြစ်ခြင်း(Citizenship)စသည့် ကျွမ်းကျင်မှုများ ရရှိနိုင်ပါသည်။

UBE BOX - Copyright Protected

**စာသင်ချိန်(၁) ရိုးသားခြင်းသစ်ပင်**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ကျောင်းသားအား အောက်ပါမေးခွန်းများကို မေးမြန်း၍ သင်ယူလိုစိတ်ကို နှိုးဆွပေးပါ။
  - (က) ရိုးသားဖြောင့်မတ်ခြင်းကို မည်သို့နားလည်ပါသနည်း။
  - (ခ) ရိုးသားဖြောင့်မတ်သူတို့သည် မည်သို့ပြုမူ ပြောဆိုနေထိုင်ကြသနည်း။
- ကျောင်းသားများ၏ ထင်မြင်ယူဆချက်များကို တင်ပြခွင့်ပေးပါ။
- ရိုးသားဖြောင့်မတ်စွာ နေထိုင်ရန်အရေးကြီးပုံ၊ ငယ်စဉ်ဘဝကပင် ရိုးသားဖြောင့်မတ်စွာ ကြိုးစားနေထိုင်သင့်ပုံတို့ကို မိတ်ဆက်ပြောကြားခြင်းဖြင့် သင်ခန်းစာကိုနိဒါန်းပျိုးပါ။

**သင်ကြားခြင်း** (၁၅)မိနစ်

- ကျောင်းသားများအား ကျောင်းသုံးစာအုပ်စာမျက်နှာ(၉)ပါ ရိုးသားခြင်းသစ်ပင်ပုံပြင်ကို အသံတိတ် ဖတ်ရှုလေ့လာရန် ပြောပါ။
- ဆရာက မောင်လူရိုး၏ရိုးသားခြင်းကြောင့် အောင်မြင်မှုရရှိခဲ့ကြောင်းကိုပေါ်လွင်အောင်ရှင်းပြပါ။
- ရိုးသားဖြောင့်မတ်ခြင်း၏အဓိပ္ပာယ်ကို ကျောင်းသားများနားလည်အောင် ရှင်းပြပါ။

- ရိုးသားဖြောင့်မတ်ခြင်းသည် ဉာဏ်မများ၊မလှည့်စားခြင်းဟူ၍ဖွင့်ဆိုနိုင်သည်။
- ရိုးသားဖြောင့်မတ်ခြင်းသည် မည်သူမျှစောင့်ကြည့်မနေစေကာမူ ဟန်ဆောင်မှု၊ လိမ်ညာမှုမရှိဘဲ မှန်ကန်စွာပြုမူပြောဆို ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

**လေ့ကျင့်ခြင်း** (၂၀)မိနစ်

- ကျောင်းသားများကို တစ်ဖွဲ့လျှင် ၄ ဦးခန့်အုပ်စုဖွဲ့ပြီး အောက်ပါမေးခွန်းများကို ဆွေးနွေးပါစေ။
  - (က) မောင်လူရိုးသည် အဘယ်ကြောင့်အိမ်ရှေ့မင်းသားအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသနည်း။
    (နမူနာအဖြေ-မောင်လူရိုးသည် ရိုးသားဖြောင့်မတ်ခြင်း၊ ဝီရိယစိုက်ပြီး ကြိုးစားအားထုတ်ခြင်းတို့ကြောင့်အိမ်ရှေ့မင်းသားအဖြစ် တင်မြှောက်ခြင်းခံရသည်။)
  - (ခ) ရိုးသားဖြောင့်မတ်စွာ နေထိုင်ရန် အဘယ်ကြောင့်အရေးကြီးပါသနည်း။
  - (ဂ) အောင်မြင်သော ဘဝတစ်ခုတည်ဆောက်နိုင်ရန် ရိုးသားဖြောင့်မတ်ခြင်းအပြင် အခြားမည်သည့်အရာများ လိုအပ်သနည်း။ အဘယ်ကြောင့်နည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို စဉ်းစားဖြေဆိုပါစေ။
  - (က) သင်၏ဘဝတစ်လျှောက်လုံးတွင် ရိုးသားဖြောင့်မတ်စွာ နေထိုင်ပါမည်လား။
  - (ခ) လူတိုင်းရိုးသားဖြောင့်မတ်စွာ နေထိုင်မည်ဆိုပါက မည်သို့သော လူ့အဖွဲ့အစည်းမျိုး ဖြစ်လာမည်ဟု ထင်ပါသနည်း။
- ရိုးသားဖြောင့်မတ်ခြင်း၏ တန်ဖိုးကိုသိရှိပြီး ဘဝတွင် မည်သည့်အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရသည်ဖြစ်စေ ရိုးသားဖြောင့်မတ်စွာနေထိုင်ရမည်ဖြစ်ကြောင်း ရှင်းပြပြီး သင်ခန်းစာကိုနိဂုံးချုပ်ပါ။

DBE BOX Copyright Protected

## စာသင်ချိန်(၂) ရိုးသားဖြောင့်မတ်ခြင်းဆိုင်ရာအဆိုများ

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ရိုးသားဖြောင့်မတ်မှုနှင့်ပတ်သက်သော စကားပုံ၊ ဆိုရိုးစကား၊ စာအုပ်များကို ကြားဖူး၊ဖတ်ဖူးခြင်းရှိ၊ မရှိ မေးမြန်းပါ။ (မှတ်ချက်- ရိုးရိုးကျင့်၊မြင့်မြင့်ကြံ ဆောင်ပုဒ်ကို ဥပမာပေးနိုင်ပါသည်။)
- ရိုးသားဖြောင့်မတ်မှုနှင့်ပတ်သက်သော အဆိုများကို မိမိတို့အမြင်၊ မိမိတို့အယူအဆများကို ဆွေးနွေးကြရမည်ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** (၁၀)မိနစ်

- ယေဘုယျအားဖြင့် နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတွင် ရိုးသားဖြောင့်မတ်ခြင်းနှင့်ဆိုင်သောအဆိုများ ရှိကြောင်း ရှင်းပြပါ။ ဥပမာ-

(က) "သူ့ကိုမမှားမလှည့်စားနှင့်၊ စကားစမြည်၊ မြွက်သည်စစ၊ ပြောသမျှကိုမှန်လှစေ"
(ရှင်မဟာရဋ္ဌသာရ ဆုံးမစာ ကောက်နုတ်ချက်)

(ခ) "ရိုးသားဖြောင့်မတ်ခြင်းသည်ကား အကောင်းမွန်ဆုံးသော မူဝါဒဖြစ်သည်။" (ဘင်ဂျမင် ဖရန့်ကလင်)

(ဂ) "ရိုးသားဖြောင့်မတ်ခြင်းသည် တစ်စုံတစ်ယောက်ကစောင့်ကြည့်မနေသည့်တိုင် မှန်ကန်သည့်အရာကို ပြုလုပ် ခြင်းပင်ဖြစ်သည်။" (စီ၊အက်စ်၊လူးဝစ် )

(ဃ) "သဘောမတူညီကြောင်းကို ရိုးသားပွင့်လင်းစွာပြောခြင်းသည် တိုးတက်မှုအတွက် လက္ခဏာကောင်း ဖြစ်သည်။" (မဟတ္တမဂန္ဒီ)

အထက်ပါအဆိုများအနက်မှ (က)နှင့် (ခ) အဆို ၂ ခု၏ အဓိကဆိုလိုချက်ကို ဆရာကရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၂၀) မိနစ်

ကျောင်းသားများကို အုပ်စုများဖွဲ့ပါ။ အထက်ဖော်ပြပါ အဆို (ဂ)၊ (ဃ)များအနက်မှ အုပ်စုတစ်ခုလျှင် အဆိုတစ်ခုစီကိုပေး၍ ထိုအဆိုများ၏ အဓိကဆိုလိုချက်ကို မိမိတို့မည်သို့နားလည်သည့်အတိုင်း အချင်းချင်း ဆွေးနွေးရန်ပြောပါ။ ဆရာက ကျောင်းသားများကို လှည့်လည်ကြည့်ရှုပြီး နားလည်ရခက်ခဲသည့်အချက်များရှိပါက ရှင်းပြပါ။ ထို့နောက် ဆွေးနွေးထားသည့်အချက်များ တူညီသည့်အုပ်စုများ အချင်းချင်း ပြန်လည်ဆွေးနွေး၍ အတန်းသို့ပြန်လည်တင်ပြနိုင်ရန် ပြင်ဆင်ပါစေ။

DBE BOX - Copyright Protected

**နမူနာအဖြေများ**

(မှတ်ချက်- နမူနာအဖြေမျှသာဖြစ်ပြီး ကျောင်းသားများ၏ ကျိုးကြောင်းဆီလျော်သော အဖြေတိုင်းကို လက်ခံပေးရန်ဖြစ်သည်။)

| အဆို | အဓိကဆိုလိုချက် |
|---|---|
| (က) | တစ်ဦးနှင့်တစ်ဦး ပြောဆိုဆက်ဆံရာတွင် လိမ်ညာလှည့်စားခြင်းမရှိဘဲ မှန်ကန်သည့်စကားကိုသာ ပြောဆိုရမည်။ မှန်ကန်သောစကားကိုပြောဆိုခြင်းသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုတည်ဆောက်ရာတွင် အလွန်အရေးပါသည်။ သို့မှသာရေရှည်တည်တံ့သော ဆက်ဆံရေးကို ထူထောင်နိုင်မည်။ |
| (ခ) | ရိုးသားဖြောင့်မတ်ခြင်းသည် အကောင်းဆုံး မူဝါဒဖြစ်ပြီး မရိုးမသား လိမ်ညာလှည့်ဖြားခြင်းသည် တစ်ခဏတာမျှ အောင်မြင်မှုရနိုင်သော်လည်း ရေရှည်တွင် ဆိုးကျိုးသာဖြစ်ပေါ် စေသည်။ |
| (ဂ) | စောင့်ကြည့်သည်ဖြစ်စေ မကြည့်သည်ဖြစ်စေ အမှန်တရားကိုသာ ဆောင်ရွက်ရမည်ဟုဆိုလိုကြောင်း၊ ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို မပြုလုပ်ခြင်းပင်ဖြစ်ကြောင်း၊မကောင်းမှု မမှန်ကန်သောအရာများကို မိမိဆောင်ရွက်မိသည့်အခါ မည်သူမျှမသိသည့်တိုင် မိမိကိုယ်ကို လိမ်ညာ၍မရကြောင်း၊ ထို့ကြောင့် မကောင်းမှုကို ဆိတ်ကွယ်ရာအရပ်၌ပင် မပြုလုပ်သင့်ကြောင်းကို ဆိုလိုရင်းဖြစ်သည်။ |
| (ဃ) | မိမိ သဘောမတူနိုင်သည့်အရာကို သဘောမတူကြောင်း ရိုးသားပွင့်လင်းစွာ ပြောဆိုရန်လိုအပ်သည်။ သို့မှသာ နောင်အခါတွင် မလိုလားအပ်သော ပြဿနာများကို ရှောင်ရှားနိုင်မည်။ |

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အုပ်စုကိုယ်စား ကျောင်းသားတစ်ဦးစီက မိမိတို့ဆွေးနွေးထားသည်များကို အတန်းသို့ပြန်လည် တင်ပြပါစေ။
- ထို့နောက် ထိုအချက်များကို အခြားကျောင်းသားများ လက်ခံခြင်းရှိမရှိ မေးမြန်း၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

DBEBOX - Copyright Protected

## စာသင်ချိန်(၃) ရိုးသားဖြောင့်မတ်သူ၏အရည်အသွေးများ

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ယခင်စာသင်ချိန်တွင် သင်ယူခဲ့ရသောအကြောင်းအရာများကို ပြန်လည်မေးမြန်းခြင်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါ။ နမူနာမေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။
  (က) ရိုးသားခြင်းဆိုသည်ကိုမိမိနားလည်သလိုပြန်ရှင်းပြပါ။
  (ခ) ရိုးသားဖြောင့်မတ်စွာနေထိုင်ရန် အဘယ်ကြောင့် အရေးကြီးသည်ဟု ထင်ပါသနည်း။
- ယခု သင်ခန်းစာတွင် ရိုးသားဖြောင့်မတ်သူ၏ အရည်အသွေးများနှင့် ထိုအရည်အသွေးများကို နေ့စဉ်ဘဝတွင် မည်ကဲ့သို့ကျင့်သုံးရမည်ကို ဆွေးနွေးရမည်ဖြစ်ကြောင်းပြောကြားပါ။

**သင်ကြားခြင်း** (၅)မိနစ်

- ရိုးသားဖြောင့်မတ်သူများတွင် မလိမ်ညာခြင်း၊ တာဝန်ယူတတ်ခြင်း၊ ရိုသေလေးစားမှုရှိခြင်း၊ မျှတမှုရှိခြင်း၊ ယုံကြည်အားကိုးထိုက်ခြင်းစသည့် အရည်အသွေးများရှိကြကြောင်း ရှင်းပြပါ။
- ထိုအရည်အသွေးများသည် နမူနာမျှသာဖြစ်ပြီး အခြားအရည်အသွေးများလည်းရှိသေးကြောင်း၊ ထိုအရည်အသွေးများကို စဉ်းစားဖော်ထုတ်ဆွေးနွေးကြရန်နှင့် ထိုအရည်အသွေးများကို နေ့စဉ်ဘဝတွင် မည်ကဲ့သို့ ကျင့်သုံးရမည်ကို ဆွေးနွေးကြရမည်ဖြစ်ကြောင်း ရှင်းပြပါ။ ပေးထားသောဇယားပါ နံပါတ် (၁) မှ (၃)ကို နမူနာအဖြစ် ဆရာက ရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။
- ဆရာ၏သင်ကြားမှုတွင် မပါရှိသေးသည့် ရိုးသားဖြောင့်မတ်သူတစ်ဦးတွင်ရှိသင့်သည့် အခြားအရည်အချင်းများ ရှိနိုင်သဖြင့် အနည်းဆုံးတစ်ခု စဉ်းစားဆွေးနွေးရန်ပြောပါ။
- ရိုးသားဖြောင့်မတ်သူ၏ အရည်အသွေးတစ်ခုစီအလိုက် မိမိတို့၏နေ့စဉ်ဘဝတွင် အသုံးပြုမည့် သို့မဟုတ် အသုံးပြုလေ့ရှိသည့် နည်းလမ်းများကို ဆွေးနွေးကြရန်ပြောပါ။

| **ရိုးသားဖြောင့်မတ်သူ၏အရည်အသွေးများ** | **နေ့စဉ်ဘဝတွင်အသုံးပြုရမည့်နည်းလမ်းများ** |
|---|---|
| ၁။မလိမ်ညာခြင်း | စကားပြောဆိုဆက်ဆံရာတွင် လိမ်ညာမှုမရှိဘဲ မှန်ကန်စွာပြောဆိုဆက်ဆံမည်။ |
| ၂။တာဝန်ယူတတ်ခြင်း | ကျရာတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်မည်။ |
| ၃။ရိုသေလေးစားမှုရှိခြင်း | မည်သူ့ကိုမဆို အပြန်အလှန်ရိုသေလေးစားမှုဖြင့် ပြောဆိုဆက်ဆံမည်။ |
| ၄။မျှတမှုရှိခြင်း | ပြဿနာများ၊အငြင်းပွားမှုများနှင့်ကြုံတွေ့ရသည့် အခါမှန်ကန်သည့်ဘက်တွင် ရပ်တည်မည်။ |
| ၅။ယုံကြည်အားကိုးထိုက်ခြင်း | အခြားသူများ၏အခက်အခဲများကို တတ်စွမ်းသမျှ ကူညီဖြေရှင်းပေးမည်။ |
| ၆။ အခြား(ရှိပါက) | အခြား(ရှိပါက) |

မှတ်ချက်။ နမူနာဖော်ပြချက်များသာဖြစ်ပြီး ကျောင်းသားများ၏ဆွေးနွေးမှုများကို လက်ခံပေးရန်ဖြစ်သည်။

DBE BOX - Copyright Protected

- အုပ်စုလိုက်ဆွေးနွေးပြီးပါက အုပ်စုလိုက်အတန်းသို့တင်ပြဆွေးနွေးကြပါစေ။
  ထိုသို့ဆွေးနွေးရာတွင် ကျန်သောကျောင်းသားများက မေးခွန်းများမေးမြန်းလိုပါက မေးနိုင်ပြီး တင်ပြသူက ပြန်လည် ဖြေရှင်းပေးရန်ဖြစ်သည်။ လိုအပ်ချက်များကိုဆရာက ဖြည့်စွက်ဖြေကြားပေးရန် ဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

အောက်ပါမေးခွန်းများကို တစ်တန်းလုံးကို မေးမြန်းပါ။

(က) ရိုးသားဖြောင့်မတ်သူ၏ အရည်အသွေးများကို နေ့စဉ်လက်တွေ့ကျင့်သုံးနိုင်မည်လား။

(ခ) ရိုးသားဖြောင့်မတ်စွာ ကျင့်ကြံနေထိုင်ပါက လူများက သင့်ကို မည်သို့ ဆက်ဆံလာမည်ဟု ထင်ပါသနည်း။

- ရိုးသားဖြောင့်မတ်သူ၏ အရည်အသွေးများနှင့်နေ့စဉ်ဘဝတွင် အသုံးပြုရမည့် နည်းလမ်းများကို ဆွေးနွေးပြီးဖြစ်သဖြင့် ကျောင်းသားများသည် ထိုအရည်အသွေးနှင့် နည်းလမ်းများကို လက်တွေ့ကျင့်သုံးရမည်ဖြစ်ကြောင်း ပြောကြားပြီးသင်ခန်းစာကိုနိဂုံးချုပ်ပါ။

**စာသင်ချိန်(၄) ရိုးသားဖြောင့်မတ်သူ၏အရည်အသွေးများနှင့်ဖြစ်ရပ်လေ့လာခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ကျောင်းသားများကို ရိုးသားဖြောင့်မတ်စွာ နေထိုင်ရန်ခက်ခဲသည့် အခြေအနေမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရပါက မည်သို့ဆောင်ရွက်သင့်ကြောင်းကို ဆွေးနွေးကြမည်ဖြစ်ကြောင်း ရှင်းပြပြီး သင်ခန်းစာကို နိဒါန်းပျိုးပါ။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

အချက်အလက်များကို လေ့လာဆွေးနွေးခြင်း-

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့စေပြီး ကျောင်းသုံးစာအုပ် စာမျက်နှာ(၁၁)ပါ ရိုးသားဖြောင့်မတ်သူ၏ အရည်အသွေးများ စာပိုဒ်ကိုလေ့လာဆွေးနွေးရန် ပြောပါ။
- အောက်ပါမေးခွန်းများကိုဆွေးနွေးဖြေဆိုကြပါစေ။

(က)သင့်ကိုရိုးသားသူ၊ဖြောင့်မတ်တည်ကြည်သူဟုအခြားသူများယုံကြည်ပါကမည်သို့ခံစားရပါသနည်း။

(ခ)အခြားသူများက သင့်အားရိုးသားဖြောင့်မတ်စွာဆက်ဆံပါကသင်မည်သို့ ခံစားရပါသနည်း။

(ဂ) ရိုးသားဖြောင့်မတ်သူတစ်ဦးဖြစ်လာစေရန်မည်ကဲ့သို့ ကျင့်ကြံနေထိုင်မည်နည်း။ သူငယ်ချင်းများနှင့် ဆွေးနွေးပြီး ကျင့်ကြံနေထိုင်ရမည့်အပြုအမူ ၊အပြောအဆိုများကိုစာရင်းပြုစုပါ။

ဖြစ်ရပ်လေ့လာခြင်း

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပြီး ကျောင်းသုံးစာအုပ် စာမျက်နှာ(၁၁)ပါ ကျော်ကျော်နှင့်သူ၏ သူငယ်ချင်းများ အကြောင်းရေးသားထားသော ဖြစ်ရပ်ကိုလေ့လာပါစေ။
- အောက်ပါမေးခွန်းများကိုဆွေးနွေးဖြေဆိုကြပါစေ။

၁။ ဖြစ်ရပ်တွင် ကျော်ကျော်အတွက် အမှန်တရားကို ပြောရန်ခက်ခဲသည်ဟုထင်ပါသလား။ အဘယ်ကြောင့်နည်း။

၂။ သင်သာကျော်ကျော်ဆိုလျှင်မည်ကဲ့သို့ပြုလုပ်မည်နည်း။

(က) သူငယ်ချင်းများအား ဘောလုံးကိုနေရာတကျပြန်ထားရန်ပြောမည်။

(ခ) ဆရာကိုအကြောင်းကြားမည်။

(ဂ) ဆရာကမေးသောအခါ မသိပါဟု ပြောမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- ကျောင်းသူကျောင်းသားများသည် ဖြောင့်မတ်တည်ကြည်စွာ ကျင့်ကြံပြောဆိုနေထိုင်ရန် လိုအပ်ကြောင်း၊ ဖြောင့်မတ်တည်ကြည်သူ၏ အရည်အသွေးများကို လေ့လာပြီး နေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံးသင့်ကြောင်း၊ ခက်ခဲသောအခြေအနေများကို ရင်ဆိုင်ကြုံတွေ့ရသည့်တိုင် ဖြောင့်မတ်တည်ကြည်မှုကိုသာ ဦးစားပေးရမည်ဖြစ်ကြောင်း ရှင်းပြပြီး သင်ခန်းစာကိုနိဂုံးချုပ်ပါ။

**သင်ခန်းစာ(၁.၄) အေးချမ်းသာယာ မိသားစုကမ္ဘာ　　　　စုစုပေါင်းစာသင်ချိန် ၂ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်　　　　တစ်ချိန် ၄၅ မိနစ်**

- မေတ္တာတရားကို နေ့စဉ်ဘဝတွင် လက်တွေ့ကျင့်သုံးခြင်းဖြင့် အေးချမ်းသာယာသော မိသားစုဖြစ်လာစေရန်

DBE BOX Copyright Protected

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- နွေးထွေးရိပ်မြုံကဗျာတွင် ပါဝင်သော မိသားစုအတွင်း လက်တွေ့ကျင့်သုံးရမည့် ချစ်ခင်မြတ်နိုးဖွယ်ရာ အမူအကျင့်ကောင်းများကို အုပ်စုလိုက်ဆွေးနွေးဖော်ထုတ်နိုင်ရန် စက္ကူကားချပ်နှင့် ဆော့ပင်တို့ကို ပြင်ဆင်ထားပါ။ကားချပ် အလွယ်တကူ ရှာ၍မရပါက စာရွက်နှင့်ဆော့ပင်တို့ကို အသုံးပြုနိုင်ပါသည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- မိသားစုအတွင်း တစ်ဦးနှင့်တစ်ဦး ကောင်းမွန်သောဆက်ဆံရေးရရှိစေရန် ဆောင်ရွက်ရမည့်အချက်များကို အုပ်စုဖွဲ့၍ သူငယ်ချင်းများနှင့်အတူ စဉ်းစားပြီး အတန်းတွင်းအခြားအုပ်စုများကို မျှဝေခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration/Group work)၊ သရုပ်ဆောင် ကစားခြင်းလုပ်ငန်းတွင် ပါဝင်သရုပ်ဆောင်၍ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ပြောဆိုခြင်း (Communication)၊ မိသားစုတစ်စုနှင့်တစ်စု မတူညီသောဆက်ဆံရေးများကို ဖြေရှင်းညှိနှိုင်းရန် အချက်အလက်များကိုရှာဖွေခြင်း (Problem Solving)အစရှိသည့် ကျွမ်းကျင်မှုများကို ရရှိစေနိုင်ပါသည်။

**စာသင်ချိန်(၁) ချစ်ခင်မြတ်နိုးဖွယ် အမူအကျင့်ကောင်းများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများကိုမေး၍သင်ခန်းစာကိုစတင်မိတ်ဆက်ပါ။
    - (၁) လူကြီးမိဘများနှင့်စကားပြောဆိုဆက်ဆံရာတွင် မည်သို့ပြောဆို ဆက်ဆံသင့်ပါသနည်း။
    - (၂) လူကြီးမိဘများကဆုံးမစကားပြောသောအခါ လိုက်နာဆောင်ရွက်ရန်အဘယ်ကြောင့်လိုအပ်ပါသနည်း။
    - (၃) မိမိထက်အသက်ငယ်သောညီလေး၊ညီမလေးများကို သနားညှာတာမှုဖြင့် ဆက်ဆံရန်အဘယ်ကြောင့် လိုအပ်ပါသနည်း။
    - (၄) မိသားစုဝင်အချင်းချင်း ချစ်ခင်မြတ်နိုးတန်ဖိုးထားဆက်ဆံရန် အဘယ်ကြောင့်လိုအပ်ပါသနည်း။

**သင်ကြားခြင်း** (၂၀)မိနစ်

- မိသားစုဝင်အချင်းချင်း ယဉ်ကျေးသိမ်မွေ့သော အပြုအမူ၊အပြောအဆိုများဖြင့် ဆက်ဆံခြင်း၊ အပြန်အလှန် ရိုသေလေးစားမှုဖြင့်ဆက်ဆံခြင်းနှင့် ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်ခြင်းဖြင့် အေးချမ်းသာယာသောမိသားစုဘဝကို ရရှိစေကြောင်းပြောပြပါ။ ကျောင်းသားများ အရေအတွက်အရအုပ်စုငယ်များဖွဲ့ပါ။ ထို့နောက် ကျောင်းသုံးစာအုပ်စာမျက်နှာ(၁၃)ပါ "နွေးထွေးရိပ်မြုံ" ကဗျာကို ကျောင်းသားများ ရွတ်ဆို၍လေ့လာပါစေ။ ကဗျာတွင် ပါဝင်သော အချက်များကို အုပ်စုလိုက်ဆွေးနွေးဖော်ထုတ်ပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၅)မိနစ်

- အောက်ပါတို့ကိုဆွေးနွေးဖြေဆိုပါစေ။
    - (က) မိဘများကို မည်သို့ ဆက်ဆံရမည်နည်း။
    - (ခ) မိမိ၏ညီအစ်ကိုမောင်နှမများကို မည်သို့ ဆက်ဆံသင့်သနည်း။
    - (ဂ) မိမိနှင့်အတူတကွ နေထိုင်ကြသူများနှင့် ဆက်ဆံရာတွင် အသုံးပြုသင့်သော အမူအကျင့်များကို ဖော်ပြပါ။
- ဆရာက ကျောင်းသားများ၏ တင်ပြချက်များကို နားထောင်ပြီး လိုအပ်ချက်များကို ဖြည့်စွက်ပေးခြင်းဖြင့် ချစ်ခင်မြတ်နိုးဖွယ်ရာ အမူအကျင့်များကို လက်တွေ့ကျင့်သုံးရမည်ဖြစ်ကြောင်း ပြောပြခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါ။
- ယနေ့ဖွဲ့ထားသောအုပ်စုအတိုင်း နောက်တစ်နေ့စာသင်ချိန်တွင် အုပ်စုဖွဲ့သရုပ်ဆောင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရမည်ပြောပါ။
- အုပ်စုငယ်များက မိသားစုတွင်း ချစ်ခင်မြတ်နိုးဖွယ်ရာအမူအကျင့်များ လက်တွေ့ကျင့်သုံးခြင်းဖြင့် အေးချမ်းသာယာသော မိသားစုတစ်စု ဖြစ်လာပုံကို သရုပ်ဆောင်ရမည်ပြောပါ။

DBE-BOY - Copyright Protected

- မိသားစုအတွင်းအဘိုး၊ အဘွား၊ အဖေ၊ အမေနှင့် ညီအစ်ကိုမောင်နှမများ၏ အခန်းကဏ္ဍများကို အုပ်စုငယ်အတွင်း သရုပ်ဆောင်ရွေးချယ်ပါ။
- မိမိတို့၏အခန်းကဏ္ဍများကိုလည်း သရုပ်ဆောင်နိုင်ရန် အုပ်စုအတွင်းကိုယ်ပိုင် ဇာတ်လမ်းတစ်ပုဒ်စီ တည်ဆောက်ပါစေ။ နောက်တစ်နေ့စာသင်ချိန်တွင် ကျောင်းသားများကို အုပ်စုဖွဲ့သရုပ်ဆောင်ရမည်ဟု ပြောပါ။

## စာသင်ချိန်(၂) မေတ္တာတရားကို မိမိမိသားစုတွင် လက်တွေ့ကျင့်သုံးခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ဆရာကကျောင်းသားများ၏ အုပ်စုလိုက် ရေးသားထားသော ကိုယ်ပိုင်ဇာတ်လမ်းများကို သရုပ်ဆောင်ရန် ပြင်ဆင်ချိန်ပေးပါ။
- ကျောင်းသားများ အဆင်သင့်ဖြစ်ပါက အုပ်စုဖွဲ့ သရုပ်ဆောင်ခြင်းလုပ်ငန်းကို စတင်ပါ။

**လေ့ကျင့်ခြင်း(အုပ်စုလိုက် သရုပ်ဆောင်ခြင်းလုပ်ငန်း)** (၃၀)မိနစ်

- အုပ်စုတွင်းမှကျောင်းသားများ၏ သရုပ်ဆောင်သည့် မိသားစုအခန်းကဏ္ဍများနှင့် ချစ်ခင်မြတ်နိုးဖွယ်ရာ အမူအကျင့်များကျင့်သုံးထားပုံကို ဆရာက သုံးသပ်ပေးခြင်းနှင့်ဖြည့်စွက်ပေးခြင်း ပြုလုပ်ပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းကို စဉ်းစားဖြေဆိုပါ။
  - မိသားစုတွင်းဆက်ဆံရာတွင် ပြောဆိုပြုမူရမည့် ချစ်ခင်မြတ်နိုးဖွယ် အမူအကျင့်များအနက် အရေးကြီးဆုံးဟုထင်သော အမူအကျင့် ၃ ခုကို ဖော်ပြစေ၍ အဘယ်ကြောင့်အရေးကြီးဆုံးဖြစ်သည်ဟု ထင်ပါသနည်း။
- သင်ခန်းစာ၏ အဓိကအချက်ကို ကျောင်းသားများအားပြောပြ၍ နိဂုံးချုပ်ဆိုပါ။

**အဓိကအချက်**

- မိသားစုဝင်အချင်းချင်း ချစ်ခင်ကြင်နာမှုရှိခြင်း၊ နားလည်ခြင်း၊ သည်းခံခွင့်လွှတ်တတ်ခြင်း၊ ရိုးသားပွင့်လင်းမှုရှိခြင်းနှင့် ကူညီတတ်ခြင်းဖြင့် အေးချမ်းသာယာသောမိသားစုဘဝကို တည်ဆောက်နိုင်သည်။

အခန်း(၁)၊ လူမှုကျင့်ဝတ်ကို ပြန်လည်သုံးသပ်ရန်အတွက် ကြိုတင်စီစဉ်ပေးပါ။

- ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုငယ်များသင့်လျော်သလိုဖွဲ့ပါ။
- သင်ကြားခဲ့ပြီးသော သင်ခန်းစာများကို ပြန်လည်သုံးသပ်တင်ပြရမည်ဖြစ်ကြောင်းပြောပါ။
- ထို့ပြင် ကျောင်းစာကြည့်တိုက် သို့မဟုတ် ရပ်ရွာအတွင်းရှိ စာကြည့်တိုက်များသို့ အုပ်စုလိုက်သွား၍ သင်ကြားခဲ့ပြီးသော သင်ခန်းစာများနှင့် သက်ဆိုင်သောစာပေများ၊ ပုံပြင်များကို ကြိုတင်ဖတ်ရှုလေ့လာရန် ပြောပါ။
- ပြီးလျှင် အုပ်စုလိုက် ဆွေးနွေးညှိနှိုင်း၍ သင်ခန်းစာတစ်ခုစီနှင့် လျော်ညီသော သုံးသပ်ချက်များကို အတန်းအားတင်ပြ ရမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်ကြုံတွေ့ဖူးသော အတွေ့အကြုံများကိုလည်း တင်ပြနိုင်ကြောင်း ကြိုတင်အသိပေးပါ။

## အခန်း(၁)ကို ပြန်လည်သုံးသပ်ခြင်း

**စုစုပေါင်းစာသင်ချိန် ၁ ချိန်**
**တစ်ချိန် ၄၅ မိနစ်**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

အခန်း(၁)၊ လူမှုကျင့်ဝတ်ကို ပြန်လည်သုံးသပ်ရန်ညွှန်ကြားပါ။ ကျောင်းသူကျောင်းသားများအား ကြိုတင်မှာကြားခဲ့သည်များကို ပြန်ပြောပြပါ။

DBE BOX - Copyright Protected


**လေ့ကျင့်ခြင်း** (၃၀)မိနစ်

ကျောင်းသားများဆွေးနွေးနေစဉ် လှည့်လည်ကြည့်ရှုပါ။ သုံးသပ်ချက်များကို အတန်းအား တင်ပြရန်ပြောပါ။ အဖွဲ့တစ်ဖွဲ့က တင်ပြနေစဉ် အခြားအဖွဲ့များကို ဂရုတစိုက်နားထောင်ရန်ပြောပါ။ မတူညီသောအချက်များကို တင်ပြရန်အားပေးပါ။ တင်ပြချက်များကို ဆီလျော်မှုရှိမရှိ တစ်တန်းလုံးဆွေးနွေးဆုံးဖြတ်ပါ။ လိုအပ်ချက်များရှိပါက ဖြည့်စွက်ဆွေးနွေးပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

မိသားစုဝင်များနှင့် ဆက်ဆံရာတွင် တစ်ဦးနှင့်တစ်ဦးယဉ်ကျေးသိမ်မွေ့သည့် အပြုအမူ၊အပြောအဆိုများဖြင့် ဆက်ဆံရမည်ဖြစ်ကြောင်း၊ အပြန်အလှန် ရိုသေလေးစားသော အပြုအမူများ ရှိရမည်ဖြစ်ကြောင်း၊ မိသားစုအတွင်း ရိုးသားဖြောင့်မတ်စွာ ဆက်ဆံရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိနှင့်မိသားစု၏ ဂုဏ်သိက္ခာမြင့်မားပြီး အေးချမ်းသာယာသောမိသားစုဘဝကို ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်းပြောပြ၍ အခန်း(၁)၊ လူမှုကျင့်ဝတ်ကို နိဂုံးချုပ်ပါ။

**အခန်း(၁)ကို ပြန်လည်သုံးသပ်ခြင်း**




DBE BOX - Copyright Protected

## အခန်း(၁) အဓိကအချက်များ

- လူတစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် မိမိ၏အပြုအမူ၊အပြောအဆိုတို့သည် အခြားသူများကို ထိခိုက်နစ်နာစေခြင်း၊ အနှောင့်အယှက်ဖြစ်စေခြင်းမရှိဘဲ ပြုမူပြောဆိုဆက်ဆံရမည်။
- လူတိုင်းသည် မိမိ၏မိသားစုဝင်များနှင့်ဖြစ်စေ၊ အခြားသူများနှင့်ဖြစ်စေ ယဉ်ကျေးသိမ်မွေ့သော အပြုအမူ၊ ချိုသာသော အပြောအဆိုများဖြင့် ပြုမူပြောဆိုဆက်ဆံရမည်။
- လူတစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် သူတစ်ပါးအပေါ် အလေးထားခြင်း၊ ဦးစားပေးခြင်း၊ မိမိကိုယ်ကို နှိမ့်ချစွာဆက်ဆံခြင်းသည် ရိုသေလေးစားခြင်းပင်ဖြစ်သည်။
- မိသားစုဝင်အချင်းချင်း အပြန်အလှန်ရိုသေလေးစားမှုရှိခြင်းသည် ပျော်ရွှင်ဖွယ်ကောင်းသောမိသားစုဘဝကို ရရှိစေနိုင်ပါသည်။
- ကျောင်းသားများသည် ရိုးသားဖြောင့်မတ်စွာ ကျင့်ကြံပြောဆိုနေထိုင်ရန်လိုအပ်သည်။
- ရိုးသားဖြောင့်မတ်သူ၏ အရည်အသွေးများကို လေ့လာပြီး နေ့စဉ်ဘဝတွင်လိုက်နာကျင့်သုံးသင့်သည်။
- ခက်ခဲသောအခြေအနေများကို ရင်ဆိုင်ကြုံတွေ့ရသည့်တိုင် ရိုးသားဖြောင့်မတ်မှုကိုသာ ဦးစားပေးရမည်ဖြစ်သည်။
- မိသားစုဝင်အချင်းချင်း ချစ်ခင်ကြင်နာမှုရှိခြင်း၊ နားလည်ခြင်း၊ သည်းခံခွင့်လွှတ်တတ်ခြင်း၊ ရိုးသားပွင့်လင်းမှုရှိခြင်းနှင့် ကူညီတတ်ခြင်းဖြင့် အေးချမ်းသာယာသော မိသားစုဘဝကို တည်ဆောက်နိုင်သည်။

DBE BOX - Copyright Protected

# အခန်း(၂)
# အခွင့်အရေးနှင့်တာဝန်

## သင်ယူမှုရလဒ်များ

ဤအခန်းပြီးဆုံးသောအခါ ကျောင်းသားများသည်

- အခွင့်အရေးနှင့်တာဝန်၏အဓိပ္ပာယ်ကို ရှင်းပြတတ်မည်။
- မိသားစု၏အဓိပ္ပာယ်နှင့် မိသားစုအတွင်း တာဝန်ခွဲဝေယူခြင်းသည် အရေးကြီးကြောင်း ရှင်းပြတတ်မည်။
- မိသားစုအတွင်း မိမိတို့၏ အခွင့်အရေးများကိုဖော်ပြနိုင်ပြီး တာဝန်ယူမှုများနှင့် အခန်းကဏ္ဍများကို ခွဲခြားတတ်လာမည်။
- ကျောင်း၌မိမိတို့ရရှိသင့်သော အခွင့်အရေးများကို ဖော်ထုတ်နိုင်ပြီး ထိုအခွင့်အရေးများနှင့် လျော်ညီသော တာဝန်များကို လက်တွေ့ဘဝတွင် ဆောင်ရွက်တတ်လာမည်။
- မိမိနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားပြီး ဘိုးဘွားအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတို့တွင် အပြည့်အဝတာဝန်ရှိကြောင်း သိရှိနားလည်၍တာဝန်ယူစိတ်များဖြစ်ပေါ်လာမည်။

**သင်ခန်းစာ(၂.၁) အခွင့်အရေးနှင့်တာဝန်မိတ်ဆက်　　　　စုစုပေါင်းစာသင်ချိန် ၃ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ　　　　တစ်ချိန် ၄၅ မိနစ်**

- အခွင့်အရေးနှင့်တာဝန်၏အဓိပ္ပာယ်ကို ရှင်းပြတတ်ရန်
- အခွင့်အရေးနှင့်တာဝန်ကို ယှဉ်တွဲဖော်ပြတတ်ပြီး လက်တွေ့ဘဝတွင် ကျင့်သုံးတတ်စေရန်
- တာဝန်ကိုသိပြီး ကျေပွန်စွာထမ်းဆောင်တတ်စေရန်

## သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း

- အခွင့်အရေးနှင့်တာဝန် ကတ်ပြားငယ်များ ပြင်ဆင်ပါ။ ကျောင်းသုံးစာအုပ်ပါ အခွင့်အရေးနှင့် ကိုက်ညီသော တာဝန်များကို ကျေပွန်အောင် ဆောင်ရွက်သင့်သည့်နည်းလမ်းများနှင့် ယှဉ်တွဲဖော်ပြနိုင်ရန်အတွက်လည်း ကားချပ် ပြင်ဆင်ထားပါ။ ဆော့ပင် တိပ် ကတ်ကြေး ပြင်ဆင်ထားပါ။

## ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ

ကျောင်းသားများသည် အခွင့်အရေးနှင့်စပ်လျဉ်းသော တာဝန်များကို စဉ်းစားပြီး သူငယ်ချင်းများနှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊ အခွင့်အရေးဆိုင်ရာ အချက်အလက်များကိုဖော်ထုတ်ခြင်း (Creative Thinking)၊ရရှိသော အခွင့်အရေးများအပေါ် တာဝန်ကျေအောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့သားကောင်းဖြစ်ခြင်း ( Citizenship) စသည့် ကျွမ်းကျင်မှုများ ရရှိလာမည်။

## စာသင်ချိန်(၁) အခွင့်အရေးနှင့်တာဝန်မိတ်ဆက်

**သင်ခန်းစာမိတ်ဆက်ခြင်း**　　　　(၅)မိနစ်

- အောက်ပါမေးခွန်းများကို မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါ။
  (က) အခွင့်အရေးဆိုသည့် စကားလုံးကို သင်မည်သို့နားလည်ပါသနည်း။
  (ခ) တာဝန်ဆိုသည့် စကားလုံးကို သင်မည်သို့နားလည်ပါသနည်း။
- ကျောင်းသားများ၏ ထင်မြင်ယူဆချက်များကို တင်ပြခွင့်ပေးပါ။

DBE BOX - Copyright Protected

**သင်ကြားခြင်း** (၁၀)မိနစ်

ဆရာက အခွင့်အရေးနှင့်တာဝန်၏အဓိပ္ပာယ်ကို အောက်ပါအတိုင်း ရှင်းပြပါ။

အခွင့်အရေးဆိုသည်မှာ အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ၊ နောက်ခံအခြေအနေ သို့မဟုတ် ယုံကြည်မှုများကို မခွဲခြားဘဲ လူအားလုံး မျှဝေရယူနိုင်သော အရာဖြစ်သည်။

(ဥပမာ-လူသားတစ်ယောက်သည် ကမ္ဘာပေါ်တွင် ရှင်သန်နေထိုင်ခွင့်ရှိသည်။)

တာဝန်ဆိုသည်မှာ မိမိကိုယ်တိုင်က လုပ်ဆောင်ရမည်ဟု ခံယူသိရှိထားသော ဆောင်ရွက်ရမည့် အလုပ်ဖြစ်သည်။

(ဥပမာ-ထိုလူသားသည် မိမိရှင်သန်နေထိုင်ရာ ကမ္ဘာလောကကြီးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။)

မှတ်ချက်-အခြားဆီလျော်သည့် ဥပမာများလည်း ပေးနိုင်ပါသည်။

**လေ့ကျင့်ခြင်း** (၂၅)မိနစ်

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။ ကျောင်းသုံးစာအုပ်စာမျက်နှာ(၁၈-၁၉)ပါ ကလေးသူငယ် အခွင့်အရေး နှင့်ဆိုင်သော အခြေအနေပုံများကို အုပ်စုတစ်စုလျှင် ပုံ ၁ ပုံစီ ကျပန်းရွေးချယ်ပေးပါ။ ပုံများတွင် ကလေးများသည် မည်သည့်အခွင့်အရေးများရရှိပြီး မည်သည့်အခွင့်အရေးများ ဆုံးရှုံးနေသည်ကို အချင်းချင်း ဆွေးနွေးရန်ပြောပါ။
- လိုအပ်ပါက ဆရာကပံ့ပိုးကူညီပါ။ အားလုံးပါဝင် ဆွေးနွေးခွင့်ရှိစေရန် ကြိုးကြပ်ပေးပါ။ အခွင့်အရေးဆိုင်ရာ အချက်များကို ရနိုင်သမျှ ဖော်ထုတ်ရန် အားပေးပါ။

ထို့နောက် ရရှိသော သရုပ်ဖော်ပုံအလိုက် အုပ်စုကိုယ်စားတစ်ဦးက အုပ်စု၏ဆွေးနွေးချက်များကို အတန်းသို့ တင်ပြရန် ပြောပါ။

သရုပ်ဖော်ပုံများတွင် အောက်ပါအခွင့်အရေးများကို ကိုယ်စားပြုထားခြင်းဖြစ်ကြောင်း ဆရာက ရှင်းပြပါ။

(က) အသက်ရှင်သန်မှု အခွင့်အရေးများ
(ခ) ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးများ
(ဂ) အကာအကွယ်ပေးရေး အခွင့်အရေးများ
(ဃ) ပါဝင်ဆောင်ရွက်ရေး အခွင့်အရေးများ

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို မေး၍နိဂုံးချုပ်ပါ။

(က) အခွင့်အရေးဆိုသည်မှာ အဘယ်နည်း။
(ခ) တာဝန်ဆိုသည်မှာ အဘယ်နည်း။
(ဂ) ကလေးသူငယ်များသည် မည်သည့်အခွင့်အရေးများ ရရှိရမည်နည်း။

- ထို့နောက် အောက်ပါ အဓိကအချက်ကို ပြော၍ နိဂုံးချုပ်ပါ။

**အဓိကအချက်**

- ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန်၊ ကာကွယ်စောင့်ရှောက်မှုရရှိရန်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ဆက်ခံခွင့်ရရှိရန် အခွင့်အရေးများရှိသည်။

DBE BOX Copyright Protected

**ဆရာအတွက်မှတ်စု**

**အသက်ရှင်သန်မှု အခွင့်အရေးများ**

အသက်ရှင်သန်မှုအပြင် ကျန်းမာရေး၊ နေထိုင်စရာအိမ်၊ အစာအာဟာရနှင့် ဆေးဝါးကုသမှုတို့တွင် အမြင့်ဆုံးစံရရှိရေးတို့ပါ အကျုံးဝင်ပါသည်။

**ဖွံ့ဖြိုးတိုးတက်မှု အခွင့်အရေးများ**

ပညာရေးအမျိုးအစားအားလုံး (ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေး)နှင့် ကလေးသူငယ်၏ ကာယ၊ ဉာဏ၊ စာရိတ္တ၊ စိတ်ဓာတ်နှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုတို့အတွက် လုံလောက်သည့် လူနေမှုအဆင့်အတန်း ရပိုင်ခွင့်တို့ ပါဝင်ပါသည်။ ကစားခွင့်၊ ယဉ်ကျေးမှုဆိုင်ရာလုပ်ငန်းများတွင် ပါဝင်ခွင့်၊ လွတ်လပ်စွာကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ တွေးခေါ်ခွင့်၊ အကျိုးမဲ့နိုင်သော သတင်းအချက်အလက်ရရှိခွင့်တို့ ပါဝင်ပါသည်။

**အကာအကွယ်ပေးရေး အခွင့်အရေးများ**

ခွဲခြားသတ်မှတ်မှု၊ လွဲမှားမှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှုတို့မှ အကာအကွယ်ပေးရေးအပါအဝင်၊ မိသားစုမရှိသော ကလေးများအား အကာအကွယ်ပေးခြင်းနှင့် အရေးပေါ်အခြေအနေ သို့မဟုတ် အထူးအခြေအနေများတွင် ကျရောက်နေသော ကလေးသူငယ်များအား အကာအကွယ်ပေးခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ ညှင်းပန်းနှိပ်စက်ခံရခြင်းတို့မှ အကာအကွယ်ပေးခြင်းများ ပါဝင်ပါသည်။

**ပါဝင်ဆောင်ရွက်ရေး အခွင့်အရေးများ**

ကလေးသူငယ်များအပေါ် သက်ရောက်မှုတစ်ခုခုရှိစေသည့်ကိစ္စရပ်များ၊ ကလေးသူငယ်နှင့် စပ်ဆိုင်သော ကိစ္စအားလုံးတွင် သူ၏ အမြင်ကို ဖွင့်ဟပြောဆိုခွင့်တို့ ပါဝင်ပါသည်။

**စာသင်ချိန်(၂) အခွင့်အရေးနှင့်တာဝန် မိတ်ဆက်(အဆက်)**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅မိနစ်)

အခွင့်အရေးနှင့်တာဝန်၏အဓိပ္ပာယ်ကို ကျောင်းသားများအား ပြန်လည်မေးမြန်း၍ သင်ခန်းစာကို စတင်ပါ။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

- အခွင့်အရေးနှင့်တာဝန်သည် သီးခြားရပ်တည်နေခြင်းမဟုတ်ဘဲ တစ်ခုနှင့်တစ်ခု အပြန်အလှန် ချိတ်ဆက်နေကြောင်း ဆရာက ရှင်းပြပါ။ ကျောင်းသား အရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။ ဆရာက ကျောင်းသုံးစာအုပ်ပါ အခွင့်အရေးတစ်ခုကို ပြောပြီး ထိုအခွင့်အရေးနှင့် သင့်လျော်သောတာဝန်ကို ကျောင်းသားများအား စဉ်းစားခိုင်းပါ။
- အုပ်စုတိုင်းအား အသင့်ပြင်ဆင်ထားသော အခွင့်အရေးနှင့်တာဝန်ကတ်ပြားငယ်များအားပေး၍ ယှဉ်တွဲခိုင်းပါ။ အုပ်စုလိုက်တင်ပြခိုင်းပါ။ အုပ်စုတိုင်းတင်ပြပါစေ။ ထို့နောက် ကျောင်းသုံးစာအုပ်ပါ အခွင့်အရေးနှင့်တာဝန်ယှဉ်တွဲဖော်ပြချက်များကို လေ့လာခိုင်းပါ။
- အုပ်စုလိုက် ယှဉ်တွဲရာ ဖော်ပြချက်များမှန်၊ မမှန်ကို ကျန်အုပ်စုများမှ ကျောင်းသူကျောင်းသားများက ဆုံးဖြတ်ပေးပါစေ။ လိုအပ်ချက်များကို ဆရာက ဖြည့်စွက်ပြင်ဆင်ပါ။
- ထို့နောက် ဆရာက တာဝန်များ (အခွင့်အရေးနှင့် ကိုက်ညီသော)ကို ကျေပွန်အောင် ဆောင်ရွက်သင့်သည့် နည်းလမ်းများကို မေးပါ။

DBE BOX - Copyright Protected

- ဆရာက အောက်ပါဇယားကို ကြိုတင်ပြင်ဆင်ထားပါ။

ကျောင်းသုံးစာအုပ်ပါ တာဝန်များ(အခွင့်အရေးနှင့်ကိုက်ညီသော)ကို
ကျေပွန်အောင် ဆောင်ရွက်သင့်သည့် နည်းလမ်းများ

| စဉ် | အခွင့်အရေး | တာဝန်ကျေပွန်အောင် ဆောင်ရွက်သင့်သည့် နည်းလမ်းများ |
|---|---|---|
| ၁။ | ကလေးများသည်အိမ်၊ ကျောင်းနှင့်မည်သည့် နေရာတွင်မဆို သန့်ရှင်းသောပတ်ဝန်းကျင်တွင် နေထိုင်ခွင့်ရှိသည်။ | (က) အိမ်အလုပ်များကို တတ်စွမ်းသမျှ ကူညီဆောင်ရွက်ခြင်း |
| ၂။ | ကလေးများသည် ပညာသင်ယူခွင့်ရှိသည်။ | |
| ၃။ | ကလေးများသည် လွတ်လပ်စွာတွေးခေါ်ယူဆပိုင်ခွင့်ရှိသည်။ | |
| ၄။ | ကလေးများသည် သင့်တင့်မျှတသော အစားအစာ စားသောက်ခွင့်ရှိသည်။ | |
| ၅။ | ကလေးများသည် အပန်းဖြေအနားယူခွင့်၊ ကစားခွင့်၊ ပါဝင်လုပ်ဆောင်ခွင့်ရှိသည်။ | |
| ၆။ | ကလေးများသည်ကျန်းမာရေး စောင့်ရှောက်မှု ခံယူခွင့်ရှိသည်။ | |

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများမေး၍ နိဂုံးချုပ်ပါ။
  - (က) ကျောင်းသားများတွင် မည်သည့်အခွင့်အရေးများရှိသနည်း။
  - (ခ) အခွင့်အရေးများနှင့်အတူ ထမ်းဆောင်ရမည့်တာဝန်များကို ဖော်ပြပါ။

## စာသင်ချိန်(၃) ဖြစ်ရပ်လေ့လာခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို မေး၍ နိဒါန်းပျိုးပါ။
  - တာဝန်၏အဓိပ္ပာယ်ကိုပြောပြပါ။
  - ပေးအပ်သောတာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ဖူးပါသလား။
  - တာဝန်ကိုကျေပွန်အောင်ထမ်းဆောင်ပြီးသောအခါ သင်မည်ကဲ့သို့ခံစားရပါသနည်း။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

- ကျောင်းသား အရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။
- အုပ်စုတစ်စုချင်းစီအား ကျောင်းသုံးစာအုပ်ပါဖြစ်ရပ်များ (၁၊ ၂၊ ၃၊ ၄)ကို ခွဲဝေပေးပါ။
- ယင်းဖြစ်ရပ်တစ်ခုချင်းစီ၏ သက်ဆိုင်ရာမေးခွန်းများကို ကျောင်းသူကျောင်းသားများအား အုပ်စုအတွင်းဆွေးနွေးရန် ပြောပါ။
- သက်ဆိုင်ရာ ဖြစ်ရပ် မေးခွန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။
  ဥပမာ- ဖြစ်ရပ် (၁) ကို ရရှိသော အုပ်စုမှကျောင်းသားများသည်သက်ဆိုင်ရာမေးခွန်းများကို ဆွေးနွေးရန်ဖြစ်သည်။ ၎င်းတို့မှာ-

DBE BOX - Copyright Protected

(က) ဝင်းဝင်းသည်ဤသို့ ပြုမူသင့်ပါသလား။

(ခ) ဝင်းဝင်း ရွေးချယ်လိုက်သောအပြုအမူ၏ အကျိုးဆက်သည် မည်သို့ဖြစ်လာနိုင်သနည်း။

ဖြစ်ရပ် (၂) အတွက်ကျောင်းသူကျောင်းသားများအား အောက်ပါမေးခွန်းများကိုမေးပါ။

(က) ဝေမိုး၏ ဆုံးဖြတ်ချက်မှန်ကန်ပါသလား။ အဘယ်ကြောင့်နည်း။

(ခ) ဝေမိုးသည် အိမ်ပြန်မလာဘဲ သူငယ်ချင်းများနှင့်ကစားနေပါက မည်သို့ဖြစ်လာနိုင်သနည်း။

ဖြစ်ရပ် (၃) အတွက်ကျောင်းသူကျောင်းသားများအား အောက်ပါမေးခွန်းများကိုမေးပါ။

(က) သင်းသင်း လုပ်ရပ်မှန်ကန်ပါသလား။အဘယ်ကြောင့်နည်း။သင်ဆိုလျှင်မည်သို့ပြုမူမည်နည်း။

(ခ) သင်းသင်းရွေးချယ်လိုက်သောအပြုအမူ၏ အကျိုးဆက်ကို ခန့်မှန်းကြည့်ပါ။

ဖြစ်ရပ် (၄) အတွက်ကလေးများအား အောက်ပါမေးခွန်းများကိုမေးပါ။

(က) သက်ပိုင်တွင် မည်သည့်တာဝန်ရှိသနည်း။

(ခ) သက်ပိုင်၏လုပ်ရပ်ကြောင့် အကျိုးဆက်သည်မည်သို့ ဖြစ်လာနိုင်သနည်း။

- ဆွေးနွေးရန်အချိန် သတ်မှတ်ပေးပါ။ သတ်မှတ်ထားသည့် အချိန်ပြည့်လျှင် အုပ်စုကိုယ်စားတစ်ဦးက ဆွေးနွေး၍ ရရှိသောအဖြေများကို အတန်းသို့တင်ပြရန် ပြောပါ။
- အုပ်စုလိုက် တင်ပြသောအဖြေများကို အခြားအုပ်စုများက အကဲဖြတ်ပါစေ။ လိုအပ်ပါက သင်ခန်းစာရည်ရွယ်ချက်နှင့် ကိုက်ညီသည့်အဖြေများဖြစ်စေရန် ဆရာက ဆွေးနွေးပြင်ဆင်ပေးပါ။
- အဖြေများကို သင်ပုန်းပေါ်တွင် ဆရာကရေးမှတ်ပေးပါ။ ကျောင်းသူကျောင်းသားများအား လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ရန်ပြောပါ။
- ကျောင်းသူကျောင်းသားများ အားလုံးပါဝင်ဖြေဆိုနိုင်ရန် ဆရာက ကူညီပံ့ပိုးပေးပါ။ အဖွဲ့တစ်ဖွဲ့မှ ဖြေဆိုနေချိန်တွင် ကျန်အဖွဲ့များက သေသေချာချာနားထောင်စေရန် ဆရာကကြပ်မတ်ပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများကို မေးပါ။

(က) အခွင့်အရေးဆိုသော စကားရပ်ကို သင်မည်သို့နားလည်သနည်း။

(ခ) တာဝန်ဆိုသော စကားရပ်ကို သင်မည်သို့နားလည်သနည်း။

(ဂ) ကလေးများအတွက် မည်သည့်အခွင့်အရေးများရရှိရန် လိုအပ်သနည်း။

(ဃ) ထိုအခွင့်အရေးများနှင့် လျော်ညီသော ဆောင်ရွက်ရမည့်တာဝန်များကို ဖော်ပြပါ။

- ကျောင်းသူကျောင်းသားများအား တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်သင့်ကြောင်း တစ်ဦးနှင့်တစ်ဦး လေးစားတန်ဖိုးထားရန် လိုအပ်ကြောင်း ပြောကြားပြီး နိဂုံးချုပ်ပါ။

**သင်ခန်းစာ(၂.၂) မိသားစုအတွင်းအခွင့်အရေးနှင့်တာဝန်များ** **စုစုပေါင်းစာသင်ချိန် ၅ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ** **တစ်ချိန် ၄၅ မိနစ်**

- မိသားစု၏အဓိပ္ပာယ်ကိုရှင်းပြတတ်စေရန်
- မိသားစုထဲတွင် မိမိတို့၏အခွင့်အရေးများကို ဖော်ပြနိုင်ပြီး ထိုအခွင့်အရေးများနှင့် လျော်ညီသော တာဝန်ယူမှုများနှင့် အခန်းကဏ္ဍများကို ခွဲခြားတတ်လာစေရန်
- မိသားစုတစ်စုတွင်ရှိရမည့် တာဝန်ဝတ္တရားများကို စနစ်တကျ လိုက်နာကျင့်သုံးတတ်စေရန်

DBE BOX - Copyright Protected

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- မွေးစမှ ယနေ့ထိရရှိခဲ့သော အခွင့်အရေးများကို အုပ်စုလိုက်ဆွေးနွေးပြီး ဖြည့်စွက်နိုင်ရန် ကားချပ်ကို ပြင်ဆင်ထားပါ။ သင်ပုန်းကိုလည်း အသုံးပြုနိုင်ပါသည်။

**ရရှိစေမည့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- မိသားစုအတွင်း မွေးစမှယနေ့အထိရရှိခဲ့သော အခွင့်အရေးများကို ဆွေးနွေးတင်ပြခြင်းဖြင့်(Communication)၊ အခြားသူများ၏ ဆွေးနွေးတင်ပြချက်များကို ဝေဖန်ဆန်းစစ်ခြင်း(Critical Thinking)၊ မတူကွဲပြားသော အမြင်များကိုဖော်ထုတ်ခြင်း (Creative Thinking)နှင့် မိသားစုတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship) စသည့် ကျွမ်းကျင်မှု များရှိလာမည်။

**စာသင်ချိန်(၁) မိသားစုအတွင်း အခွင့်အရေးနှင့်တာဝန်များ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- ကျောင်းသားများအား အောက်ပါမေးခွန်းများကိုမေး၍ နိဒါန်းပျိုးပါ။
  - (က) မိသားစုဆိုသည့် စကားရပ်ကို မည်သို့နားလည်ပါသနည်း။
  - (ခ) မိသားစုတွင် မည်သူများပါဝင်သနည်း။
  - (ဂ) မိဘတို့က သားသမီးတို့အတွက် မည်သည့်အရာများ လုပ်ဆောင်ပေးပါသနည်း။
  - (ဃ) သားသမီးတို့က မိဘတို့အတွက် မည်သည့်အရာများ လုပ်ဆောင်ပေးရမည်နည်း။
- ကျောင်းသားများအား လွတ်လပ်စွာ ဖြေဆိုခွင့်ပေးပါ။
- ကျောင်းသားများ၏ အဖြေကို သင်ပုန်းမှတ်ချက်ပေးပါ။

**သင်ကြားခြင်း** (၁၀)မိနစ်

- ကျောင်းသားများ၏ ဆွေးနွေးမှုပေါ် မူတည်၍ ဆရာက အောက်ပါတို့ကို ဖြည့်စွက်ရှင်းပြပါ။
- မိသားစုဟူသည်လူ့အဖွဲ့အစည်းအမျိုးမျိုး၊ လူနေမှုအဆင့်အတန်း အမျိုးမျိုးတို့အလိုက် ဖြစ်တည်နေကြသော မိဘနှစ်ပါး၊ သားသမီးများနှင့် အတူနေလူကြီး၊ လူငယ်၊ ကလေးသူငယ်များပါဝင်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း၊ဝမ်းသာစရာအခြေအနေမှာဖြစ်စေ၊ဝမ်းနည်းစရာအခြေအနေမှာဖြစ်စေ၊ တစ်ယောက်ကိုတစ်ယောက် အားပေးကူညီ စောင့်ရှောက်တတ်သည့် အသိုက်အဝန်းငယ်တစ်ခုဖြစ်ကြောင်း ရှင်းပြပါ။
- ဆက်လက်၍ မိသားစုဝင်တို့သည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်မှီခိုနေရကြောင်း၊ မိသားစုသည် အရင်းနှီးဆုံး အခြေခံလူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ရှင်းပြပါ။
- မိသားစုဝင်အသီးသီးတို့သည် မိမိတို့ရသင့်ရထိုက်သော အခွင့်အရေးများကိုရရှိသကဲ့သို့ တာဝန်ဝတ္တရားတို့ကိုလည်း ထမ်းဆောင်ရမည်ဖြစ်ကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၂၀)မိနစ်

- ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။
- အုပ်စုငယ်များအား မိသားစုအတွင်း မွေးစမှယနေ့ထိရရှိခဲ့သော အခွင့်အရေးများကို စဉ်းစား၍ စာရင်းပြုစုခိုင်းပါ။ ဥပမာ-အသက်ရှင်သန်ခွင့်၊ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လွတ်လပ်စွာ ပြောဆိုခွင့်. . . စသည်ဖြင့်

- ထို့နောက် အုပ်စုငယ်များ ပြုစုထားသော အခွင့်အရေးများကို သင်ပုန်းမှတ်ချက်ရေးပါ။ အခွင့်အရေးများ တူညီနေလျှင် တစ်ခုသာယူပါ။
- နောက်ဆုံးတွင် တစ်တန်းလုံး ပြုစုထားသော မွေးစမှယနေ့ထိရရှိခဲ့သော အခွင့်အရေးများကို ရရှိမည်ဖြစ်သည်။
- အခွင့်အရေးများရရှိပြီးနောက် ထိုအခွင့်အရေးများအတွက် မည်သည့်တာဝန်များ ထမ်းဆောင်သင့်သနည်းဟု မေးမြန်းပါ။
- ယခင်နည်းအတိုင်း အုပ်စုငယ်များအား အခွင့်အရေးနှင့် လျော်ညီသောတာဝန်များကို စာရင်းပြုစုခိုင်းပါ။ ပြုစုထားသော တာဝန်များကို သင်ပုန်းမှတ်ချက်ရေးပါ။ တာဝန်များ တူညီနေလျှင် တစ်ခုသာယူပါ။
- နောက်ဆုံးတွင် တစ်တန်းလုံးသဘောတူညီသော မွေးစမှယနေ့ထိရရှိခဲ့သည့် အခွင့်အရေးများနှင့်တာဝန်များကို ကျောင်းသုံးစာအုပ်စာမျက်နှာ(၂၂)ပါ ဇယားတွင်ဖြည့်၍ တင်ပြရမည်ဖြစ်သည်။

| မွေးစမှယနေ့ထိရရှိခဲ့သောအခွင့်အရေးများ | တာဝန်များ |
|---|---|
| ၁။ ပညာသင်ကြားခွင့် | (က) တတ်စွမ်းသမျှကြိုးစားသင်ယူရန်နှင့် သူငယ်ချင်းများကို လိုအပ်ပါကကူညီသင်ပြရန်တာဝန်ရှိသည်။ |

- အုပ်စုလိုက်ဆွေးနွေးကြစဉ် ကျောင်းသားများအားလုံး ပါဝင်ဆောင်ရွက်စေရန် ဆရာက ပံ့ပိုးကူညီပါ။
- ကျောင်းသူကျောင်းသားများ၏ ဆွေးနွေးချက်ရလဒ်များကို လေ့ကျင့်ခန်းစာအုပ်တွင် ရေးမှတ်ထားရန်ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅မိနစ်)

- အောက်ပါမေးခွန်းများကို မေး၍ နိဂုံးချုပ်ပါ။
  (က) မွေးစမှယနေ့အထိရရှိခဲ့သော အခွင့်အရေးများကို ဖော်ပြပါ။
  (ခ) ထိုအခွင့်အရေးများနှင့် လျော်ညီသော တာဝန်များကို ဖော်ပြပါ။

**စာသင်ချိန်(၂) ပျော်စရာကောင်းသောမိသားစု**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- ကျောင်းသားများအား အောက်ပါမေးခွန်းများမေး၍နိဒါန်းပျိုးပါ။
  - အိမ်တွင် သင်မည်သည့်အလုပ်များ ဝိုင်းကူလုပ်ပေးရသနည်း။
  - မိသားစုဝင်အချင်းချင်း တစ်ဦးနှင့်တစ်ဦး မည်သို့ ပြောဆိုဆက်ဆံသင့်သနည်း။
  - သင်တို့မိသားစုသည် မည်ကဲ့သို့သော မိသားစုမျိုးဖြစ်သနည်း။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

- ကျောင်းသားအရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပေးပါ။
- ကျောင်းသုံးစာအုပ်ပါ ပျော်စရာကောင်းသောမိသားစုကို ဖတ်ရှုလေ့လာရန်ပြောပါ။
- အောက်ပါမေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးရန် ပြောပါ။
  - ဝေယံတို့မိသားစု၏ နေ့စဉ်တာဝန်များကို ဖော်ပြပါ။
  - ဝေယံတို့မိသားစုသည် ပျော်စရာကောင်းသော မိသားစုဖြစ်ပါသလား။ အဘယ်ကြောင့်နည်း။
  - သင်သည် သင်၏အိမ်တွင် မည်သည့်တာဝန်များထမ်းဆောင်ရသနည်း။
  - မိမိ၏တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ရန်လိုအပ်ပါသလား။ အဘယ်ကြောင့်နည်း။
  - တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ပြီးသောအခါ သင်မည်ကဲ့သို့ခံစားရသနည်း။
- ကျောင်းသားများက ၎င်းတို့၏ထင်မြင်ချက်များ၊ အတွေ့အကြုံများကို အလှည့်ကျပြောကြား နိုင်စေရန် အုပ်စုလိုက် ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြည့်ရှုပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကိုမေးပါ။
  (က) မိသားစုတစ်စုတွင် အဘယ်ကြောင့်တာဝန်များကို ခွဲဝေယူသင့်သနည်း။
  (ခ) မိသားစုတွင် တာဝန်ခွဲဝေယူသည့်အတွက် မည်သည့်အကျိုးကျေးဇူးများရရှိပါသနည်း။
- ထို့နောက်အဓိကအချက်ကိုပြော၍နိဂုံးချုပ်ပါ။

**အဓိကအချက်**

- မိသားစုအတွင်း မိမိ၏အခွင့်အရေးများကိုသိရှိပြီး အခြားသူများ၏ အခွင့်အရေးများကိုလည်း တန်ဖိုးထားရန်လိုအပ်သည်။ သို့မှသာ ပျော်စရာကောင်းသော မိသားစုတစ်စု ဖြစ်လာပေမည်။

DBE BOX - Copyright Protected

**စာသင်ချိန်(၃) ဖြစ်ရပ်လေ့လာခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများကိုမေး၍နိဒါန်းပျိုးပါ။
  - သင်တို့ အရွယ်ရောက်လာလျှင် မည်သည့်အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရန် ရည်ရွယ်ထားသနည်း။
  - အဘယ်ကြောင့် ထိုအလုပ်ကိုလုပ်ရန် ရည်ရွယ်ထားသနည်း။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

- ကျောင်းသား အရေအတွက်ပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။ ကျောင်းသုံးစာအုပ်စာမျက်နှာ(၂၃)ပါ ဖြစ်ရပ်များ( ၁၊ ၂၊ ၃၊ )ကို လေ့လာရန်နှင့် ဖြစ်ရပ်တစ်ခုချင်းစီအတွက် ပေးထားသောမေးခွန်းများကို အုပ်စုလိုက် ဆွေးနွေး ရန်ပြောပါ။ ဖြေရန်မေးခွန်းများမှာအောက်ပါအတိုင်းဖြစ်သည်။
  ဖြစ်ရပ် ၁- သင်သာ အောင်အောင် ဖြစ်လျှင်မည်သို့ ဆုံးဖြတ်မည်နည်း။ အဘယ်ကြောင့်နည်း။
  ဖြစ်ရပ် ၂- သင်သာ ကျော်ကျော် ဖြစ်လျှင်မည်သို့ ဆုံးဖြတ်မည်နည်း။ အဘယ်ကြောင့်နည်း။
  ဖြစ်ရပ် ၃- သင်သာ စုစု ဖြစ်လျှင်မည်သို့ ဆုံးဖြတ်မည်နည်း။ အဘယ်ကြောင့်နည်း။

- ကျောင်းသားများအား ဆွေးနွေးရန်အချိန်ပေးပါ။
- အဘယ်ကြောင့်ဆိုသည့် အကြောင်းပြချက်များ၊ မှန်ကန်သောဆုံးဖြတ်ချက်များရရှိရန် ဆရာက ကူညီပံ့ပိုးပေးပါ။ လိုအပ်ပါက သင်ခန်းစာရည်ရွယ်ချက်နှင့်ကိုက်ညီသည့် အခြားမေးခွန်းများကိုလည်း ဆရာက မေးနိုင်ပါသည်။အဖြေများကို အောက်ပါကဲ့သို့ဇယားဖြင့်သင်ပုန်းပေါ်တွင် ရေးမှတ်ပါ။

| ဖြစ်ရပ် | ဆုံးဖြတ်ချက် | အကြောင်းပြချက် | ဆီလျော်မှုရှိမရှိ |
|---|---|---|---|
| (၁) | | | |
| (၂) | | | |
| (၃) | အပန်းဖြေခရီးကို မသွားပါ | ဖေဖေနှင့်မေမေအလုပ်မအားပါသဖြင့် | ရှိ |
| အခြား | | | |

- ဆုံးဖြတ်ချက် အကြောင်းပြချက်များကို သက်ဆိုင်ရာအုပ်စုမှ ဖြေကြားပြီး ဆီလျော်မှုရှိမရှိကို အခြားအုပ်စုများမှ ဆုံးဖြတ်ပါစေ။
- ကျောင်းသားများအား လွတ်လပ်စွာ ဖြေဆိုခွင့်ပေးပါ။
- ကျောင်းသားများအား ဆွေးနွေးချက်ရလဒ်များကို လေ့ကျင့်ခန်းစာအုပ်တွင်ရေးမှတ်ထားရန်ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- ဆွေးနွေးဆုံးဖြတ်ချက်များကို ပြန်လည်သုံးသပ်၍ နိဂုံးချုပ်ပါ။

DBE BOX - Copyright Protected

## စာသင်ချိန်(၄)(၅) ဓာတ်ဟန်ခင်းကျင်းခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- ကျောင်းသားများအား မိမိတို့ပတ်ဝန်းကျင်တွင် နှစ်သက်အားကျရသော မိသားစုတစ်စုကို မေးပါ။ အဘယ့်ကြောင့် ထိုမိသားစုကို နှစ်သက်အားကျရသနည်းဟု မေးပါ။

**လေ့ကျင့်ခြင်း** (၂၀မိနစ်)

- ချမ်းမြေ့ပျော်ရွှင်ဖွယ်ကောင်းသော မိသားစုတစ်စုဖြစ်လာစေရန် မိသားစုထဲတွင် မည်သည့်အချက်များကို လိုက်နာကျင့်သုံးပြီး မည်သည့်အချက်များကို ရှောင်ကြဉ်သင့်ကြောင်းကို မေးမြန်းပါ။ အဖြေများထဲမှ တစ်တန်းလုံး သဘောတူညီသည့် လိုက်နာကျင့်သုံးသင့်သောအချက်များနှင့် ရှောင်ကြဉ်သင့်သည့် အချက်များကို သင်ပုန်းတွင် ရေးမှတ်ပါ။
- ထို့နောက် ချမ်းမြေ့သာယာပျော်ရွှင်သော မိသားစုတစ်ခုအဖြစ် သရုပ်ဆောင် လေ့ကျင့်မည်ဟု ပြောပါ။ သရုပ်ဆောင်ရာတွင် သင့်တော်သောစကားလုံး အသုံးအနှုန်းအမူအရာများ သုံးခြင်းစသဖြင့် လိုအပ်သည်များကိုဆရာကကူညီညွှန်ပြပေးပါ။ သရုပ်ဆောင်မည့် ကျောင်းသူကျောင်းသားများ၏ကဏ္ဍကို ဆရာက ၎င်းတို့နှင့် ဆွေးနွေး သတ်မှတ်ပေးပါ။
  စကားအသုံးအနှုန်း၊ အပြုအမူများတွင်ချစ်ခြင်းမေတ္တာနှင့် အပြန်အလှန်လေးစားမှုများ ပါဝင်စေရန် ဆရာက လမ်းညွှန်ပေးပါ။

**ဓာတ်ဟန်ခင်းခြင်း** (၅၀)မိနစ်

- နမူနာဖော်ပြထားခြင်းသာ ဖြစ်ပါသည်။

## ချမ်းမြေ့ပျော်ရွှင်ဖွယ်ကောင်းသောမိသားစု

ဦးအေးဝင်း၊ ဒေါ်ခင်မာ တို့တွင် ရွှေဇင်၊ မျိုးမင်း၊ ဆုဆု ဟူ၍သားသမီးသုံးဦး ရှိလေသည်။ တစ်နေ့ ရွှေဇင်၊ မျိုးမင်း၊ ဆုဆုတို့မောင်နှမသုံးယောက်သည် ကျောင်းမှပြန်လာကြပြီး အိမ်ပေါက်ဝရောက်သည်နှင့်

ဆုဆု ။ ။ မေမေရေ မေမေ၊ သမီးတို့ပြန်လာပြီ။

မျိုးမင်း ။ ။ သားတို့ ကျောင်း ၃ ရက်ပိတ်တယ် မေမေရေ။

(မီးပူတိုက်ရာမှ ဒေါ်ခင်မာသည်)

ဒေါ်ခင်မာ ။ ။ ဘာလို့ ၃ ရက် ပိတ်တာလဲ သမီးတို့။

(ထိုအခါ သတင်းစာဖတ်နေရာမှ ဦးအေးဝင်းသည်)

ဦးအေးဝင်း။ ။ဟုတ်သားပဲ မကြီးရေ။ တနင်္လာနေ့က အမျိုးသားနေ့လေ။

(မောင်နှမသုံးယောက် သတ်မှတ်ပေးထားသောနေရာတွင် လွယ်အိတ်ကိုယ်စီချိတ်ပြီး အမောဖြေနေချိန်တွင်)

ဦးအေးဝင်း။ ။ခုကျောင်း သုံးရက်ပိတ်တော့ သားတို့သမီးတို့ ဘာလုပ်ချင်လဲ၊ ဘာစားချင်လဲ၊ ဘယ်သွားချင်လဲ။

ရွှေဇင် ။ ။မသွားချင်ပါဘူး ဖေဖေရယ်။သုံးရက်တည်းဆိုတော့ ခရီးသွားရင် ပင်ပန်းမှာ။

ဒေါ်ခင်မာ။ ။ဒါဆို သားတို့သမီးတို့က ဘာလုပ်ချင်လို့လဲ။

(ထိုအခါ ဆုဆုက)

ဆုဆု ။ ။ပိတ်ရက်မှာ ရုပ်ရှင်ကြည့်ချင်တယ် မေမေ။

မျိုးမင်း ။ ။ဟုတ်တယ် သားလည်းကြည့်ချင်တယ်မေမေ။

ဦးအေးဝင်း။ ။သမီးကြီးကရော။

မျိုးမင်း။ ။မေမေ ရှင်းပြီးသား ပေါင်းမြက်တွေကို သားပစ်ပေးမယ်နော်။

(မိဘတွေအပေါ် သိတတ်သော၊ အငယ်တွေအပေါ် ညှာတာသောရွှေဇင်က)

ရွှေဇင်။ ။မောင်လေးနဲ့ညီမလေး သဘောပါဖေဖေ။ဒီပိတ်ရက်မှာ အိမ်နဲ့ခြံဝင်းထဲမှာ သန့်ရှင်းရေးလုပ်ရင် ကောင်းမလားလို့ပါ။ ခြံထဲမှာလဲ ပေါင်းမြက်တွေကထူနေပြီ။

ဦးအေးဝင်း။ ။ကဲ ဒါဆို သမီးကြီးရဲ့ဆန္ဒလဲပြည့်၊ သားလတ်နဲ့သမီးငယ်လေးရဲ့ဆန္ဒလဲ ပြည့်သွားအောင် မနက်ဖြန်မနက် ခြံထဲမှာ သန့်ရှင်းရေးလုပ်ပြီး ညနေပိုင်းမှာ ရုပ်ရှင်လိုက်ပြမယ်။ သဘောတူကြရဲ့လား။

ကလေးများ။ ။တူပါတယ် ဖေဖေ။

(နောက်တစ်နေ့ တာဝန်ကိုယ်စီ ကျေပွန်စေဖို့အတွက် မိသားစုအားလုံး အိပ်ရာမှစောစောထပြီး အလုပ်လုပ်ရန် နေရာယူကြလေသည်။)

ရွှေဇင်။ ။မေမေရေ အိမ်အနောက်ဘက်က အရွက်ခြောက်တွေကို သမီးအရင်ဆုံးလှည်းလိုက်မယ်လေ။

မျိုးမင်း။ ။မမကြီးရေ ဒါဆိုသားက အမှိုက်ကျုံးဖို့ ဂေါ်ပြားနဲ့အမှိုက်ပုံး ယူလာခဲ့မယ်။

(မောင်နှမနှစ်ယောက် အိမ်အနောက်ဘက်မှ အမှိုက်ကျုံးနေစဉ် ဆုဆု ရောက်လာပြီး)

ဆုဆု။ ။မီးမီးက ကျုံးပြီးသားအမှိုက်တွေကို အမှိုက်ကျင်းထဲ ပစ်ပေးမယ်လေ။

ရွှေဇင်။ ။အေးပါ ညီမလေးရေ။

(ထိုအချိန်တွင် ဖေဖေသည် စိုက်ခင်းမှမြက်များကို ရှင်းနေပြီး မေမေသည် ပန်းခြံထဲတွင် ပေါင်းရှင်းနေလေသည်။)

ဆုဆု။ ။ဖေဖေ ရှင်းပြီးသား မြက်တွေကို သမီးတို့ သယ်သွားမယ်နော်။

ဦးအေးဝင်း။ ။အေးအေး သမီးတို့။ အိမ်အနောက်က အမှိုက်တွေရော အကုန်ရှင်းပြီးပြီလား။

ရွှေဇင်။ ။ပြီးပြီ ဖေဖေ။

(မျိုးမင်းကတော့ မေမေရှိရာသို့သွားပြီး)

DBE BOX - Copyright Protected

မျိုးမင်း ။ ။ မေမေရှင်းပြီးသားပေါင်းမြက်တွေကို သားပစ်ပေးမယ်နော်။
ဒေါ်ခင်မာ။ ။လိမ္မာလိုက်တဲ့ မေမေ့သားလေးရယ်။
ဦးအေးဝင်း။ ။မေကြီးရေ ပန်းခြံထဲကပေါင်းမြက်တွေအားလုံး ရှင်းပြီးပြီလား။တို့တွေတော့ အားလုံးပြီးပြီ။
ဒေါ်ခင်မာ။ ။ကျွန်မလည်း ပြီးပြီ ဖေကြီးရေ။
ဦးအေးဝင်း။ ။ကဲဒါဆိုလည်း ဒီနေ့တော့ဒီလောက်နဲ့ နားကြတာပေ့ါ။ နေလည်းပူလာပြီ။ ညနေလဲ ရုပ်ရှင်သွားကြည့်ကြမှာဆိုတော့ဟု ပြောပြီး မိသားစုပျော်ရွှင်စွာအိမ်ထဲဝင်သွားကြလေသည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများကို မေးပါ။
  - (က) မိသားစုတစ်စုတွင် အဘယ့်ကြောင့်တာဝန်များကို ခွဲဝေယူသင့်သနည်း။
  - (ခ) မိသားစုတွင် တာဝန်ခွဲဝေယူသည့်အတွက် မည်သည့်အကျိုးကျေးဇူးများ ရရှိပါသနည်း။
  - (ဂ) မိသားစုတစ်စုတွင် ရှိသင့်သည့် တာဝန်ဝတ္တရားများကို ဖော်ပြပါ။
- ထို့နောက် အောက်ပါအဓိကအချက်ကိုပြော၍ နိဂုံးချုပ်ပါ။

**အဓိကအချက်**

- တာဝန်သိစိတ်ရှိရန်၊ တာဝန်များကို ခွဲဝေယူတတ်ရန်နှင့်မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်တတ်ရန်အလွန်အရေးကြီးပါသည်။သို့မှသာ ကလေးများသည်တာဝန်ကျေပွန်သော သားကောင်းသမီးကောင်းများဖြစ်လာကြမည်။

**သင်ခန်းစာ(၂.၃) ကျောင်းသားများ၏ အခွင့်အရေးနှင့်တာဝန်** **စုစုပေါင်းစာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ** **တစ်ချိန် ၄၅ မိနစ်**

- ကျောင်းသားများ၏အခွင့်အရေးနှင့်တာဝန်ကို ရှင်းပြတတ်စေရန်
- ကျောင်းသားများရရှိခံစားရမည့်အခွင့်အရေးများကို ဖော်ပြတတ်စေရန်
- အခွင့်အရေးနှင့်လျော်ညီသောတာဝန်များကို ဆောင်ရွက်တတ်စေရန်

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ကျောင်းသားများ၏ အခွင့်အရေးနှင့်တာဝန် သင်ခန်းစာကို သင်ကြားခြင်းဖြင့် ကျောင်းသူ၊ ကျောင်းသားများသည် အတန်းဖော်များနှင့် အုပ်စုဖွဲ့ပြီး ဆွေးနွေးခြင်းနှင့် အတွေးအခေါ်များမျှဝေခြင်း(Collaboration/ Group work)၊ အခြားသူများ၏တင်ပြမှုများကို နားထောင်ခြင်းနှင့် မိမိတို့ ထင်မြင်ယူဆချက်များကို ဆက်သွယ်ပြောဆိုခြင်း (Communication)၊ အခွင့်အရေးနှင့်တာဝန်များကို ကိုယ်တိုင် ဝေဖန်ဆန်းစစ်ခြင်းနှင့် အခြားသူများ၏ တင်ပြချက်များကို ဝေဖန်ဆန်းစစ်ခြင်း (Critical Thinking)၊ အခြားသူများနှင့် မတူကွဲပြားသောအမြင်အတွေးအခေါ်များကိုဖော်ထုတ်ခြင်း (CreativeThinking)နှင့် မိမိ၏တာဝန်များကို ထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship) စသည့် ကျွမ်းကျင်မှုများရှိလာမည်။

**စာသင်ချိန်(၁) ကျောင်းသားများ၏ အခွင့်အရေးနှင့်တာဝန်**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများကိုမေး၍သင်ခန်းစာကိုအစပျိုးပါ။
  - (က) "အခွင့်အရေး" ကို မည်သို့နားလည်သနည်း။
  - (ခ) "တာဝန်"ကို မည်သို့နားလည်သနည်း။
- ကျောင်းသားများဖြေဆိုရာတွင်လွဲချော်မှုရှိပါကပြန်လည်တည့်မတ်ပေးပါ။

DBE BOX - Copyright Protected

**သင်ကြားခြင်း** (၁၀)မိနစ်

- ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော ကျောင်းသားများ၏ အခွင့်အရေးနှင့်တာဝန်ကို နားလည်သဘော ပေါက်စေရန် ရှင်းပြပါ။
- ကျောင်းသားတိုင်းတန်းတူညီမျှ ရရှိခံစားနိုင်သောအရာအားလုံးသည် ကျောင်းသားများ၏အခွင့်အရေး ဖြစ်ကြောင်း၊ ကျောင်းနေစဉ်ကာလတွင် ရရှိသောအခွင့်အရေးများနှင့် အတူယှဉ်တွဲနေသော တာဝန်များကို လည်း ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ကြောင်း၊ တာဝန်ဟုဆိုရာ၌ သူတစ်ပါး၏စေခိုင်းမှုမပါဘဲ မိမိ၏ အသိစိတ်ဖြင့် လုပ်ဆောင်တတ်သော အလေ့အကျင့်ကို ဆိုလိုကြောင်း၊တစ်နည်းအားဖြင့် မိမိလုပ်ဆောင် သောအလုပ်တစ်ခုကို အကောင်းဆုံးဖြစ်မြောက်အောင် ဂရုတစိုက်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၁၅)မိနစ်

- ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။ ကောင်းမွန်သောစာသင်ခန်းတစ်ခု ဖြစ်ရန် ရှိရမည့်အရာဝတ္ထုနှင့်အခြေအနေများကို စဉ်းစားဆွေးနွေးရန်ပြောပါ။
- ကျောင်းသားများအား အရာဝတ္ထု (ဥပမာ-စာအုပ်၊ စာရေးခုံ၊ စာသင်ခန်း)နှင့် အခြေအနေ (ဥပမာ- လေးစားမှု၊ လုံခြုံမှုအားလပ်ချိန်) နှစ်မျိုးလုံးကို သတ်မှတ်ရန်ပြောပါ။ ကျောင်းသားများ၏ ဖြေဆိုချက်များကို သင်ပုန်းတွင် ရေးမှတ်ပါ။
- သင်ပုန်းတွင် စာရင်းပြုစုထားသောအချက်တစ်ခုချင်းစီကို လိုချင်သော၊ လိုအပ်သော၊ ရရှိခံစားပိုင်ခွင့် ရှိသော အရာဝတ္ထုနှင့်အခြေအနေများကို စဉ်းစားဆုံးဖြတ်ရန်ပြောပါ။
  လိုချင်သည် - စာသင်ခန်းတွင်ရှိလျှင်ကောင်းသည့်အရာ (မရှိမဖြစ်မဟုတ်ပါ။)
  လိုအပ်သည် - ကောင်းမွန်သောစာသင်ခန်းတွင်မရှိမဖြစ်လိုအပ်သည့်အရာ
  အခွင့်အရေး - ကျောင်းသားတိုင်း တန်းတူညီမျှ ရရှိခံစားနိုင်သောအရာအားလုံး
- စာရင်းပြုစုထားသော အချက်တစ်ခုချင်းစီသည် အမျိုးအစားတစ်ခုထက်ပိုနိုင်ကြောင်း ရှင်းပြပါ။ အချို့ အရာများသည် လိုချင်သော၊ လိုအပ်သော၊ ရရှိခံစားပိုင်ခွင့်ရှိသော အရာဝတ္ထုနှင့်အခြေအနေများ ဖြစ်ကောင်း ဖြစ်နိုင်သည်။ သို့သော် အရာအားလုံးသည် ကျောင်းသားများ၏အခွင့်အရေးဖြစ်လိမ့်မည် မဟုတ်ကြောင်း ခွဲခြားသိရှိစေရန် ရှင်းပြပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းများကိုအုပ်စုလိုက်စဉ်းစားဆွေးနွေးပါ။
  (က)သင်ပုန်းတွင်ဖော်ပြထားသည့်အချက်များမှ လိုချင်သော၊ လိုအပ်သော၊ အရာဝတ္ထုနှင့်အခြေအနေများ ဟူ၍ ဆုံးဖြတ်နိုင်ခြင်း ရှိပါသလား။
  (ခ)လိုချင်သည့်အရာ နှင့်လိုအပ်သည့်အရာတို့သည် မည်သို့ကွာခြားသနည်း။
  (ဂ)ကျောင်းသားတစ်ယောက်၏အခွင့်အရေးကို မည်သို့ဆုံးဖြတ်မည်နည်း။
  (ဃ)တချို့လိုအပ်သည့်အရာများကို အဘယ်ကြောင့်အခွင့်အရေးဟု ပြောဆိုနိုင်သနည်း။

- အဖွဲ့တစ်ဖွဲ့ဖြေဆိုနေစဉ်တွင် ကျန်အဖွဲ့များက အားလုံးကိုသေချာစွာ နားထောင်ကြရန်ပြောပါ။ ဖြေဆို ပြီးနောက် အခြားအဖွဲ့များအား မတူညီသောအဖြေရှိပါက ဖြေဆိုကြရန် အားပေးပါ။ လိုအပ်ပါက ပြန်လည် တည့်မတ်ပေးပါ။ ကျောင်းသားများအား မိမိရရှိသောအခွင့်အရေးနှင့် အတူယှဉ်တွဲနေသော တာဝန်များကိုနားလည် သဘောပေါက်ရန်လိုအပ်ကြောင်း၊ မိမိတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်တတ်သော အလေ့အကျင့်ကောင်းများ ရှိရမည် ဖြစ်ကြောင်း ပြောပြ၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

DRE BOX - Copyright Protected

## စာသင်ချိန်(၂) လုပ်ငန်းပေးခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကိုမေး၍ သင်ခန်းစာကိုအစပျိုးပါ။
  (က) ကျောင်းသားများ၏အခွင့်အရေးဆိုသည်မှာအဘယ်နည်း။
  (ခ) ကျောင်းသားများ၏တာဝန်ဆိုသည်မှာအဘယ်နည်း။
- ကျောင်းသားများဖြေဆိုရာတွင်လွဲချော်မှုရှိပါကပြန်လည်တည့်မတ်ပေးပါ။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

- ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုငယ်များဖွဲ့ပါ။ ကျောင်းသုံးစာအုပ် စာမျက်နှာ-၂၅ ၌ဖော်ပြထားသောပုံတွင် ကျောင်းသားတစ်ယောက်၏အခွင့်အရေးများကို စဉ်းစားဆွေးနွေးပြီး ဖြည့်ရန်ပြောပါ။ အချိန်လုံလောက်စွာပေးပါ။
- အုပ်စုတစ်စု၏အဖြေကို တစ်တန်းလုံးအားတင်ပြစေ၍ ကျန်အုပ်စုများအား မတူညီသောအဖြေများကို ဖြေဆိုရန် အားပေးပါ။
- အဖြေများကို ကျောင်းသားတစ်ယောက်၏ အခွင့်အရေးဟုတ်မဟုတ် ဆရာနှင့်တစ်တန်းလုံး ညှိနှိုင်းဆုံးဖြတ်ပါ။
- ထို့နောက် ပညာသင်ယူခွင့်ရရှိသော ကျောင်းသားတစ်ယောက်တွင် မည်သည့်တာဝန်များရှိသနည်းဟုမေးပါ။ ကျောင်းသုံးစာအုပ်စာမျက်နှာ-၂၅၌ ဖော်ပြထားသောပုံတွင် ဖြည့်ရန်ပြောပါ။ အချိန်လုံလောက်စွာပေးပါ။
- အုပ်စုတစ်စု၏အဖြေကို တစ်တန်းလုံးအား တင်ပြစေ၍ကျန်အုပ်စုများအား မတူညီသောအဖြေများကို စဉ်းစားဖြေဆိုရန်ပြောပါ။
- အဖြေများကို ကျောင်းသားများဆောင်ရွက်ရမည့်တာဝန် ဟုတ်မဟုတ်ကို ဆရာနှင့်တစ်တန်းလုံး ညှိနှိုင်းဆွေးနွေး အတည်ပြုပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- သင်ခန်းစာကို ပြန်လည်သုံးသပ်ရန် အောက်ပါအတိုင်းဆောင်ရွက်ပါ။
- ကျောင်းသားများအား ဆွေးနွေးအတည်ပြုပြီးသော တာဝန်များကို ကျေပွန်မှုရှိမရှိ သုံးသပ်ရန်ပြောပါ။
- ကျောင်းသားများ၏ တင်ပြချက်များကို လက်ခံပေးပြီး လိုအပ်ပါက ပြုပြင်ပေးပါ။
- ကျောင်းသားများအား မိမိရရှိသောအခွင့်အရေးနှင့်အတူ ယှဉ်တွဲနေသောတာဝန်များရှိကြောင်း ပြောပြ၍ သင်ခန်းစာကိုနိဂုံးချုပ်ပါ။

## စာသင်ချိန်(၃) လုပ်ငန်းပေးခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကိုမေး၍ သင်ခန်းစာကိုအစပျိုးပါ။
  (က) ကျောင်းသားများတွင်မည်သည့်အခွင့်အရေးများရှိသနည်း။
  (ခ) ကျောင်းသားများတွင် မည်သည့်တာဝန်များရှိသနည်း။
- ကျောင်းသားများ၏အဖြေတွင် လွဲချော်မှုရှိပါက ပြန်လည်တည့်မတ်ပေးပါ။

DRLBOX - Copyright Protected

**လေ့ကျင့်ခြင်း** (၁၀)မိနစ်

- ကျောင်းသားများအား နှစ်ယောက်တစ်တွဲ တွဲပြီး ကျောင်းသုံးစာအုပ်စာမျက်နှာ(၂၆)တွင် ဖော်ပြထားသော ကျောင်းသားများ၏ အခွင့်အရေးနှင့် တာဝန်များကို ယှဉ်တွဲရန် ပြောကြားပါ။ အချိန်လုံလောက်စွာပေးပါ။
- ယှဉ်တွဲရာတွင် တစ်ခုထက်ပိုသောအဖြေများ ရှိနိုင်ကြောင်းပြောပါ။
- ယှဉ်တွဲပြီးနောက်အဖြေကို တစ်တန်းလုံးအားတင်ပြစေ၍ အဘယ့်ကြောင့်ယှဉ်တွဲရသည်ကို ရှင်းပြရန်ပြောပါ။ ဥပမာ- (က) လွတ်လပ်စွာပြောဆိုခွင့်ရှိသည်ဆိုသောအခွင့်အရေးကို သူတစ်ပါးထိခိုက်နစ်နာစေမည့် စကားလုံးများကို ရှောင်ကြဉ်ရမည်ဆိုသောတာဝန်နှင့် အဘယ်ကြောင့်ယှဉ်တွဲရသည်ကို ရှင်းပြစေခြင်း ဖြစ်သည်။
- ယှဉ်တွဲရာတွင်လွဲချော်မှုများရှိပါက ပြုပြင်ပေးပါ။ အဖြေများဆီလျော်မှုရှိမရှိကို တစ်တန်းလုံးနှင့် ညှိနှိုင်းဆုံးဖြတ်ပါ။
- ထို့နောက် ကျောင်းသုံးစာအုပ်တွင် ပေးထားသောဝါကျများကို အဓိပ္ပာယ်ပြည့်စုံအောင်ဖြည့်ရန်ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀) မိနစ်

- အောက်ပါမေးခွန်းကို ကျောင်းသားများအား မေးပါ။

"ကျောင်းသားတစ်ယောက်သည် အခွင့်အရေးများရရှိသော်လည်း တာဝန်ယူခြင်းမရှိပါက မည်သို့ဖြစ်လာနိုင်သနည်း။" ကျောင်းသားများ၏ တင်ပြချက်များကို လက်ခံပေးပြီး လိုအပ်ပါက ပြုပြင်ပေးပါ။

ကျောင်းသားများအား မိမိရရှိသောအခွင့်အရေးနှင့်အတူ ယှဉ်တွဲနေသောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်ကြောင်းပြောပြ၍သင်ခန်းစာကိုနိဂုံးချုပ်ပါ။

**စာသင်ချိန်(၄) လုပ်ငန်းပေးခြင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ကျောင်းသားများအား အောက်ပါမေးခွန်းများကိုမေး၍သင်ခန်းစာကိုစတင်ပါ။
  - (က) ဤကျောင်းသည် မည်သူတို့၏ ကျောင်းဖြစ်သနည်း။
  - (ခ) ဤကျောင်း၌ပညာသင်ယူခွင့်ရသောကြောင့် သင့်တွင်မည်သည့်တာဝန်များရှိသနည်း။
- အဖြေများအပေါ်အခြေခံ၍ ကျောင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်းကျောင်းသားများနားလည်အောင် ရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၁၀)မိနစ်

ကျောင်း၌ကျင်းပသော အခမ်းအနားတစ်ခု (ဥပမာ-ကျောင်းဆုပေးပွဲအခမ်းအနား)တွင် မည်သို့ပါဝင်ဆောင်ရွက်ကြမည်ကို သရုပ်ဆောင်ကြရန်ပြောပါ။ ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုငယ်များသင့်တော်သလိုဖွဲ့ပါ။

အုပ်စုလိုက်အခွင့်အရေးနှင့်တာဝန်များကို ဆွေးနွေးသတ်မှတ်ရန် ပြောပါ။ (ဥပမာ- နေရာချထားရေးအဖွဲ့၊ ကျွေးမွေးဧည့်ခံရေးအဖွဲ့၊ ဖျော်ဖြေရေးအဖွဲ့စသည်)

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- ကျောင်းသားများအား အောက်ပါမေးခွန်းများကိုမေး၍ ပြန်လည်သုံးသပ်ပါ။
  - (က) အခမ်းအနား အောင်မြင်မှုရှိမရှိ တင်ပြပါ။
  - (ခ) အဖွဲ့လိုက် ပေးအပ်သောတာဝန်များကို ကျေပွန်မှုရှိမရှိတင်ပြပါ။
  - (ဂ) အခက်အခဲရှိမရှိ တင်ပြပါ။

DBEBOX - Copyright Protected

ကျောင်းသားများ၏ တင်ပြချက်များကိုနားထောင်ပြီး အစုအဖွဲ့များနှင့်လုပ်ဆောင်ရာတွင် မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ကျောင်းသားများသည် မိမိကိုယ်ကိုတန်ဖိုးထားပြီး မိမိအကျိုး၊ အများအကျိုးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောပြပါ။ထို့နောက် အောက်ပါမေးခွန်းများကိုမေး၍ နိဂုံးချုပ်ပါ။

(၁) "ကျောင်းသားများ၏အခွင့်အရေး" ကို မည်သို့နားလည်သနည်း။

(၂) ကျောင်းသားတစ်ယောက်တွင် မည်သည့်အခွင့်အရေးများရှိသနည်း။

(၃) "ကျောင်းသားများ၏တာဝန်"ကို မည်သို့နားလည်သနည်း။

(၄) ကျောင်းသားတစ်ယောက်တွင် မည်သည့်တာဝန်များရှိသနည်း။

(၅) သင်သည် အခွင့်အရေးများအပေါ် တာဝန်ယူခြင်းမရှိပါက မည်သို့ဖြစ်လာနိုင်သနည်း။

**အဓိကအချက်များ**

- ကျောင်းသားတိုင်း တန်းတူညီမျှ ရရှိခံစားနိုင်သောအရာအားလုံးသည် ကျောင်းသားများ၏ အခွင့်အရေးဖြစ်သည်။
- မိမိရရှိသောအခွင့်အရေးနှင့်အတူယှဉ်တွဲနေသော တာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရမည်။
- မိမိကိုယ်မိမိ တန်ဖိုးထားပြီး မိမိအကျိုး၊ အများအကျိုးကို ဆောင်ရွက်တတ်သောအလေ့အထကောင်းများရှိရမည်။
- အသင်းအဖွဲ့များနှင့် လုပ်ဆောင်တတ်ပြီးမိမိတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်တတ်သော အလေ့အကျင့်ကောင်းများရှိရမည်။

**သင်ခန်းစာ(၂.၄) တို့ချစ်တဲ့တို့နိုင်ငံ　　　စုစုပေါင်းစာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ　　　တစ်ချိန် ၄၅ မိနစ်**

- မိမိနိုင်ငံကိုချစ်မြတ်နိုးတတ်စေရန်
- မိမိရရှိသော အခွင့်အရေးများသိရှိပြီး အခွင့်အရေးနှင့်လျော်ညီသော တာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်တတ်ရန်
- ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းပေးအပ်ခဲ့သော အမျိုးသားအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်တတ်ရန်

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- "ထာဝရမြန်မာ"သီချင်းကို ဖွင့်ပြနိုင်ရန် ပြင်ဆင်ထားပါ။
- "ဘိုးမွေဘွားမွေ" ကဗျာပါ အဓိကအချက်များကိုအခြေခံ၍ ပိုစတာဖန်တီးနိုင်ရန် စစ်တောင်းစက္ကူ သို့မဟုတ် **A4** စာရွက် သို့မဟုတ် စက္ကူကားချပ်၊ ခဲတံ သို့မဟုတ် ရောင်စုံခဲတံ၊ နှစ်ဖက်ကပ်တိပ် တို့ကို ပြင်ဆင်ထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- တို့ချစ်တဲ့ တို့နိုင်ငံသင်ခန်းစာရှိ ဖြစ်ရပ်များ သင်ကြားခြင်းဖြင့် ကျောင်းသူကျောင်းသားများသည် အတန်းဖော်များနှင့်အုပ်စုဖွဲ့ပြီး ဆွေးနွေးခြင်း၊ အတွေးအခေါ်များမျှဝေခြင်း (Collaboration/Group work)၊ သူငယ်ချင်းများနှင့် ဆက်သွယ်ပြောဆိုခြင်း (Communication)၊အခြားသူများ၏ ဆွေးနွေးတင်ပြချက်များကို ဝေဖန်ဆန်းစစ်ခြင်း( Critical Thinking )၊ထာဝရမြန်မာသီချင်းနှင့် ဘိုးမွေဘွားမွေကဗျာကို သင်ကြားခြင်းဖြင့် အမျိုးသားအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်း စောင့်ရှောက်တတ်ပြီး မိမိ၏တာဝန်များကို ထမ်းဆောင်ခြင်းဖြင့် နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship) စသည့် ကျွမ်းကျင်မှုများရရှိလာမည်။

DBE BOX - Copyright Protected

## စာသင်ချိန်(၁) တို့ချစ်တဲ့တို့နိုင်ငံ

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- သင်ခန်းစာမိတ်ဆက်ရာတွင် ဆရာက"သားတို့သမီးတို့မှာ ချစ်ခင်မြတ်နိုးတန်ဖိုးထားသောအရာက ဘာဖြစ်မလဲ"ဆိုသောမေးခွန်းကို တစ်တန်းလုံးအားမေး၍ အဖြေများကို သင်ပုန်းပေါ်တွင် ရေးမှတ်ပေးပါ။
- ဖြေဆိုထားသော ကလေးများအား "မိမိမြတ်နိုးသောအရာကို မည်သို့ဂရုစိုက်သနည်း" မေးခွန်းကို မေး၍ ကလေး၏အဖြေကို သင်ပုန်းပေါ်တွင် ရေးမှတ်စေ၍ သင်ခန်းစာကိုစတင်ပါ။

**သင်ကြားခြင်း** (၁၀)မိနစ်

- ကျောင်းသား အသင်း ၅ သင်းကို ရပ်ကွက် ၅ ရပ်ကွက်အဖြစ် ပြောင်းလဲ၍နာမည်ပေးပါ။
  ဥပမာ- အနော်ရထာအသင်းကို အနော်ရထာရပ်ကွက်အဖြစ် စသည်ဖြင့်. . . . ။
- လွယ်အိတ်၊ကျောင်းသုံးပစ္စည်းများနှင့်တကွ ဆရာညွှန်ကြားသောနေရာတွင်ထိုင်ရန် ပြောကြားပါ။ မည်သည့်အသင်းက စနစ်တကျ နေရာယူမှု၊ အချင်းချင်းကူညီရိုင်းပင်းမှု စသည့်အချက်များကို ဆရာက ကြည့်ရှုပါ။ ဆရာက ၎င်းတို့၏အားသာချက်၊ အားနည်းချက်များကို မှတ်သားထားပါ။
- ထိုရပ်ကွက် ၅ ရပ်ကွက်တွင် နေထိုင်ဖို့ "သားတို့သမီးတို့ကိုဆရာက အခွင့်အရေးပေးကြောင်း" ပြောကြားပေးပါ။ "မိမိတို့ ရပ်ကွက်အလိုက်တိုးတက်ကောင်းမွန်စေရန် မည်သို့လုပ်ဆောင်မည်နည်း"ဟူသည့် မေးခွန်း ကို မေး၍ ဆရာကသင်ကြားပါမည်။

**လေ့ကျင့်ခြင်း** (၂၀)မိနစ်

- ကျောင်းသုံးစာအုပ်ပါ ဖြစ်ရပ်(၁)နှင့် ဖြစ်ရပ်(၂)တို့ကို လေ့လာ၍ အောက်ပါမေးခွန်းများကို ၅ရပ်ကွက်လုံး ဆွေးနွေးရန်ပြောပါ။

(က)ဖြစ်ရပ်နှစ်ခုတွင် စုစုနှင့်မော်မော်တို့နေသောရပ်ကွက် ၂ ခုအနက် မည်သည့်ရပ်ကွက်တွင် နေထိုင်လိုပါသနည်း။ အဘယ်ကြောင့်နည်း။

(ခ)မိမိတို့နေထိုင်သော ရပ်ရွာအေးချမ်းသာယာလှပတည်တံ့ရေးသည် မည်သူတို့၏ တာဝန်ဖြစ်သနည်း။

(ဂ)သင်ပါဝင်ဆောင်ရွက်ဖူးသော ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဖော်ပြပါ။ ထိုသို့ပါဝင်ဆောင်ရွက်သည့်အတွက် မည်သို့ခံစားရသနည်း။

(မှတ်ချက်။ ။ဆွေးနွေးပြီးနောက် အတန်းသို့တင်ပြရန်ပြောပါ။ မတူညီသောအဖြေများလည်းတင်ပြရန် အားပေးပါ။ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ဖူးခြင်းမရှိသေးသော ကျောင်းသားများအား နောင်တွင် ပါဝင်ဆောင်ရွက်ရန်တိုက်တွန်းပါ။ ဆောင်ရွက်ပြီးသောအခါ ဆရာနှင့်အတန်းမှ သူငယ်ချင်းများအား အတွေ့အကြုံကို ဝေမျှရန်ပြောပါ။)

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- ရပ်ကွက် ၅ ရပ်ကွက်လုံးရှိ ကျောင်းသူကျောင်းသားများ နေထိုင်မှုကို ဆရာက မိမိ၏မှတ်သားထားချက်များအပေါ်မူတည်၍ပြန်လည်သုံးသပ်ပါ။ ( ဥပမာ- စာသင်ခုံပေါ်တွင် လွယ်အိတ်များ သပ်ရပ်စွာထားခြင်း၊ ကျောင်းသား အချင်းချင်း ကူညီရိုင်းပင်းခြင်း။)
- ပို၍စနစ်ကျပြီး ချစ်ခင်ရင်းနှီးစွာနေထိုင်သောရပ်ကွက်ကို ဆရာကချီးကျူးပြောဆိုပါ။ မိမိစာသင်ခန်း အတွင်း သူငယ်ချင်းအချင်းချင်း၊ မိမိအိမ်အတွင်း မိသားစုဝင်အချင်းချင်း ချစ်ခင်ရင်းနှီးစွာ နေထိုင်ရမည်ဖြစ်ကြောင်း ဆရာက ပြောကြားပါ။
- ထိုသို့ပြုမူနေထိုင်သလိုမျိုး မိမိနိုင်ငံအတွင်း တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ချစ်ခင်ရင်းနှီး ကူညီရိုင်းပင်းစွာ နေထိုင်ရမည်ဖြစ်ကြောင်း ဆရာကပြောကြားပြီး နိဂုံးချုပ်ပါ။

DBE BOX-Copyright Protected

**စာသင်ချိန်(၂) ထာဝရမြန်မာသီချင်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

- ရပ်ကွက် ၅ ရပ်ကွက်ကို စုပေါင်း၍စက်ဝိုင်းပုံစံ ဝိုင်းဖွဲ့ကာ နေပါစေ။ ဆရာက စက်ဝိုင်း ဗဟိုနေရာ ကလေးများ၏အလယ်တွင်နေရာယူပါ။
  (မှတ်ချက်။ ။ စာသင်ခန်းအတွင်း အဆင်မပြေပါက ကျောင်းစုဝေးခန်းမတွင်ဖြစ်စေ၊ အခြားအဆင်ပြေနိုင်မည့် နေရာတွင်ဖြစ်စေ စီစဉ်ပါ။)
- မြန်မာနိုင်ငံတွင်ရှိသော ပြည်နယ်နှင့်တိုင်းဒေသကြီးအမည်များကို မေးပါ။
- ထို့နောက် ဆရာက မိမိနိုင်ငံ၏ တိုင်းရင်းသားလူမျိုး ၈ မျိုးတွင်ပါဝင်သော လူမျိုးအမည်များကို မေးပါ။

**သင်ကြားခြင်းနှင့်လေ့ကျင့်ခြင်း** (၂၅)မိနစ်

- ကျောင်းသုံးဖတ်စာအုပ်စာမျက်နှာ (၂၇)မှ "တို့ချစ်တဲ့တို့နိုင်ငံ"ပါအကြောင်းအရာများကို ဆရာက ဦးစွာ ပြောကြားပေးပါ။
- စာသင်ခန်းအတွင်း သူငယ်ချင်းအချင်းချင်း၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမ အချင်းချင်းရင်းနှီး ချစ်ခင်စွာ နေထိုင်တတ်ရန်နှင့် မိမိနိုင်ငံကို ချစ်မြတ်နိုးတတ်စေရန် "ထာဝရမြန်မာ"သီချင်းနှင့် ကျောင်းသားများ သီဆို လေ့ကျင့်ရန် ပျော်ရွှင်စွာ ပါဝင်လုပ်ဆောင်ရန် ဆရာကပြောဆိုပါ။
- သီချင်းကို ပထမတစ်ကြိမ် ဆရာက သီဆိုပြပါ။
- သီချင်းဖွင့်၍ ကလေးများနှင့်အတူဆရာကဦးဆောင်ကာ ပျော်ရွှင်စွာသီဆိုလှုပ်ရှားပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- ထို့နောက်သီချင်းစာသားပါ အဓိပ္ပာယ်များကို ကလေး ၂ ဦး သို့မဟုတ် ၃ ဦးဖြေဆိုရန်မေးပါ။
- ကျောင်းသားများသည် မိမိနိုင်ငံကိုချစ်မြတ်နိုးပြီး ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးထမ်းဆောင်ရမည့်တာဝန်ရှိကြောင်း။
- လက်ရှိ သားတို့သမီးတို့အရွယ်တွင် ကျောင်းသားကျောင်းသူ အချင်းချင်း၊ မိသားစုဝင် အချင်းချင်း၊ လူသားအချင်းချင်းရင်းနှီးချစ်ခင်၍ ရိုင်းပင်းကူညီစွာ နေထိုင်ရမည်ဖြစ်ကြောင်း ဆရာက ပြောကြားပေးပါ။ ကျောင်းသားများ၏ လုပ်ဆောင်ရမည့် တာဝန်များကိုလည်း သူတို့ကိုယ်တိုင် ပြောနိုင်အောင်ဆောင်ရွက် ပေးပါ။
  (မှတ်ချက်။ ။ကျောင်းသားများ၏ ပြောကြားချက်ကိုဖြည့်စွက်၍ ချီးကျူးစကားပြောကြားပေးပါ။)

**စာသင်ချိန်(၃) ဖြစ်ရပ်လေ့လာခြင်း**

DBE BOX- Copyright Protected

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

ယခင်စာသင်ချိန်တွင် သင်ယူခဲ့သော "ထာဝရမြန်မာ"သီချင်းပါ ယဉ်ကျေးတဲ့ရိုးရာအမွေအဓိပ္ပာယ်ကို ဆွေးနွေးမေးမြန်းခြင်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါ။

**သင်ကြားခြင်းနှင့်လေ့ကျင့်ခြင်း** (၃၀)မိနစ်

စာသင်ခန်း အနေအထားနှင့် ကျောင်းသားဦးရေအနည်းအများပေါ်မူတည်၍ ကျောင်းသားများကို ၄ ယောက် သို့မဟုတ် ၅ယောက်စီအုပ်စုငယ်များအဖြစ်သင့်လျော်စွာဖွဲ့ပါ။ပေးထားသောဖြစ်ရပ်ကိုလေ့လာပြီး အောက်ပါမေးခွန်းများကို အုပ်စုလိုက် ဝိုင်းဝန်းဆွေးနွေးကြရန်ပြောပါ။

(က) မေမျိုးချစ်တို့မောင်နှမလေးယောက်နေထိုင်သောအိမ်ကလေးကိုမည်သူပေးခဲ့သနည်း။

(ခ) ဘိုးဘွားအမွေအနှစ် မပျက်စီး၊ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်မည်သူတို့တွင်တာဝန်ရှိသနည်း။ အဘယ်ကြောင့်နည်း။

(ဂ) မေမျိုးချစ်တို့အိမ်ကလေးကဲ့သို့ ကျွန်ုပ်တို့နိုင်ငံတိုးတက်အောင်မည်သူတို့တွင် တာဝန်ရှိသနည်း။
မည်သည်တို့ကို လုပ်ဆောင်ရမည်နည်း။

အုပ်စုလိုက်ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြည့်ရှု အကဲဖြတ်ပါ။ လိုအပ်ပါက ဝင်ရောက်ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

အုပ်စုတစ်ခုစီ၏ ကိုယ်စားလှယ်ကျောင်းသားတစ်ဦးစီက မိမိတို့ဆွေးနွေးဖြေဆိုထားသည်များကို အတန်းသို့ ပြန်လည်တင်ပြရန် ပြောပါ။ အုပ်စုလိုက် တင်ပြသောအချက်များကို အခြားအုပ်စုများက လက်ခံခြင်း ရှိ၊ မရှိ မေးမြန်းဆွေးနွေးခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါ။

နောက်စာသင်ချိန်တွင် ဘိုးမွေဘွားမွေကဗျာကို အခြေခံ၍ အုပ်စုလိုက် ပိုစတာတစ်ခုစီ ပြုလုပ်ရမည်ကို ဆရာက ကြိုတင်အသိပေးပါ။ ကဗျာကိုကြိုတင်လေ့လာခဲ့ပြီး ပိုစတာအတွက် ကြိုတင်ပြင်ဆင်လာရန်မှာကြားပါ။ (ဥပမာ - စာနယ်ဇင်းဖြတ်ပိုင်းများကိုစုဆောင်းခြင်း။)

**စာသင်ချိန်(၄) ဘိုးမွေဘွားမွေကဗျာ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅) မိနစ်

"တို့ချစ်တဲ့တို့နိုင်ငံ" သင်ခန်းစာနိဒါန်းတွင် ဖော်ပြထားသော အကြောင်းအရာများကို ဆွေးနွေး မေးမြန်းခြင်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါ။

**လေ့ကျင့်ခြင်း** (၃၀) မိနစ်

စာသင်ခန်းအနေအထားနှင့် ကျောင်းသားဦးရေအနည်းအများပေါ်မူတည်၍ ကျောင်းသူကျောင်းသားများကို ၆ ယောက် သို့မဟုတ် ၈ ယောက်စီအုပ်စုငယ်များအဖြစ် သင့်လျော်စွာဖွဲ့ပါ။

"ဘိုးမွေဘွားမွေ"ကဗျာကိုဖတ်၍ အဓိကအချက်များကို ထုတ်နုတ်ခိုင်းပါ။ ထုတ်နုတ်ထားသော အဓိကအချက်များကို အခြေခံ၍ ပိုစတာတစ်ခုကို စုပေါင်းဖန်တီးရန်ပြောပါ။ အုပ်စုလိုက် ပိုစတာပြုလုပ်နေစဉ် ဆရာက ကြီးကြပ်ပါ။ လိုအပ်သော အကြံဉာဏ်များပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀) မိနစ်

အုပ်စုလိုက်ဖန်တီးထားသော ပိုစတာများကို သင်ပုန်းတွင်ချိတ်၍ ၎င်းတို့၏ စိတ်ကူးများကို ရှင်းပြရန် ပြောပါ။ အခြားအုပ်စုများကိုပိုစတာပါ အချက်အလက်များ ပိုမိုကောင်းမွန်အောင် အကြံပြုရန် အားပေးပါ။ ထို့နောက် ကျောင်းသူကျောင်းသားများ ဖန်တီးထားသော ပိုစတာများကို (လိုအပ်ပါက ပြန်လည် ပြုပြင်စေ၍) စာသင်ခန်းတွင် ချိတ်ဆွဲထားပါ။ မိမိနိုင်ငံကိုချစ်မြတ်နိုးတန်ဖိုးထားပြီး ဘိုးဘွားအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း ပြောပြ၍ သင်ခန်းစာကိုနိဂုံးချုပ်ပါ။

**ဆရာအတွက်မှတ်စု**

ထာဝရမြန်မာသီချင်း https://www.youtube.com/watch?v=jVOTp3mUyUE

DBE BOX - Copyright Protected

**အခန်း(၂)ကို ပြန်လည်သုံးသပ်ခြင်း** **စုစုပေါင်းစာသင်ချိန် ၁ ချိန်**

**တစ်ချိန် ၄၅ မိနစ်**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

အခန်း(၂) "အခွင့်အရေးနှင့်တာဝန်" နှင့်ပတ်သက်၍ သင်ယူခဲ့ပြီးသော အကြောင်းအရာများကို ပြန်လည်သုံးသပ်ကြမည်ဟု ပြောပါ။ ကျောင်းသားအရေအတွက် ပေါ်မူတည်၍ အုပ်စုငယ်များသင့်လျော်သလိုဖွဲ့ပါ။

- ထို့နောက် သင်ခန်းစာတစ်ခုစီနှင့် လျော်ညီသောသုံးသပ်ချက်များကို အုပ်စုလိုက်ဆွေးနွေး ညှိနှိုင်း၍ အတန်းအားတင်ပြရမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်ကြုံတွေ့ဖူးသော အတွေ့အကြုံများကိုလည်းတင်ပြနိုင်ကြောင်း ပြောပါ။

**လေ့ကျင့်ခြင်း** (၃၅)မိနစ်

- ကျောင်းသားများ သင်ယူခဲ့ပြီးသော အကြောင်းအရာများကို အုပ်စုလိုက်ဆွေးနွေးနေစဉ် လှည့်လည်ကြည့်ရှုပါ။ ကျောင်းသားများအား လုံလောက်သောအချိန်ပေးပါ။
- သုံးသပ်ချက်များကို အတန်းအားတင်ပြရန်ပြောပါ။ အဖွဲ့တစ်ဖွဲ့မှ တင်ပြနေစဉ် အခြားအဖွဲ့များအား ဂရုတစိုက် နားထောင်ရန် ပြောပါ။ မတူညီသော အချက်များကို တင်ပြရန်အားပေးပါ။
- တင်ပြချက်ကို ဆီလျော်မှုရှိ၊ မရှိ တစ်တန်းလုံး ဆွေးနွေးဆုံးဖြတ်ပါ။ လိုအပ်ချက်များရှိပါက ဖြည့်စွက်ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

ကလေးသူငယ်တိုင်းတွင် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်၊ လူ့အဖွဲ့အစည်းတွင် ပါဝင်ဆက်ခံခွင့် ရရှိရန် အခွင့်အရေးများကိုနားလည်မှုရှိမရှိ မေးမြန်းပြီး ကလေးသူငယ်များသည် အခွင့်အရေးများနှင့်အတူ ထမ်းဆောင်ရမည့်တာဝန်များရှိကြောင်း၊ မိသားစုအတွင်းအခွင့်အရေးများကို သိရှိပြီး အခြားသူများ၏ အခွင့်အရေးများကိုလည်း တန်ဖိုးထားရန်လိုအပ်ကြောင်း၊ ကျောင်း၌ မိမိရရှိမည့် အခွင့်အရေးများနှင့် အတူယှဉ်တွဲနေသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိနိုင်ငံကို ချစ်မြတ်နိုးပြီး ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုး ရမည့်တာဝန်ရှိကြောင်းနှင့် ဘိုးဘွားအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်မှသာ နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားကို ကျေပွန်အောင် ထမ်းဆောင်ခြင်းဖြစ်ကြောင်း အုပ်စုဖွဲ့ဆွေးနွေးခြင်းကို အကဲဖြတ်ပြီးလိုအပ်ချက်များကို ဆရာက ပြုပြင်ပေးကာ သင်ခန်းစာကိုနိဂုံးချုပ်ပါ။

DBE BOX Copyright Protected

## အခန်း(၂)ကို ပြန်လည်သုံးသပ်ခြင်း

### အခွင့်အရေးနှင့်တာဝန်

#### အခွင့်အရေးနှင့်တာဝန် မိတ်ဆက်

- အခွင့်အရေးနှင့်တာဝန်၏ အဓိပ္ပာယ်ကို ရှင်းပြတတ်ခြင်း။
- အခွင့်အရေးနှင့်တာဝန်ကို ယှဉ်တွဲဖော်ပြတတ်ပြီး လက်တွေ့ဘဝတွင် ကျင့်သုံးတတ်စေခြင်း။
- တာဝန်ကိုသိပြီးကျေပွန်စွာ ထမ်းဆောင်တတ်စေခြင်း။

#### မိသားစုအတွင်း အခွင့်အရေးနှင့်တာဝန်များ

- မိသားစု၏အဓိပ္ပာယ်ကို ရှင်းပြတတ်ခြင်း။
- မိသားစုထဲတွင် မိမိတို့၏ အခွင့်အရေးများကို ဖော်ပြနိုင်ပြီး ထိုအခွင့်အရေးများနှင့်စပ်လျဉ်းသော တာဝန်ယူမှုများနှင့်အခန်းကဏ္ဍများကို ခွဲခြားတတ်လာခြင်း။
- မိသားစုတစ်စုတွင် ရှိသင့်သောအရည်အသွေးများကိုလိုက်နာကျင့်သုံးတတ်ခြင်း။

#### ကျောင်းသားများ၏ အခွင့်အရေးနှင့်တာဝန်

- ကျောင်းသားများ၏ အခွင့်အရေးကို ခွဲခြားသတ်မှတ်ခြင်း။
- အခွင့်အရေးနှင့်တာဝန်များကိုနှိုင်းယှဉ်သုံးသပ်တတ်ခြင်း။
- တာဝန်များကို လက်တွေ့ဆောင်ရွက်တတ်ခြင်း။

#### တို့ချစ်တဲ့တို့နိုင်ငံ

- မိမိနိုင်ငံကို ချစ်မြတ်နိုးတန်ဖိုးထားတတ်ခြင်း။
- ဘိုးဘွားအမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ရှိကြောင်း သိရှိနားလည်ခြင်း။

DBE BOX Copyright Protected

## အခန်း(၂) အဓိကအချက်များ

- ကလေးသူငယ်တိုင်းသည် အသက်ရှင်သန်ရန်၊ ဖွံ့ဖြိုးတိုးတက်ရန်၊ ကာကွယ်စောင့်ရှောက်မှု ရရှိရန်နှင့် လူ့အဖွဲ့အစည်းတွင် ပါဝင်ဆက်ခံခွင့်ရရှိရန် အခွင့်အရေးများရှိသည်။
- ကလေးသူငယ်များသည် အခွင့်အရေးများနှင့်အတူ ထမ်းဆောင်ရမည့် တာဝန်များလည်းရှိသည်။
- မိသားစုအတွင်း အခွင့်အရေးများကိုသိရှိပြီး အခြားသူများ၏အခွင့်အရေးများကိုလည်း တန်ဖိုးထားရန်လို အပ်သည်။
- တာဝန်သိစိတ်ရှိရန်၊ တာဝန်များကိုခွဲဝေယူတတ်ရန်နှင့် မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်တတ်ရန် အလွန် အရေးကြီးသည်။ သို့မှသာ ကလေးများသည် တာဝန်ကျေပွန်သော သားကောင်းသမီးကောင်းများ ဖြစ်လာ ကြမည်။
- ကျောင်းသားတိုင်း တန်းတူညီမျှရရှိခံစားနိုင်သော အရာအားလုံးသည် ကျောင်းသားများ၏အခွင့်အရေး ဖြစ်သည်။
- မိမိရရှိသောအခွင့်အရေးနှင့် အတူယှဉ်တွဲနေသောတာဝန်များကို ကျေပွန်စွာဆောင်ရွက်ကြရမည်။
- မိမိကိုယ်ကိုတန်ဖိုးထားပြီး မိမိအကျိုး၊ အများအကျိုးကိုဆောင်ရွက်တတ်သော အလေ့အထကောင်းများ ရှိရမည်။
- အစုအဖွဲ့များနှင့်လုပ်ဆောင်တတ်ပြီး မိမိတာဝန်ကို ကျေပွန်စွာထမ်းဆောင်တတ်သော အလေ့အကျင့် ကောင်း များရှိရမည်။
- ကျောင်းသားများသည် မိမိနိုင်ငံကိုချစ်မြတ်နိုးပြီး ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုး သယ်ပိုးထမ်းဆောင်ရမည့် တာဝန်ရှိသည်။
- ဘိုးဘွားအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံသားတစ်ဦး၏ တာဝန်ဝတ္တရားကို ကျေပွန်အောင်ထမ်းဆောင်ခြင်းပင်ဖြစ်သည်။

DBE BOX - Copyright Protected

# အခန်း(၃)
# စည်းကမ်းနှင့်ဥပဒေ

**သင်ယူမှုရလဒ်များ**

ဤအခန်းပြီးဆုံးသောအခါ ကျောင်းသားများသည်

- ကျောင်းစည်းကမ်း၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ၎င်း၏အရေးပါပုံကို ဆွေးနွေးတတ်မည်။
- ကျောင်းစည်းကမ်းများကိုသိရှိပြီး လိုက်နာရမည့်အချက်များကိုဖော်ထုတ်တတ်မည်။
- ကျောင်းတွင်းအဖွဲ့အစည်းများ၏ စည်းကမ်းများကိုသိရှိပြီး ၎င်းအဖွဲ့အစည်းများ၏ လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၏ အရေးပါပုံကိုအကဲဖြတ်တတ်မည်။
- စည်းကမ်းနှင့်ဥပဒေကို လေးစားလိုက်နာခြင်းသည် မိမိတစ်ဦးချင်းအတွက်ဖြစ်စေ၊ ကျောင်း၊လူ့အဖွဲ့အစည်းနှင့် နိုင်ငံအတွက်ဖြစ်စေ အရေးပါကြောင်းကိုရှင်းပြတတ်မည်။

**သင်ခန်းစာ(၃.၁) ကျောင်းစည်းကမ်းနှင့်စာသင်ခန်းစည်းကမ်းများ စုစုပေါင်းစာသင်ချိန် ၂ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ တစ်ချိန် ၄၅ မိနစ်**

- ကျောင်းစည်းကမ်းနှင့် စာသင်ခန်းစည်းကမ်းတို့၏ အဓိပ္ပာယ်ကို သိရှိနားလည်ပြီး ၎င်းတို့၏အရေးပါပုံကို ဆွေးနွေးတတ်ရန်
- ကျောင်းစည်းကမ်းနှင့် စာသင်ခန်းစည်းကမ်းတို့ကို သိရှိပြီး လိုက်နာရမည့်အချက်များကို ဖော်ထုတ်တတ်ရန်

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ကျောင်းစည်းကမ်းပိုစတာ၊ ကျောင်းအတွင်းဆောင်ရန် ရှောင်ရန်အချက်များ၊ စာသင်ခန်းအတွင်းလိုက်နာရမည့်စည်းကမ်းချက်များကို ရေးဆွဲပြုလုပ်ရန် လိုအပ်သောပစ္စည်းများ (ဥပမာ-ကတ်ထူစက္ကူ၊ ဆော့ပင်၊တိပ်၊ ကတ်ကြေး စသည်) ကို ပြင်ဆင်ထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- ကျောင်းစည်းကမ်းကိုလိုက်နာကျင့်သုံးခြင်း၊ ကျောင်းစည်းကမ်းပိုစတာလေ့လာခြင်း၊ ကျောင်းအတွင်းဆောင်ရန် ရှောင်ရန်များ၊ စာသင်ခန်းစည်းကမ်းများကိုလိုက်နာခြင်းနှင့်မလိုက်နာခြင်းတို့၏ အကျိုးဆက်များနှင့်ပိုစတာပြုလုပ်ခြင်းစသည့် လုပ်ငန်းများကို အုပ်စုဖွဲ့ဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration/ Group work)၊ ဆွေးနွေးရန်အချက်များ၊ ဖန်တီးရန်အချက်များကို စဉ်းစားတွေးခေါ်ခြင်းဖြင့် လေးနက်စွာ ဆန်းစစ်ဝေဖန်ခြင်း (Critical Thinking )၊ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ဆွေးနွေး ပြောဆိုခြင်းဖြင့် (Communication) ပိုစတာများကို စုပေါင်းဖန်တီးခြင်းဖြင့် တီထွင်ဖန်တီးခြင်း (Creativity and Innovation) စသည့်ကျွမ်းကျင်မှုများ ရရှိမည်။ ကျောင်းသားများသည် ကျောင်းစည်းကမ်းများ၊ စာသင်ခန်း စည်းကမ်းများကို သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် လိုက်နာကျင့်သုံးကြခြင်းဖြင့် နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship) စသည့်ကျွမ်းကျင်မှုများရရှိနိုင်ပါသည်။

**စာသင်ချိန်(၁) ကျောင်းစည်းကမ်း**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို မေး၍ သင်ခန်းစာကို နိဒါန်းပျိုးပါ။
  (က) ကျောင်းကို မည်သည့်အချိန်တွင် ရောက်အောင်လာသနည်း။
  (ခ) အဘယ်ကြောင့် ကျောင်းကို ထိုအချိန် ရောက်အောင်လာသနည်း။

DRE BOX - Copyright Protected

**သင်ကြားခြင်း** (၅)မိနစ်

ကျောင်းသုံးစာအုပ်တွင် ဖော်ပြထားသော ကျောင်းစည်းကမ်းအဓိပ္ပာယ်ကို ကျောင်းသားများ လေ့လာဖတ်ရှုပါစေ။

ကျောင်းစည်းကမ်းဆိုသည်မှာ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်တွင် ကျောင်းသားများ၏ အေးချမ်းလုံခြုံမှုနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုရှိစေရန် လိုက်နာကျင့်သုံးရမည့် အပြုအမူကောင်းများဖြစ်ကြောင်းရှင်းပြပါ။

ကျောင်းတွင် လိုက်နာရန်သတ်မှတ်ထားသော ကျောင်းစည်းကမ်းအချို့ကို ကျောင်းသားများ ဆွေးနွေးဖော်ထုတ်ပါစေ။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

**ကျောင်းစည်းကမ်းကိုလိုက်နာကျင့်သုံးခြင်း**

ကျောင်းသုံးစာအုပ် စာမျက်နှာ(၃၃)ပါ ကျောင်းစည်းကမ်းကိုလိုက်နာကျင့်သုံးခြင်း ရုပ်ပုံကို အုပ်စုလိုက်လေ့လာ၍ အောက်ပါမေးခွန်းကို ဆွေးနွေးတင်ပြပါစေ။

- ရုပ်ပုံထဲရှိ ကျောင်းသူကျောင်းသားများသည် ကျောင်းစည်းကမ်းလိုက်နာသူများ ဖြစ်ကြပါသလား။ အဘယ်ကြောင့်နည်း။

**ကျောင်းစည်းကမ်းပိုစတာလေ့လာခြင်း**

ကျောင်းသားများကိုအုပ်စုဖွဲ့၍ ကျောင်းသုံးစာအုပ် စာမျက်နှာ(၃၄)ပါ ကျောင်းစည်းကမ်း ပိုစတာကို လေ့လာပါစေ။ သင်တို့၏ကျောင်းတွင် လိုက်နာကျင့်သုံးသည့် စည်းကမ်းများနှင့်ကိုက်ညီမှုရှိပါသလား။ ထပ်မံဖြည့်စွက်လိုသည့်အချက်များကို အုပ်စုအတွင်း ဆွေးနွေး၍တင်ပြပါစေ။

**ကျောင်းအတွင်းဆောင်ရန်ရှောင်ရန်များ**

ကျောင်းတွင် မည်သည့်အရာများကိုပြုလုပ်သင့်ပြီးမည်သည့်အရာများကို ရှောင်ကြဉ်ရမည်ကို ကျောင်းသားများအား အုပ်စုဖွဲ့၍ဆွေးနွေးပါစေ။

**နမူနာအဖြေများ**

| ပြုလုပ်ရမည့်အရာများ(ဆောင်ရန်) | မပြုလုပ်ရမည့်အရာများ(ရှောင်ရန်) |
|---|---|
| ဆရာ၊ဆရာမများကိုချိုသာစွာပြောဆိုဆက်ဆံရမည်။ | ဆရာ၊ဆရာမများကိုအော်ဟစ်မပြောရ။ |
| ကျောင်းသူကျောင်းသားအချင်းချင်း ယဉ်ကျေးစွာဆက်ဆံရမည်။ | ကျောင်းသူကျောင်းသားအချင်းချင်း စနောက်ခြင်းမပြုရ။ |
| ကျောင်းပိုင်ပစ္စည်းများကို ရိုသေစွာကိုင်တွယ် အသုံးပြုရမည်။ | ကျောင်းပိုင်ပစ္စည်းများကိုမဖျက်ဆီးရ။ |

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အောက်ပါ မေးခွန်းများကို မေးမြန်းဆွေးနွေး၍ နိဂုံးချုပ်ပါ။
  (က) ကျောင်းစည်းကမ်းများကို လိုက်နာရန်လိုအပ်ပါသလား။
  (ခ) ကျောင်းစည်းကမ်းကို လိုက်နာခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသနည်း။
  (ဂ) ကျောင်းစည်းကမ်းကို မလိုက်နာပါက မည်သည့်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သနည်း။

DBE BOX - Copyright Protected

## စာသင်ချိန်(၂) စာသင်ခန်းစည်းကမ်းများ

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို မေး၍ နိဒါန်းပျိုးပါ။
  - (က) စာသင်ခန်းတွင် စည်းကမ်းများ ချမှတ်ထားပါသလား။ အဘယ်ကြောင့် ချမှတ်ထားပါသနည်း။
  - (ခ) ထိုစည်းကမ်းများကို မည်သူတို့ ချမှတ်ထားသနည်း။

**သင်ကြားခြင်း** (၅)မိနစ်

ကျောင်းသုံးစာအုပ်ပါ စာသင်ခန်းစည်းကမ်းများကို ကျောင်းသားများ ဖတ်ရှုလေ့လာပါစေ။

စာသင်ခန်းစည်းကမ်းဆိုသည်မှာ စာသင်ခန်းနှင့်စာသင်ခန်းပတ်ဝန်းကျင်တွင် ကျောင်းသားများ၏သင်ယူမှု တိုးတက်စေရန် လိုက်နာကျင့်သုံးရမည့် အပြုအမူကောင်းများဖြစ်ကြောင်းရှင်းပြပါ။

စာသင်ခန်းတွင်လိုက်နာရန် ညှိနှိုင်းရေးဆွဲထားသော စာသင်ခန်းစည်းကမ်းအချို့ကို ကျောင်းသားများနှင့် ဆွေးနွေးဖော်ထုတ်ပါစေ။

**လေ့ကျင့်ခြင်း** (၁၀)မိနစ်

စာသင်ခန်းတွင်လိုက်နာကျင့်သုံးသင့်သော စာသင်ခန်းစည်းကမ်းအချို့ကိုအုပ်စုလိုက် ညှိနှိုင်းဆွေးနွေး ဖော်ထုတ်ပါစေ။ ထို့နောက်အဓိကကျသည့် စည်းကမ်းချက် ၅ ချက်ကို အုပ်စုလိုက်ရွေးချယ်၍ အတန်းသို့ တင်ပြပါစေ။

**ရုပ်ပုံလေ့လာခြင်း**

ကျောင်းသုံးစာအုပ်စာမျက်နှာ(၃၅)ပါရုပ်ပုံများကိုလေ့လာပါ။ဖော်ပြပါ စာသင်ခန်းသည် စည်းကမ်းရှိသော စာသင်ခန်းဟု သင်ယူဆပါသလား။ အဘယ်ကြောင့်နည်းဟုမေးမြန်း၍ အုပ်စုလိုက်သုံးသပ်ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကိုမေးမြန်းဆွေးနွေးပါ။
  - (က) စာသင်ခန်းစည်းကမ်းများကို လိုက်နာခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရရှိမည်နည်း။
  - (ခ) စာသင်ခန်းစည်းကမ်းများကို မလိုက်နာခြင်းဖြင့် မည်သည့်အကျိုးဆက်များ ဖြစ်ပေါ်လာနိုင်သနည်း။

ထို့နောက် အောက်ပါ အဓိကအချက်ကို ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- ကျောင်းစည်းကမ်းနှင့် စာသင်ခန်းစည်းကမ်းများကို လိုက်နာသူသည် စည်းကမ်းရှိသူဖြစ်သည်။ နောက်လိုက်ကောင်းတစ်ယောက်အဖြစ်လည်းကောင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက် အဖြစ်လည်းကောင်း ဆောင်ရွက်နိုင်ပေမည်။
- ကျောင်းစည်းကမ်းနှင့် စာသင်ခန်းစည်းကမ်းများသည် ကျောင်းသားများအေးချမ်းလုံခြုံမှုနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်မှုရှိစေရန် ရည်ရွယ်ချမှတ်ထားခြင်းဖြစ်သည်။ စည်းကမ်းကောင်းမွန်သော ကျောင်းသားသည်တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်သူဖြစ်သည်။
- ကျောင်းစည်းကမ်း၊ စာသင်ခန်းစည်းကမ်းများကို လိုက်နာကျင့်သုံးတတ်သော ကျောင်းသားများသည် ကျောင်းသားကောင်းများဖြစ်ပြီး ထိုမှတစ်ဆင့်ဒီမိုကရေစီအလေ့အကျင့်များကို နားလည်ပြီးလက်တွေ့ကျင့်သုံးသော နိုင်ငံ့သားကောင်းများ ဖြစ်လာနိုင်ပါသည်။

DBE BOX - Copyright Protected

**သင်ခန်းစာ(၃.၂) ကျောင်းကောင်စီ** **စုစုပေါင်းစာသင်ချိန် ၂ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန် ၄၅ မိနစ်**

- ကျောင်းကောင်စီ၏ သဘောသဘာဝကိုသိရှိပြီး ကျောင်းကောင်စီလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်း၏ အရေးပါပုံကို ရှင်းပြတတ်ရန်

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ကျောင်းကောင်စီခေါင်းဆောင်ဖြစ်ထိုက်သူ၏ အရည်အချင်းများကို ဖော်ထုတ်ရာတွင် အသုံးပြုရန်လိုအပ်သောပစ္စည်းများ( ဥပမာ-ကတ်ထူစက္ကူ၊ဆော့ပင်၊တိပ်၊ကတ်ကြေး စသည့်)ကို ပြင်ဆင်ထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- ကျောင်းကောင်စီရွေးချယ်တင်မြှောက်ပွဲပုံကိုလေ့လာဆွေးနွေးခြင်း၊ ကျောင်းကောင်စီခေါင်းဆောင်ဖြစ်ထိုက်သူ၏ အရည်အချင်းများဖော်ထုတ်ခြင်း၊ ကျောင်းကောင်စီသီချင်းကို သံပြိုင်သီဆိုခြင်း စသည့်လုပ်ငန်းများကို အုပ်စုဖွဲ့ဆောင်ရွက်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း(Collaboration/Group work)၊ ဆွေးနွေးရန်အချက်များ၊ ဖန်တီးရန်အချက်များကို စဉ်းစားတွေးခေါ်ခြင်းဖြင့် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း (Critical Thinking)၊ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ဆွေးနွေးပြောဆိုခြင်းဖြင့် ဆက်သွယ်ပြောဆိုမှု စွမ်းရည် (Communication) စသည့် ကျွမ်းကျင်မှုများ ရရှိမည်။ ကျောင်းသူကျောင်းသားများသည် ကျောင်းကောင်စီ၏ သဘောသဘာဝကို သိရှိနားလည်ပြီး ကျောင်းကောင်စီလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ့သားကောင်းဖြစ်ခြင်း(Citizenship)စသည့် ကျွမ်းကျင်မှုများ ရရှိနိုင်ပါသည်။

**စာသင်ချိန်(၁) ကျောင်းကောင်စီ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါ။
  - (က) ကျောင်းကောင်စီဆိုသော ဝေါဟာရကို သင်ကြားဖူးပါသလား။
  - (ခ) မည်သည့်အဖွဲ့အစည်းမျိုးဖြစ်ပါသနည်း။
  - (ဂ) မည်သည့်လုပ်ငန်းများကိုဆောင်ရွက်ကြပါသနည်း။
- ကျောင်းကောင်စီကို မည်သည့်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားကြောင်း ကျောင်းသုံးစာအုပ်ပါအကြောင်းအရာကို ကျောင်းသားများ ဖတ်ရှုလေ့လာစေခြင်းဖြင့် သင်ခန်းစာကို စတင်ပါ။

**သင်ကြားခြင်း** (၂၀)မိနစ်

ကျောင်းကောင်စီဆိုသည်မှာ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရွေးချယ်တင်မြှောက်ပွဲများတွင် ပါဝင်ခွင့်စသည်တို့ကို လေ့ကျင့်သင်ယူနိုင်ရန် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းထားသောဆရာ၊ ဆရာမများနှင့်ကျောင်းသူကျောင်းသားများပါဝင်သော ကျောင်းတွင်းအဖွဲ့အစည်းတစ်ရပ်ဖြစ်ကြောင်း ဆရာက ရှင်းပြပါ။

ကျောင်းကောင်စီလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျောင်းတွင်း ဒီမိုကရေစီအလေ့အကျင့်ကောင်းများကို ရှင်သန်ဖွံ့ဖြိုးစေကြောင်း၊ ကျောင်းကောင်စီအသင်းအလိုက် ကျရာတာဝန်များကို ပါဝင်ထမ်းဆောင်ခြင်းဖြင့် တာဝန်ယူတတ်သော အလေ့အကျင့်ကောင်းများကို လေ့ကျင့်သင်ယူရာရောက်ကြောင်း၊ ထို့မှတစ်ဆင့် ဒီမိုကရေစီအလေ့အကျင့်များကို နားလည်ပြီး လက်တွေ့ကျင့်သုံးတတ်သော နိုင်ငံ့သားကောင်းများ ဖြစ်လာနိုင်ကြောင်း ဆရာက ရှင်းပြပါ။

DBE BOX Copyright Protected

**ကျောင်းကောင်စီရွေးချယ်တင်မြှောက်ခြင်း၏ အရေးပါပုံ**

ကျောင်းကောင်စီရွေးချယ်ပွဲသည် ကျောင်းကောင်စီ၏ လှုပ်ရှားမှုလုပ်ငန်းများစတင်ရန် စနစ်တကျ ပြုလုပ်ရသည့်ဆောင်ရွက်မှု တစ်ခုဖြစ်ကြောင်း၊ ကျောင်းကောင်စီရွေးချယ်ပွဲများနှင့် ဆန္ဒမဲပေးခြင်း တို့သည် အခြေခံအကျဆုံး အခွင့်အရေးပင်ဖြစ်ကြောင်း၊ ကျောင်းသူ ကျောင်းသားများ၏ သဘောထားဆန္ဒများဖြင့် ကျောင်း ကောင်စီခေါင်းဆောင်များကို ရွေးချယ်တင် မြှောက်နိုင်ကြောင်း၊ မိမိတို့ရွေးချယ်လိုက်သော ကျောင်းကောင်စီ ခေါင်းဆောင်များ၏ဦးဆောင်မှုဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျောင်းသန့်ရှင်းသာယာလှပရေးလုပ်ငန်းများ ကို ကိုယ်တိုင်ကိုယ်ကျပါဝင်ခြင်းဖြင့် တာဝန်ယူ တတ်သူများ ဖြစ်လာမည်ဖြစ်ကြောင်း ဆရာက ရှင်းပြပါ။

**လေ့ကျင့်ခြင်း**

**ကျောင်းကောင်စီရွေးချယ်တင်မြှောက်ပွဲ** (၁၅)မိနစ်

ကျောင်းသုံးစာအုပ် စာမျက်နှာ (၃၇) ပါ ကျောင်းကောင်စီ ရွေးချယ်တင်မြှောက်ပွဲကျင်းပပုံကို လေ့လာပြီး အောက်ပါ အကြောင်းအရာများကို အုပ်စုဖွဲ့ဆွေးနွေးပါစေ။

ကျောင်းကောင်စီရွေးချယ်ပွဲတွင် ပါဝင်ဖူးပါသလား။ကျောင်းကောင်စီရွေးချယ်ပွဲများတွင် ပါဝင်ခြင်းဖြင့် မည်ကဲ့သို့သော အလေ့အကျင့်ကောင်းများရရှိနိုင်ပါသနည်း။

အဆိုပါ မေးခွန်းများကိုဆွေးနွေးစဉ် ဆရာကအုပ်စုအသီးသီးတွင် လိုအပ်သည်များကို ပံ့ပိုးကူညီပါ။ ထို့နောက် အုပ်စုလိုက် ဆွေးနွေးချက်များကို အတန်းသို့ တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို မေး၍ နိဂုံးချုပ်ပါ။
  - (က) ကျောင်းဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် အရေးပါသည့် အဖွဲ့အစည်းများကို ဖော်ပြပါ။
  - (ခ) ကျောင်းတွင် ကျောင်းကောင်စီအဖွဲ့ ဖွဲ့စည်းထားရှိခြင်းကြောင့် မည်သည့် အကျိုးကျေးဇူးများရရှိပါသနည်း။

## စာသင်ချိန်(၂) ကျောင်းကောင်စီ (အဆက်)

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

စာသင်ချိန်(၁)တွင် သင်ယူခဲ့ရသော ကျောင်းကောင်စီ၏ သဘောသဘာဝနှင့် ကျောင်းကောင်စီတွင် မည်သို့ပါဝင်ဆောင်ရွက်နေသည်ကို မေးမြန်းဆွေးနွေးခြင်းဖြင့် သင်ခန်းစာကိုနိဒါန်းပျိုးပါ။

**သင်ကြားခြင်း** (၅)မိနစ်

ကျောင်းကောင်စီသည် ကျောင်းသားများကို ကျောင်း၏လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက် နိုင်ရန် ဦးဆောင်ပေးသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ကျောင်းကောင်စီတွင် ကျောင်းအုပ်ကြီးကဦးဆောင်ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသားများသည် ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်စေရန် ပူးပေါင်းဆောင်ရွက် ကြကြောင်း၊ချမှတ်ထားသောစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျောင်းကောင်စီက ဆောင်ရွက်နိုင်သောကျောင်း ဖွံ့ဖြိုးရေးလုပ်ငန်းများရှိကြောင်း ဆရာက ရှင်းပြပါ။

**လေ့ကျင့်ခြင်း**

**ကျောင်းကောင်စီဖွဲ့စည်းခြင်း** (၂၅)မိနစ်

အုပ်စုဖွဲ့ပြီးအုပ်စုအလိုက်ကျောင်းသုံးစာအုပ် စာမျက်နှာ (၃၈) ရှိ ကျောင်းကောင်စီရွေးချယ်ပွဲတွင် အတွင်း ရေးမှူးအဖြစ် ရွေးချယ်ခံရသော ကျောင်းသူတစ်ဦး၏နှုတ်ခွန်းဆက်စကားကို လေ့လာပါစေ။
ထို့နောက် အောက်ပါ မေးခွန်းများကို ဆွေးနွေးဖြေဆိုပါစေ။

(၁) ကျောင်းကောင်စီကို အဘယ်ကြောင့်ဖွဲ့စည်းသင့်သနည်း။

DBE BOX - Copyright Protected

(၂) ကျောင်းကောင်စီတွင် မည်သူတို့ ပါဝင်နိုင်သနည်း။ မည်သည့်အသင်းများ ပါဝင်သနည်း။ မည်သို့ဖွဲ့စည်းထားသနည်း။

(၃) ကျောင်းကောင်စီလုပ်ရှားမှုများတွင် မည်ကဲ့သို့ပါဝင်ဆောင်ရွက်မည်နည်း။

**ကျောင်းကောင်စီကတိသစ္စာ**

ကျောင်းသုံးစာအုပ်စာမျက်နှာ(၃၉)ပါပုံကို အသုံးပြု၍ အတန်းသို့တင်ပြပါ။ ကျောင်းသားများကို အုပ်စုဖွဲ့၍ ကျောင်းကောင်စီ ခေါင်းဆောင်ဖြစ်ထိုက်သူ၏ အရည်အချင်းများကို ဖော်ထုတ်ဆွေးနွေးပါစေ။ ဆွေးနွေးမှုရလဒ်များကို ကတ်ထူစက္ကူပေါ်တွင်ဖြစ်စေ သင့်လျော်ရာစာရွက်ပေါ်တွင်ဖြစ်စေ ရေးသား၍ အတန်းသို့ တင်ပြပါစေ။

ကျောင်းကောင်စီခေါင်းဆောင်များနှင့် ကျောင်းကောင်စီအသင်းဝင်များအားလုံးသည် ကျောင်းကောင်စီကတိသစ္စာ ၄ ရပ်ကို လိုက်နာကျင့်သုံးရကြောင်း ဆရာက ရှင်းပြပါ။

ထို့နောက်ကျောင်းကောင်စီသီချင်းကို ဝိုင်းဝန်းစုပေါင်းသီဆိုပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

ကျောင်းကောင်စီအဖွဲ့ဝင်အသီးသီးသည် အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျောင်း၏လုပ်ရှားမှုလုပ်ငန်းများအတွက် ဆွေးနွေးတိုင်ပင်ခြင်း၊ သဘောတူညီခြင်း၊ မတူညီခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများကို သာတူညီမျှပြုလုပ်နိုင်သည့် အခွင့်အလမ်းများရရှိကြသည်။ အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တာဝန်နှင့်အခွင့်အရေးများ ရရှိရေးကိုလည်းအားပေးကြောင်း၊ ကျောင်းသားများသည် လူမှုအဖွဲ့အစည်း၊ နိုင်ငံအတွက် တာဝန်နှင့်အခွင့်အရေးများဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိပြီး နိုင်ငံ့သားကောင်းများဖြစ်လာမည်ဖြစ်ကြောင်း ရှင်းပြပါ။

ထို့နောက်အောက်ပါမေးခွန်းများကို အားလပ်ချိန်တွင် ကျောင်းကောင်စီခေါင်းဆောင်များနှင့် တွေ့ဆုံမေးမြန်းပြီး ရရှိလာသည့်အချက်အလက်များကို မှတ်စုရေး၍ ဆရာထံ တင်ပြရန် ပြောကြားပြီး နိဂုံးချုပ်ပါ။

(က) သင်တို့အသင်းက မည်သည့်ကျောင်းကောင်စီလုပ်ရှားမှုကို ဆောင်ရွက်နေသနည်း။

(ခ) ထိုလုပ်ရှားမှုများဆောင်ရွက်ရန် မည်သည့်အစီအစဉ်များ ဆောင်ရွက်ထားသနည်း။

(ဂ) ထိုလုပ်ရှားမှုများကို အစီအစဉ်တကျ ဆောင်ရွက်နိုင်ခဲ့ပါသလား။ အခက်အခဲများရှိခဲ့ပါသလား။ ရှိခဲ့ပါက မည်သို့ကျော်လွှားခဲ့သနည်း။

**သင်ခန်းစာ(၃.၃) စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေ၏အရေးကြီးမှု စုစုပေါင်းစာသင်ချိန် ၃ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ တစ်ချိန် ၄၅မိနစ်**

- စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေသည်နိုင်ငံသားတိုင်းလိုက်နာရန် အရေးကြီးကြောင်းရှင်းပြတတ်ရန်
- နေ့စဉ်လူနေမှုဘဝတွင် စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေကို လိုက်နာကျင့်သုံးတတ်ရန်

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- စည်းမျဉ်းစည်းကမ်းနှင့်ပတ်သက်သော သင်္ကေတ အမှတ်အသားကိုကြိုတင်ရှာဖွေထားပါ သို့မဟုတ် ရေးဆွဲထားပါ။ မရနိုင်ပါက ကျောင်းသုံးစာအုပ် စာမျက်နှာ (၄၂)ပါပုံကို အသုံးပြုနိုင်ပါသည်။
- ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ခုနှစ်) စာအုပ်ပြသရန် ကြိုတင်ပြင်ဆင်ထားပါ။ မရနိုင်ပါက ကျောင်းသုံးစာအုပ် စာမျက်နှာ (၄၃)ပါပုံကို အသုံးပြုနိုင်ပါသည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများ**

- စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေကို လိုက်နာသင့်ကြောင်းဖော်ပြနေသည့် အဆိုအမိန့်များကို စုပေါင်းဆွေးနွေးခြင်း၊ စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်သော သင်္ကေတများကို စုပေါင်းဆွေးနွေးခြင်း ၊ ဥပဒေနှင့်စည်းမျဉ်း

DBE BOX - Copyright Protected

စည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဖြစ်ပေါ်လာနိုင်သည့် အခြေအနေတို့ကို စုပေါင်း ဆွေးနွေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှု (Collaboration/ Group work) ၊စည်းကမ်းနှင့်ပတ်သက်သော အချက်အလက်များရရှိစေရန် ဆရာဆရာမများနှင့် မေးမြန်း ဆွေးနွေးခြင်းဖြင့် ဆက်သွယ်ပြောဆိုမှု စွမ်းရည် (Communication)၊ စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေ၏ အရေးကြီးမှုကိုနားလည်ပြီး လိုက်နာကျင့်သုံးခြင်းဖြင့် နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship) စသည့် ကျွမ်းကျင်မှုများ ရရှိနိုင်ပါသည်။

## စာသင်ချိန်(၁) စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေကိုလိုက်နာရန်လိုအပ်ခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

ကျောင်းသုံးစာအုပ် သင်ခန်းစာ (၃.၁)ပါ ကျောင်းစည်းကမ်းလိုက်နာကျင့်သုံးခြင်းအကြောင်းကို မေးမြန်း၍ သင်ခန်းစာကို စတင်ပါ။ ဆွေးနွေးရာတွင် ကျောင်းသားများသည် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် အဘယ်ကြောင့်အရေးကြီး ကြောင်း ပါဝင်စေရန် ဆရာကဂရုပြုပါ။

**သင်ကြားခြင်း** (၂၀)မိနစ်

ကျောင်းသုံးစာအုပ်စာမျက်နှာ (၄၀)ရှိ စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများ၏ အဓိပ္ပာယ်ကို ဖတ်ပါစေ။ ကျောင်းသားများ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေ၏ အဓိပ္ပာယ်ကို ခွဲခြားသိရှိနိုင်ရန် အုပ်စုဖွဲ့ ဆွေးနွေး တင်ပြစေမည်။

**စည်းမျဉ်းစည်းကမ်း**

အိမ်၊ ကျောင်းနှင့်ရပ်ရွာစသော လူ့အဖွဲ့အစည်းတိုင်းတွင် လိုက်နာရန်သတ်မှတ်ထားသော အပြုအမူ စံနှုန်းများရှိကြသည်။ ထိုအပြုအမူစံနှုန်းများသည် သက်ဆိုင်ရာ လူ့အဖွဲ့အစည်း၏ လွတ်လပ်မှု၊ ဘေးကင်းလုံခြုံမှုနှင့် တိုးတက်မှုအတွက် သတ်မှတ်ထားခြင်းဖြစ်သည်။

ဥပမာ-အိမ်စည်းကမ်းအနေဖြင့် မိဘများကို ရိုသေလေးစားစွာ ဆက်ဆံရသည်။ ကျောင်းစည်းကမ်းအရ ကျောင်းသို့ အချိန်မီရောက်ရှိရသည်၊အခမ်းအနားများတွင် နိုင်ငံတော်သီချင်းဖွင့်လျှင် အားလုံးမတ်တပ်ရပ်လျက် စနစ်တကျ အလေးပြုရမည်ဖြစ်ကြောင်းရှင်းပြပါ။

**ဥပဒေ**

ဥပဒေဆိုသည်မှာ အများပြည်သူတို့ လိုက်နာရန် ဥပဒေပြုအာဏာပိုင်အဖွဲ့က ပြဋ္ဌာန်းထားသည့် စည်းမျဉ်း စည်းကမ်း၊ဥပဒေ၊နည်းဥပဒေပင်ဖြစ်သည်။

ဥပမာ - ယာဉ်စည်းကမ်းလမ်းစည်းကမ်းကိုလိုက်နာရမည်ဖြစ်ကြောင်း၊ အခွန်ဥပဒေအရသတ်မှတ်ထားသောအခွန်များကို ပေးဆောင်ကြရမည်ဖြစ်ကြောင်း၊ကလေးသူငယ်ဥပဒေဖြင့် ကလေးသူငယ်များ၏ အခွင့်အရေးများကို အကာအကွယ်ပေးထားကြောင်းရှင်းပြပါ။

ယင်းဥပဒေများကိုချိုးဖောက်ပါက ဥပဒေအရသတ်မှတ်ထားသောအပြစ်ဒဏ်ကို ခံယူရမည်ဖြစ်ကြောင်း ရှင်းပြပါ။

အောက်ပါ အချက်များကို ကိုးကား၍ သင်ခန်းစာကို အနှစ်ချုပ်ပါ။

(က) ကျောင်းသားများ၏အေးချမ်းလုံခြုံစွာပညာသင်ယူနိုင်ရန် ကျောင်းစည်းကမ်းများကို ချမှတ်ထားသကဲ့သို့ နိုင်ငံသူနိုင်ငံသားများအားလုံး၏ လုံခြုံရေးနှင့်လူ့အခွင့်အရေးကို အကာအကွယ်ပေးနိုင်ရန် ဥပဒေများကို ပြဋ္ဌာန်းထားသည်။

(ခ) စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေတို့သည် နိုင်ငံသားများလိုက်နာပြုမူ နေထိုင်ရမည့်နည်းလမ်းများပင် ဖြစ်သည်။ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေတို့ကို

DBE BOX - Copyright Protected

လေးစားလိုက်နာရန် တာဝန်ရှိသည်။ နိုင်ငံတော်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်း၊ ဥပဒေများနှင့်အညီ တရားဥပဒေစိုးမိုးမှုတရားမျှတမှုနှင့် အေးချမ်းလုံခြုံမှုတို့ကို အကောင်အထည်ဖော်ရန် နိုင်ငံတော်တွင် တာဝန်ရှိသည်။ နိုင်ငံသားတိုင်း စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများကို လေးစားလိုက်နာခြင်းဖြင့် ဒီမိုကရေစီအခွင့်အရေးများ ကို ရရှိနိုင်သည်သာမက မိမိတို့၏ နိုင်ငံတော်လည်း တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်သည်။

**လေ့ကျင့်ခြင်း** (၁၅)မိနစ်

- ကျောင်းသုံးစာအုပ် စာမျက်နှာ (၄၁) ပါ အဆိုအမိန့်များကို အုပ်စုဖွဲ့ ဆွေးနွေးပါစေ။ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေကို လေးစားလိုက်နာသင့်ကြောင်း ဖော်ပြထားသည့်အဆိုအမိန့်၂ခုကို ကျောင်းသူကျောင်းသားများက အတန်းသို့ ရှင်းလင်းတင်ပြပါစေ။
- ထိုအဆိုအမိန့်များကို အတန်းသားများအားလုံး အသံထွက်၍ရွတ်ဆိုပါစေ။ ဤသို့ဖြင့် ကျင့်ဝတ်ဆိုင်ရာ အချက်အလက်များ၏အဓိပ္ပာယ်ကို ၎င်းတို့ခံစားသိရှိလာမည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို မေး၍ နိဂုံးချုပ်ပါ။
  - (က) စည်းမျဉ်းစည်းကမ်းနှင့် ပတ်သက်၍သင်သိသော အခြားအဆိုအမိန့်တစ်ခုကို ဖော်ပြပါ။
  - (ခ) သင်တို့သည် စည်းမျဉ်းစည်းကမ်းကို အဘယ်ကြောင့် လိုက်နာသင့်ပါသနည်း။

## စာသင်ချိန်(၂) စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေကိုလိုက်နာရန်လိုအပ်ခြင်း(အဆက်)

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကိုမေး၍ နိဒါန်းပျိုးပါ။
  - (က) စည်းမျဉ်းစည်းကမ်းကို လိုက်နာရန် အဘယ်ကြောင့် အရေးကြီးသည်ဟုထင်ပါသနည်း။
  - (ခ) စည်းမျဉ်းစည်းကမ်းများကို မလိုက်နာလျှင် မည်သို့အကျိုးသက်ရောက်နိုင်သနည်း။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။

(က) ကျောင်းသုံးစာအုပ် စာမျက်နှာ ( ၄၂ )ပါ နေ့စဉ်ဘဝတွင်စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများကို နားလည်လိုက်နာခြင်း ရုပ်ပုံများကိုလေ့လာစေပြီး မေးခွန်းများကိုဆွေးနွေးပါစေ။ ပြီးနောက်ရလဒ်ကို အတန်းသို့တင်ပြခိုင်းပါ။ (တွဲ-တွေး-မျှဝေနည်းဖြင့်ဆောင်ရွက်ပါ) ၎င်းတို့ရရှိသောအဖြေများ မှန်ကန်ခြင်းရှိမရှိ ဖော်ပြထားသောပုံတွင်ပါသော အောက်ပါအချက်များဖြင့် ဆွေးနွေးပါစေ။

ပုံ၁-သည်လမ်းဖြတ်ကူးရာတွင် အန္တရာယ်ကင်းရှင်းရန် သတ်မှတ်ထားသောနေရာမှ ဖြတ်ကူးရမည်ဖြစ်သည်။

ပုံ၂-သည်ဆေးလိပ်မသောက်ရန် တားမြစ်ထားသောသရုပ်ပြပုံဖြစ်သည်၊ ယင်းသရုပ်ပြပုံထားရှိသောနေရာများတွင် ဆေးလိပ်မသောက်ရန်တားမြစ်ထားခြင်းဖြစ်သည်။

ပုံ၃-သည်ခွင့်မပြုသောနေရာတွင် လက်ကိုင်ဖုန်းအသုံးမပြုရန် တားမြစ်သည့်ရုပ်ပုံဖြစ်သည်။

ပုံ၄-သည် အမှိုက်ကို အမှိုက်ပုံးအတွင်းသို့ စွန့်ပစ်ရန် သတိပေးသည့်ရုပ်ပုံဖြစ်သည်။

ပုံ၅-သည် ကွမ်းတံတွေး မထွေးရန် သတိပေးသည့် ရုပ်ပုံဖြစ်သည်။

DBLBOX - Copyright Protected

(ခ) ကျောင်းသားများကို အောက်ပါအချက်အလက်များနှင့် ပတ်သက်ပြီး မေးမြန်းဆွေးနွေးခိုင်းပါ။ မေးမြန်းဆွေးနွေးချက်များကို မှတ်စုရေး၍ ဆရာထံတင်ပြပါ။

(၁) ကျောင်းမုန့်ဈေးတန်းတွင် ကျောင်းသားများ လိုက်နာရမည့်စည်းကမ်းများ

(၂) သန့်စင်ခန်းအသုံးပြုမှုနှင့်ပတ်သက်သောစည်းကမ်းများ

(၃) ကျောင်းသွားကျောင်းပြန်ချိန်နှင့်ပတ်သက်သောစည်းကမ်းများ

(၄) အမှိုက်စွန့်ပစ်ရာတွင် လိုက်နာသင့်သောစည်းကမ်းများ

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်းခြင်း** (၁၀)မိနစ်

- အောက်ပါမေးခွန်းကိုမေး၍ နိဂုံးချုပ်ပါ။

(က) နိုင်ငံတော်က ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေကို လိုက်နာရန် အဘယ်ကြောင့်လိုအပ်သနည်း။

## စာသင်ချိန်(၃) နိုင်ငံ့ဥပဒေနှင့်စည်းမျဉ်းစည်းကမ်း၏အရေးပါမှု

**သင်ခန်းစာမိတ်ဆက်ခြင်း** (၁၀)မိနစ်

အောက်ပါမေးခွန်းကို မေး၍ နိဒါန်းပျိုးပါ။

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသော စကားရပ်ကို ကြားဖူးပါသလား။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေစာအုပ်တွင် မည်သည့်အကြောင်းအရာများပါသည်ဟု ထင်ပါသနည်း။

**သင်ကြားခြင်း** (၁၀)မိနစ်

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းလိုလိုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းထားရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ အမြင့်ဆုံးသော ဥပဒေဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ ရည်မှန်းချက်များနှင့် အလေးထားတန်ဖိုးထားမှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ အခြားသောဥပဒေများနှင့် စည်းကမ်းများကို ရေးဆွဲရကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားတိုင်း တန်းတူညီမျှအခွင့်အရေးရရှိစေရန် ရေးဆွဲပြဋ္ဌာန်းထားကြောင်း ရှင်းပြပါ။

DBE BOX - Copyright Protected

**လေ့ကျင့်ခြင်း** (၂၀)မိနစ်

(အုပ်စုငယ်ဖွဲ့ဆွေးနွေးခြင်း -အကယ်၍ စည်းမျဉ်းစည်းကမ်းနှင့် ဥပဒေများပြဋ္ဌာန်းမထားပါက မည်သည်တို့ဖြစ်ပေါ်လာနိုင်မည်နည်း။) ဆွေးနွေးရရှိချက်များကို အကျဉ်းချုပ်၍တင်ပြပါစေ။ ရရှိချက်များသည်အောက်ပါအချက်တို့နှင့်အလားသဏ္ဌာန်တူနိုင်ပါသည်။

| စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများ | ဖြစ်နိုင်သည့်အခြေအနေ |
|---|---|
| ၁။ သူတစ်ပါး၏ပစ္စည်းကိုဖျက်ဆီးခြင်းမပြုရ။ | အဖြေ-ရပ်ရွာ အေးချမ်းမှုကို ထိခိုက်မည်။ ထိုက်သင့်သော အရေးယူမှု ခံရမည်။ |
| ၂။ ကလေးများသည်ပညာသင်ယူခွင့်ရရှိရမည်။ | အဖြေ-ကလေးတို့သည် ပညာသင်ယူခွင့်မရရှိနိုင်လျှင်လူ့ဘဝတွင် အခွင့်အရေးများဆုံးရှုံးကြမည်။ |
| ၃။ နိုင်ငံသားများအတွက် ဝန်ဆောင်မှုများ ပေးနိုင်ရန် ပြည်သူလူထုသည် အခွန်အကောက်များကို နိုင်ငံတော် သို့ ပေးဆောင်ရမည်။ | အဖြေ- နိုင်ငံကသုံးစွဲရမည့် ရန်ပုံငွေများမရရှိနိုင်သဖြင့် နိုင်ငံသူနိုင်ငံသားများအတွက် လိုအပ်သောဝန်ဆောင်မှုများကိုပေးနိုင်မည်မဟုတ်ပေ။ |

| | |
|---|---|
| ၄။ ပြည်သူလူထုအားလုံးသည် ခွဲခြားခံရမှုမရှိဘဲ ကျန်းမာရေး စောင့်ရှောက်မှုကို ရရှိ သင့်ကြသည်။ | အဖြေ- ပြည်သူလူထုတို့သည် ကျန်းမာရေးဆိုင်ရာ အထောက်အကူကို မရရှိသဖြင့် ကျန်းမာခြင်းနှင့် ကောင်းမွန်စွာ နေထိုင်မှုကို မရရှိနိုင်ပေ။(ဥပမာ- ကလေးသူငယ်များ ကာကွယ်ဆေးထိုးခြင်း ) |
| ၅။ ဥပဒေအရ တားမြစ်ထားသော ဆေးဝါးများကို မသုံးစွဲရ။ | အဖြေ-သုံးစွဲပါက ကျန်းမာရေးကို ထိခိုက်စေသည့်အပြင် ဥပဒေအရအရေးယူ အပြစ်ပေးခြင်းခံရမည်။ |
| ၆။ လူတိုင်းသည် လမ်းစည်းကမ်းများကို လေ့လာရမည်။ | အဖြေ- မတော်တဆဖြစ်မှုများနှင့်တွေ့ရနိုင်ပြီး အသက်ပါ ဆုံးရှုံးနိုင်ပါသည်။ |
| ၇။ကလေးများနှင့် လူငယ်များကို အရက်သောက်သုံးခွင့်မပြုစေရ။ | အဖြေ- ဤသို့ ပြဋ္ဌာန်းမထားပါက ကလေးများနှင့် လူငယ်များ၏ ကျန်းမာရေးကို ထိခိုက်စေပြီး စာရိတ္တကို ပျက်ပြားစေနိုင်သည်။ |

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

ဤသင်ခန်းစာမှ မည်သည့်အကြောင်းအရာအသစ်များ သင်ယူရရှိကြောင်း မေးမြန်းပါ။ ထို့နောက် အောက်ပါအဓိကအချက်များကိုပြောပြပြီး သင်ခန်းစာကိုနိဂုံးချုပ်ပါ။

- စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေသည် နိုင်ငံသားများအနေဖြင့် မည်ကဲ့သို့ ပြုမူလိုက်နာရမည်ဆို သည်နှင့် အစိုးရအနေဖြင့် လုံခြုံမှု၊ အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုအတွက် မည်သို့ဆောင်ရွက်ရမည်ကို သတ်မှတ်ထားခြင်းပင်ဖြစ်သည်။
- နိုင်ငံသားများသည် နိုင်ငံတော်ကချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများကို လိုက်နာရမည်။
- ဥပဒေကိုချိုးဖောက်ပါက လူ့အဖွဲ့အစည်းနှင့်နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ယွင်းစေသည့်အတွက် ထိုက်သင့်သောအပြစ်ဒဏ်ခံရမည်။

**အခန်း(၃)ကို ပြန်လည်သုံးသပ်ခြင်း** **စုစုပေါင်းစာသင်ချိန် ၁ ချိန်**
**တစ်ချိန် ၄၅ မိနစ်**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

အခန်း (၃) စည်းကမ်းနှင့်ဥပဒေနှင့် ပတ်သက်၍ သင်ယူခဲ့ပြီးသော အကြောင်းအရာများကိုပြန်လည်သုံးသပ်မည် ဟု ပြောပါ။ ကျောင်းသားအရေအတွက်ပေါ် မူတည်၍ အုပ်စုငယ်များဖွဲ့ပြီး အောက်ပါမေးခွန်းကို မေးပါ။

- သင်သည် စည်းကမ်းကို လေးစားလိုက်နာသူဖြစ်ပါသလား။ အဘယ်ကြောင့်နည်း။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

- ကျောင်းသားများကို အောက်ပါမေးခွန်းများမေး၍ သင်ယူရရှိခဲ့သည်များကို ဆွေးနွေးခိုင်းပါ။
  (၁) အခြားသူများကို တရားဥပဒေ လေးစားလိုက်နာသူတစ်ဦးဖြစ်လာစေရန် သင်မည်သို့တိုက်တွန်းမည်နည်း။
  (၂) ကလေးများသည်ပညာသင်ယူခွင့်ရှိရမည်ဆိုသောဥပဒေပြဋ္ဌာန်းချက်ကိုသင်ထောက်ခံပါသလား။ သင်၏အမြင်ကို ဆွေးနွေးပါ။
  ဤသင်ခန်းစာမှရရှိသော အချက် ၃ချက်ကို စာရွက်ပေါ်တွင် ကျောင်းသားများရေးပါစေ။ အဘယ်ကြောင့် စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများကိုလိုက်နာသင့်ကြောင်း အကြောင်းပြချက် ၃-ခုပေး ပါစေ။


DBE BOX - Copyright Protected

သင်ခန်းစာကို ကျောင်းသားများနားလည်ပါလျှင် သူတို့ဘဝတွင် အဘယ်ကြောင့် စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများ ကို လိုက်နာသင့်ကြောင်း အရေးကြီးသော ထိုအကြောင်းပြချက်၃-ခုကို ပေးနိုင်မည်ဖြစ်သည်။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

ကျောင်းသုံးစာအုပ်စာမျက်နှာ-၄၄ကို လမ်းညွှန်ပါ။ အခန်း-၃ရှိ ခေါင်းစဉ် ၃ခုတွင် ကျောင်းသားများ သင်ယူရရှိခဲ့သည့် ခေါင်းစဉ်များအားလုံးကို ပြန်လည်သုံးသပ်ခြင်းပြုလုပ်မည်။ ပြီးလျှင် အောက်ပါဇယားအကွက် တွင်၎င်းတို့သင်ယူရရှိခဲ့သည့် အဓိကအချက်များကို စဉ်းစားဖြည့်စွက်ရန် မေးခွန်းများမေးပြီး ဆောင်ရွက်ပါ။ ကျောင်းသားတို့၏ အဖြေများကို ကြည့်လျက်မှန်ကန်မှုရှိရန် ကူညီပေးပါ။ ဆင်တူသောအဖြေများ ရှိနေလျှင်လည်း လက်ခံပေးရန်ဖြစ်သည်။

**အခန်း(၃)ကို ပြန်လည်သုံးသပ်ခြင်း**




DBE BOX - Copyright Protected

**အဓိကအချက်များ**

- ကျောင်းစည်းကမ်းနှင့် စာသင်ခန်းစည်းကမ်းများကို လိုက်နာသူသည် စည်းကမ်းရှိသူဖြစ်သည်။ နောက်လိုက် ကောင်း တစ်ယောက်အဖြစ်လည်းကောင်း၊ ခေါင်းဆောင်ကောင်းတစ်ယောက်အဖြစ်လည်းကောင်း ဆောင်ရွက် နိုင်ပေမည်။
- ကျောင်းစည်းကမ်းနှင့် စာသင်ခန်းစည်းကမ်းများသည် ကျောင်းသားများ အေးချမ်းလုံခြုံမှုနှင့် ဘက်စုံ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ရည်ရွယ်ချမှတ်ထားခြင်းဖြစ်သည်။ စည်းကမ်းကောင်းမွန်သော ကျောင်းသား သည် တာဝန်ကို ကျေပွန်အောင်ဆောင်ရွက်သူဖြစ်သည်။
- ကျောင်းစည်းကမ်း၊ စာသင်ခန်းစည်းကမ်းများကို လိုက်နာကျင့်သုံးတတ်သော ကျောင်းသားများသည် ကျောင်းသားကောင်းများဖြစ်ပြီး ထိုမှတစ်ဆင့်ဒီမိုကရေစီအလေ့အကျင့်များကို နားလည်ပြီးလက်တွေ့ ကျင့်သုံးသော နိုင်ငံ့သားကောင်းများ ဖြစ်လာနိုင်ပါသည်။

- ကျောင်းကောင်စီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ကျောင်းနှင့်လူမှုအဖွဲ့အစည်းများအတွက် ဒီမိုကရေစီကျင့်စဉ်များကို လက်တွေ့လေ့ကျင့်သင်ယူရာ ရောက်ပေသည်။ နောင်တစ်ချိန်တွင် သင့်နိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လာနိုင်သူတစ်ဦးဖြစ်လာပေမည်။
- ကျောင်းကောင်စီအဖွဲ့ဝင်အသီးသီးသည်အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကျောင်း၏လုပ်ရှားမှုလုပ်ငန်းများအတွက် ဆွေးနွေးတိုင်ပင်ခြင်း၊ သဘောတူညီခြင်း၊ မတူညီခြင်း၊ အစီအစဉ်ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်းများကို သာတူညီမျှပြုလုပ်နိုင်သည့် အခွင့်အလမ်း များရရှိကြသည်။အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တာဝန်နှင့်အခွင့်အရေးများ ရရှိရေးကိုလည်းအားပေးသည်။
- ကျောင်းသားများသည် လူမှုအဖွဲ့အစည်း၊ နိုင်ငံအတွက်တာဝန်နှင့် အခွင့်အရေးများဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိပြီး နိုင်ငံ့သားကောင်းများ ဖြစ်လာပေမည်။
- စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေသည် နိုင်ငံသားများအနေဖြင့် မည်ကဲ့သို့ ပြုမူလိုက်နာရမည်ဆိုသည်နှင့် အစိုးရအနေဖြင့် လုံခြုံမှု၊ အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုအတွက် မည်သို့ဆောင်ရွက်ရမည်ကို သတ်မှတ်ထားခြင်းပင်ဖြစ်သည်။
- နိုင်ငံသားများသည် နိုင်ငံတော်ကချမှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်ဥပဒေများကို လိုက်နာရမည်။
- ဥပဒေကိုချိုးဖောက်ပါက လူ့အဖွဲ့အစည်းနှင့်နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုကို ပျက်ယွင်းစေသည့်အတွက် ထိုက်သင့်သောအပြစ်ဒဏ်ခံရမည်။

DBE BOX - Copyright Protected

# အခန်း(၄)
# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်း

**သင်ယူမှုရလဒ်များ**

ဤအခန်းပြီးဆုံးသောအခါ ကျောင်းသားများသည်

- ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတတ်သောလူတစ်ယောက်၏ သဘောထားနှင့် အပြုအမူကောင်းများကို သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်မည်။
- မိသားစုအတွင်း ဖြစ်လေ့ဖြစ်ထရှိသော အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့်နည်းလမ်းများ အကြံပြုတတ်မည်။
- ကျောင်းတွင် ဖြစ်လေ့ဖြစ်ထရှိသော အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့်နည်းလမ်းများ အကြံပြုတတ်မည်။
- ကျောင်းတွင်ငြိမ်းချမ်းစွာနေထိုင်တတ်မည်။

**သင်ခန်းစာ(၄.၁) ငြိမ်းချမ်းရေးမိတ်ဆက်** **စုစုပေါင်းစာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ** **တစ်ချိန် ၄၅ မိနစ်**

- ငြိမ်းချမ်းရေးနှင့် အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခ၏အဓိပ္ပာယ်ကို ရှင်းပြတတ်ရန်
- အငြင်းပွားမှုများကို အေးချမ်းစွာ ဖြေရှင်းသင့်ကြောင်းရှင်းပြတတ်ရန်
- ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးတတ်သောလူတစ်ယောက်၏သဘောထားနှင့် အပြုအမူကောင်းများကို သိရှိနားလည်ပြီး နေ့စဉ်ဘဝတွင် ကျင့်သုံးတတ်ရန်

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ငြိမ်းချမ်းရေးမြတ်နိုးသူ၏သဘောထားနှင့် အပြုအမူကောင်းများကို အုပ်စုဖွဲ့ဆွေးနွေးရာတွင် အသုံးပြုရန် ကားချပ်များပြင်ဆင်ထားပါ။ ကားချပ်ကို အလွယ်တကူရှာမရပါက သင်ပုန်းကိုအသုံးပြုနိုင်ပါသည်။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ငြိမ်းချမ်းရေး၊ အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခနှင့်ဆက်စပ်သော စကားလုံးများ၏အဓိပ္ပာယ်ကို စဉ်းစားခြင်းဖြင့် လေးနက်စွာဆန်းစစ်ဝေဖန်ခြင်း (Critical Thinking) အဓိပ္ပာယ်ဖွင့်ဆိုချက်များကို အုပ်စုဖွဲ့ဆွေးနွေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း (Collaboration/Group work)နှင့် ဆက်သွယ်ပြောဆိုခြင်း (Communication) ကျွမ်းကျင်မှုများရရှိမည်။

**စာသင်ချိန်(၁) ငြိမ်းချမ်းရေး၊အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို တွေး-တွဲ-မျှဝေ (Think-Pair–Share) နည်းဖြင့် ဆောင်ရွက်ပါ။
  (က) မိသားစုဝင်အချင်းချင်းမသင့်မြတ်မှုများ ကြုံတွေ့ဖူးပါသလား။
  (ခ) မိသားစုဝင်အချင်းချင်းမသင့်မြတ်ပါက မည်သို့ခံစားရပါသနည်း။
  (ဂ) မိသားစုဝင်အချင်းချင်းသင့်မြတ်ရန် မည်သို့နေထိုင်ရမည်နည်း။

**သင်ကြားခြင်း** (၂၀)မိနစ်

- အောက်ပါတို့ကို အုပ်စုလိုက် ဆောင်ရွက်ရန်ပြောပါ။
  (က) ငြိမ်းချမ်းရေးနှင့် အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခဝေါဟာရတို့က မည်သို့နားလည်သနည်းဟုမေးပါ။
  (ခ) ငြိမ်းချမ်းရေးနှင့် အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခတို့၏အဓိပ္ပာယ်ကို အုပ်စုလိုက် ဆွေးနွေးနေစဉ် ဆရာက ကျောင်းသားအားလုံး ပါဝင်ဆွေးနွေးနိုင်စေရန် ကြီးကြပ်ပေးပါ။ ကျောင်းသားများ၏ ကျိုးကြောင်း ဆီလျော်မှုရှိသော ဖြေကြားချက်၊ ဆွေးနွေးချက်၊ တင်ပြချက်များကို လက်ခံအားပေးပါ။

DBE-PDV-Copyright Protected

● အောက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်များကို ဆရာက ရှင်းပြပါ။

**ငြိမ်းချမ်းရေး**

ငြိမ်းချမ်းရေးဆိုသည်မှာ စိုးရိမ်ပူပန်ခြင်း၊ အမျက်ဒေါသထွက်ခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းများ မရှိဘဲ ကိုယ်စိတ်နှစ်ပါး တည်ငြိမ်အေးချမ်းမှုရှိခြင်းပင်ဖြစ်သည်။ လူအချင်းချင်းဆက်ဆံရာတွင် တစ်ဦးနှင့်တစ်ဦး ရန်လို အငြင်းပွားမှုမရှိခြင်း၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ အငြင်းပွားတိုက်ခိုက်မှုမရှိခြင်းပင်ဖြစ်သည်။

**အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခ**

အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခ ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် သဘောထားကွဲလွဲမှုများ၊ နားလည်မှုကွဲလွဲမှုများ ပေါ်ပေါက်သည့်အခါ ရန်လိုသောအပြုအမူဖြင့် တုန့်ပြန်ခြင်းဖြစ်သည်။

မှတ်ချက်- ကျောင်းသုံးစာအုပ်ပါ ငြိမ်းချမ်းရေးနှင့် အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခ ဝေါဟာရတို့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များသည် နမူနာမျှသာ ဖြစ်သည်။ ကျောင်းသူကျောင်းသားများ၏ နားလည်လက်ခံမှု အပေါ်မူတည်၍ အဓိပ္ပာယ်ဖွင့်ဆိုချက် အမျိုးမျိုးရရှိနိုင်သည်။

**လေ့ကျင့်ခြင်း** (၁၅)မိနစ်

● အောက်ပါတို့ကို အုပ်စုလိုက်ဆွေးနွေးရန်ပြောပါ။

(က) မိသားစုအတွင်း ပဋိပက္ခဖြစ်စေနိုင်သော အချက်များကို ဖော်ထုတ်ပါ။

(ခ) မိသားစုအတွင်း ပဋိပက္ခဖြစ်ပေါ်ပါက ဖြေရှင်းရမည့်နည်းလမ်းကို ဖော်ထုတ်ပါ။

(ဂ) မိသားစုအတွင်း ငြိမ်းချမ်းရန် မည်သို့ ပြုမူနေထိုင်ရမည်နည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

● ကျောင်းသူကျောင်းသားများကို "မိသားစုတစ်စုအတွင်း ငြိမ်းချမ်းမှု ရှိမရှိကို မည်သို့သိနိုင်မည်နည်း"ဟု မေးပါ။ သင်ခန်းစာမိတ်ဆက်ခြင်းအပိုင်းမှ ဖြေဆိုမှုနှင့်နှိုင်းယှဉ်ကာ တိုးတက်ပြောင်းလဲမှုရှိမရှိ အကဲဖြတ်ပါ။

● ဆရာက မိသားစုတွင်း ငြိမ်းချမ်းမှုနှင့် ကြုံတွေ့ရတတ်သော အငြင်းပွားမှုများအကြောင်းအနှစ်ချုပ် ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

DBE BOX - Copyright Protected

## စာသင်ချိန်(၂) နှိမ့်ချခြင်းအကျိုး

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

● "သင့်ပတ်ဝန်းကျင်သည် ငြိမ်းချမ်းသောပတ်ဝန်းကျင် ဖြစ်ပါသလား၊ အဘယ်ကြောင့်နည်း"ဟု မေးမြန်း၍ နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** (၁၅)မိနစ်

● ကျောင်းသူကျောင်းသားများအား ၅မိနစ်ခန့် အချိန်ပေး၍ နှိမ့်ချခြင်းအကျိုးပုံပြင်ကို အသံတိတ်လေ့လာဖတ်ရှုကြရန် ပြောပါ။ ထို့နောက် ကျောင်းသားတစ်ဦးအား အတန်းသို့ ရှင်းပြရန်ပြောပါ။

● ဆက်လက်၍ ဆရာကပုံပြင်၏ အဓိကအချက်များကို ပေါ်လွင်အောင်ရှင်းပြပါ။ ဥပမာ- ခြသေ့်နှင့် တောဝက်တို့ သည် အငြင်းပွားမှုဖြစ်လာနိုင်သော အခြေအနေကို ရန်လိုသည့်အပြုအမူဖြင့် တုန့်ပြန်ကြပါက ဆိုးကျိုးသာ ဖြစ်ပေါ်လာနိုင်သည်။ ခြသေ့်နှင့်တောဝက်တို့သည် အငြင်းပွားမှုဖြစ်လာနိုင်သော အခြေအနေကို ငြိမ်းချမ်းစွာ ဖြေရှင်းကြသဖြင့် ကောင်းကျိုးများဖြစ်ပေါ်သည် စသည်ဖြင့် ရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၂၀)မိနစ်

● အောက်ပါမေးခွန်းများကိုအုပ်စုလိုက်ဆွေးနွေးရန်ပြောပါ။

(က) ခြသေ့်နှင့်တောဝက်တို့သည် လိုရာခရီးရောက်ရန် မည်သို့ဆောင်ရွက်ကြသနည်း။

(ခ) ခြသေ့်နှင့်တောဝက်တို့၏ ညှိနှိုင်းဆောင်ရွက်မှုကို လေ့လာခြင်းဖြင့်သင်မည်သည့်သင်ခန်းစာ ရရှိသနည်း။

(ဂ) အငြင်းပွားမှုကိုအေးချမ်းစွာ ဖြေရှင်းခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်ပါသနည်း။

ဆွေးနွေးမှုရလဒ်များကို အုပ်စုကိုယ်စားပြုကျောင်းသားတစ်ဦးက အတန်းသို့တင်ပြရန် ပြောပါ။အုပ်စုလိုက် ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြည့်ရှု အကဲဖြတ်ပါ။ လိုအပ်ပါက ဝင်ရောက် ဖြည့်စွက် ဆွေးနွေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အုပ်စုလိုက်တင်ပြချက်များကို အခြေခံပြီး ငြိမ်းချမ်းသောပတ်ဝန်းကျင် တည်ဆောက်ရန်သတိထားရမည့်အချက်များ၊ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကိုသိရှိစေရန် အောက်ပါမေးခွန်းများကို မေးမြန်း ဆွေးနွေးခြင်းဖြင့် သင်ခန်းစာကို နိဂုံးချုပ်ပါ။

(က) ငြိမ်းချမ်းသောပတ်ဝန်းကျင်တည်ဆောက်ရန် မည်သည့်အပြုအမူများကိုလိုက်နာရမည်နည်း။

(ခ) ငြိမ်းချမ်းသောပတ်ဝန်းကျင်တည်ဆောက်ရန် မည်သည့်အပြုအမူများကိုရှောင်ကြဉ်ရမည်နည်း။

**စာသင်ချိန်(၃) ငြိမ်းချမ်းရေးကိုမြတ်နိုးသူတစ်ဦး၏သဘောထားနှင့်အပြုအမူကောင်းများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- " ငြိမ်းချမ်းစွာနေထိုင်နိုင်ရန် တစ်ဦးနှင့်တစ်ဦး မည်သို့ ပြုမူပြောဆို သင့်သနည်း "ဟု မေးမြန်း၍သင်ခန်းစာကို နိဒါန်းပျိုးပါ။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်

- ကျောင်းသူကျောင်းသားများကို အုပ်စုဖွဲ့၍ဖြစ်ရပ်များကို ဖတ်ရှုလေ့လာရန်ပြောပါ။ ဖြစ်ရပ်များကို လေ့လာရာတွင် မိသားစုအတွင်း အငြင်းပွားမှု သို့မဟုတ်ပဋိပက္ခကို ငြိမ်းချမ်းစွာဖြေရှင်းပုံကို အလေးထားလေ့လာရန် ဆရာက သတိပေးရှင်းပြပါ။

ထို့နောက်အုပ်စုလိုက် အောက်ပါမေးခွန်းများကိုဆွေးနွေးရန်ပြောပါ။

(က) ညီအစ်ကိုမောင်နှမအချင်းချင်း မည်သို့ပြုမူဆက်ဆံရမည်နည်း။

(ခ) သူငယ်ချင်းအချင်းချင်း မည်သို့ပြုမူဆက်ဆံရမည်နည်း။

(ဂ) သင့်အား နားလည်မှုလွဲမှားပြီး ရန်လိုသည့်အပြုအမူမျိုးဖြင့် ဆက်ဆံလာပါက မည်သို့တုံ့ပြန်မည်နည်း။

- ဆွေးနွေးမှုရလဒ်များကို အုပ်စုကိုယ်စားကျောင်းသား တစ်ဦးက အတန်းသို့ တင်ပြရန် ပြောပါ။ အုပ်စုလိုက်ဆွေးနွေးနေစဉ် ဆရာက လှည့်လည်ကြည့်ရှုအကဲဖြတ်ပါ။ ကျောင်းသားသိလို သည်များကို ဖြေကြားပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့် စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အငြင်းပွားမှုများနှင့်ကြုံတွေ့ရသည့်အခါ အကြမ်းမဖက်ဘဲငြိမ်းချမ်းစွာ ဖြေရှင်းသင့်ကြောင်း၊ ငြိမ်းချမ်းရေးကို မြတ်နိုးသူ၏သဘောထားနှင့် အပြုအမူကောင်းများကို လေ့လာပြီးတွေ့ကြုံရသောပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းသင့်ကြောင်းကိုသိရှိစေရန် အောက်ပါမေးခွန်းများကို မေးမြန်း၍ သင်ခန်းစာကို နိဂုံးချုပ်ပါ။

(က) ငြိမ်းချမ်းရေးကိုမြတ်နိုးသူ၏သဘောထားနှင့်အပြုအမူကောင်းများကို ဖော်ပြပါ။

(ခ) ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများရရှိသနည်း။

**စာသင်ချိန်(၄) ငြိမ်းချမ်းရေးကိုမြတ်နိုးသူတစ်ဦး၏သဘောထားနှင့် အပြုအမူကောင်းများ(အဆက်)**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ယခင်စာသင်ချိန်များတွင် သင်ယူခဲ့ရသောငြိမ်းချမ်းရေး၏အဓိပ္ပာယ်၊ ပဋိပက္ခကိုငြိမ်းချမ်းစွာ ဖြေရှင်းနိုင်မည့်နည်းလမ်းများ၊ ငြိမ်းချမ်းရေးကိုမြတ်နိုးသူ၏ သဘောထားနှင့် အပြုအမူကောင်းများကို ပြန်လည်အမှတ်ရစေရန် "ငြိမ်းချမ်းရေးကိုမြတ်နိုးသူတစ်ဦးတွင် မည်သည့်အရည်အသွေးများရှိသနည်း" ဟု မေးမြန်း၍ သင်ခန်းစာ ကို နိဒါန်းပျိုးပါ။

**လေ့ကျင့်ခြင်း** (၂၅)မိနစ်

- ငြိမ်းချမ်းရေးကို မြတ်နိုးသူ၏သဘောထားနှင့် အပြုအမူကောင်း များကို နေ့စဉ်ဘဝတွင် မည်သို့ကျင့်သုံးမည်ကို ဖော်ပြသည့် ပိုစတာတစ်ခုကို စုပေါင်းဖန်တီးရန်ပြောပါ။ အုပ်စုအလိုက် ပိုစတာပြုလုပ်နေစဉ် ဆရာက ကြီးကြပ်ပါ။ လိုအပ်သောအကြံဉာဏ်များပေးပါ။ အုပ်စုလိုက်ပြုလုပ်ထားသော ပိုစတာများကို အတန်းသို့ တင်ပြ၍ အကြံပြုချက်များ ပေးရန်ပြောပါ။

DBE BOX Copyright Protected

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၅)မိနစ်

- ကျောင်းသားများအား ကျောင်းသုံးစာအုပ်ကို ဖတ်ရှုလေ့လာပြီး အောက်ပါမေးခွန်းများကို တစ်ဦးချင်း ဖြေဆိုရန် ပြောပါ။ ဖြေဆိုရာတွင် ကျောင်းသားတစ်ဦးချင်းစီ၏ ကိုယ်ပိုင်အယူအဆများကိုသာ ဖြေဆိုရန် သတိပေးပါ။

(က) အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခဆိုသည်မှာအဘယ်နည်း။
(ခ) ငြိမ်းချမ်းရေးဆိုသည်မှာအဘယ်နည်း။
(ဂ) ငြိမ်းချမ်းရေးကိုမြတ်နိုးသူများသည် မည်သို့သောသဘောထားနှင့်အပြုအမူကောင်းများရှိကြပါသနည်း။
(ဃ) ငြိမ်းချမ်းရေးကိုထိန်းသိမ်းရန် သင်မည်သို့ပြုမူပြောဆိုနေထိုင်မည်နည်း။
(င) ငြိမ်းချမ်းရေးကို ကာကွယ်ထိန်းသိမ်းရန် အဘယ်ကြောင့်အရေးကြီးပါသနည်း။
(စ) ငြိမ်းချမ်းရေးကို မြတ်နိုးသူ၏သဘောထားနှင့်အပြုအမူကောင်းများကို သင်မည်မျှ ပိုင်ဆိုင်ထားသနည်း။ မည်သည့်အချက်များကို ထပ်မံဖြည့်ဆည်းရမည်နည်း။

- အောက်ပါ အဓိကအချက်များကို ရှင်းပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာဖြင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်သင့်သည်။ အပြန်အလှန်လေးစားမှု၊ စာနာနားလည်မှုဖြင့် ဆက်ဆံပါက ငြိမ်းချမ်းသာယာသော အသိုက်အဝန်းတစ်ခုကို ဖန်တီးနိုင်ပါလိမ့်မည်။
- အငြင်းပွားမှုများနှင့် ကြုံတွေ့ရသည့်အခါ အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာဖြင့် ဖြေရှင်းသင့်သည်။ ထို့ကြောင့် ငြိမ်းချမ်းရေးကို မြတ်နိုးသူ၏သဘောထားနှင့် အပြုအမူကောင်းများကို လေ့လာပြီး တွေ့ကြုံရသော ပြဿနာများကို အေးအေးချမ်းချမ်း ဖြေရှင်းသင့်ပါသည်။

**သင်ခန်းစာ(၄.၂) ငြိမ်းချမ်းရေးကိုမြတ်နိုးခြင်း** **စုစုပေါင်းစာသင်ချိန် ၄ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်များ** **တစ်ချိန် ၄၅ မိနစ်**

- အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းတတ်စေရန်
- ငြိမ်းချမ်းရေးကို တန်ဖိုးထားထိန်းသိမ်းတတ်သော အလေ့အကျင့်ကောင်းများရရှိစေရန်
- ငြိမ်းချမ်းရေး အထိမ်းအမှတ်သင်္ကေတများကို ဖန်တီးတတ်စေရန်

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ငြိမ်းချမ်းရေးအထိမ်းအမှတ်သင်္ကေတတစ်ခု စုပေါင်းဖန်တီးရန် လိုအပ်သောပစ္စည်းများ( ဉပမာ၊ကတ်ထူစက္ကူ၊ ဆေးပင်၊ရောင်စုံခဲတံ၊ကတ်ကြေးစသည်ဖြင့်)ကို ပြင်ဆင်ထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ထင်းစည်းဉပမာပုံပြင်၊ ပဋိပက္ခဖြေရှင်းရန်နည်းလမ်းများ၊ ဖြစ်ရပ်လေ့လာခြင်းတို့တွင် ပါဝင်သော အကြောင်းအရာများ၊ မေးခွန်းများကိုအုပ်စုဖွဲ့ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေးအထိမ်းအမှတ်သင်္ကေတတစ်ခု စုပေါင်းဖန်တီးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း (Collaboration/Group work) ငြိမ်းချမ်းရေးအထိမ်းအမှတ်သင်္ကေတတစ်ခုကို ဖန်တီးရန် စဉ်းစားတွေးခေါ်ခြင်း (CreativeThinking) ပဋိပက္ခများ ကို ငြိမ်းချမ်းစွာဖြေရှင်းတတ်သော အလေ့အကျင့်ကောင်းများရရှိပြီး နိုင်ငံ့သားကောင်းဖြစ်ခြင်း (Citizenship) စသော ကျွမ်းကျင်မှုများရရှိနိုင်သည်။

**စာသင်ချိန်(၁) ထင်းစည်းဉပမာ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ကျောင်းသားများကိုအောက်ပါမေးခွန်းများမေးမြန်းခြင်းဖြင့်သင်ခန်းစာကိုနိဒါန်းပျိုးပါ။

(က) မိသားစုဝင်အချင်းချင်း သဘောထားမတိုက်ဆိုင်ဘဲ အငြင်းပွားရသည့် အခြေအနေမျိုးနှင့် ကြုံဖူးသူရှိပါသလား။
(ခ) သူငယ်ချင်းအချင်းချင်း သဘောထားမတိုက်ဆိုင်ဘဲ အငြင်းပွားရသည့်အခြေအနေမျိုးနှင့်ကြုံဖူးသူရှိပါသလား။

DBE BOX - Copyright Protected

မှတ်ချက်။ အထက်ပါ မေးခွန်းများသည် တစ်တန်းလုံးကို မေးမြန်းသောမေးခွန်းများဖြစ်သည့်အတွက် တိကျသော အဖြေရရှိရန် ဆရာက ကျောင်းသား ၂ ဦးခန့်ကို ရွေးထုတ်၍မေးပါ။

ထို့နောက် အငြင်းပွားမှုများ သို့မဟုတ် ပဋိပက္ခများနှင့်ကြုံတွေ့ရသည့်အခါ ငြိမ်းချမ်းစွာ ဖြေရှင်းတတ်ရန် "ငြိမ်းချမ်းရေးကိုမြတ်နိုးခြင်း" သင်ခန်းစာကိုသင်ယူရမည်ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** (၂၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပေးပါ။ ထို့နောက်အုပ်စုအလိုက် အောက်ပါမေးခွန်းများကို စဉ်းစား ဆွေးနွေးပါစေ။

  (က) မိသားစုဝင်များ၊သူငယ်ချင်းများနှင့်ငြိမ်းချမ်းစွာနေနိုင်ရန်မည်သို့ပြုမူပြောဆိုသင့်သနည်း။

  (ခ) မိသားစုဝင်များ၊သူငယ်ချင်းများနှင့်ငြိမ်းချမ်းစွာနေနိုင်ရန်မည်သည့်အချက်များကိုရှောင်ကြဉ်သင့်သနည်း။

- ထင်းစည်းဥပမာပုံပြင်ကို အုပ်စုလိုက် ဖတ်ရှုရန်ပြောပါ။
- ကျောင်းသားများကို အဘိုးအိုနှင့် သားသမီးများ၏ ဆက်ဆံရေးအခြေအနေ မည်သို့ရှိကြောင်း မေးမြန်းကြည့်ပါ။ သားသမီးများသည် တစ်ဦးနှင့်တစ်ဦး မသင့်မြတ်ဘဲ အမြဲရန်လို တိုက်ခိုက်နေသည့်အတွက် မိသားစုအတွင်း ငြိမ်းချမ်းမှုမရှိသည့်အပြင် မိသားစုအကျိုးစီးပွားကိုပါ ထိခိုက်တတ်ကြောင်းကို ပေါ်လွင်အောင် ဆရာက ရှင်းပြပါ။
- ဖခင်အဘိုးအိုက သားသမီးများကို အလွယ်တကူ ချိုးမ၍ရမရမေးမြန်းပါ။ တစ်ဦးနှင့်တစ်ဦး အငြင်းပွားမှု ဖြစ်ပေါ်သည့်အခါ ကိုယ့်သဘောထားကိုသာ အမြဲမှန်သည်ဟု မှတ်ယူပြီး ငြင်းခုံနေမည်ဆိုပါက မရနိုင် ကြောင်း၊ တစ်စုံတစ်ယောက်ကအကျိုးအကြောင်း ခိုင်ခိုင်လုံလုံနှင့် ရှင်းပြသည့်တိုင် လက်ခံနာယူရန် ခက်ခဲနေတတ်ကြောင်း ရှင်းပြပါ။
- ဖခင်အဘိုးအို၏ လက်တွေ့ပြသဆုံးမမှုသည် အောင်မြင်မှုရှိမရှိ မေးမြန်းပါ။ အငြင်းပွားမှုများကို ညှိနှိုင်း သည့်အခါ အထောက်အထားခိုင်ခိုင်မာမာဖြင့် တစ်ဖက်သားလက်ခံလာအောင် ကြိုးစားဆောင်ရွက်ရကြောင်း ရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၁၅)မိနစ်

- အုပ်စုလိုက်အောက်ပါမေးခွန်းများကိုဆွေးနွေးပါစေ။

(က)သားသမီးများသည် အဘယ်ကြောင့်တစ်ဦးနှင့်တစ်ဦးရန်လိုတိုက်ခိုက်နေသည်ဟုထင်ပါသနည်း။ (နမူနာ အဖြေ-သားသမီးများသည် တစ်ဦး၏အမြင်နှင့်အယူအဆကို တစ်ဦးကနားလည်မှုမရှိဘဲ မိမိ၏သဘော ထားကိုသာ အမြဲမှန်ကန်သည်ဟု ကိုင်စွဲထားသောအခါ အငြင်းပွားမှုများမှ တစ်ဆင့် ရန်လိုတိုက်ခိုက်မှုများ ဖြစ်ပေါ်လာ သည်ဟုထင်ပါသည်။)

(ခ)တစ်ဦးနှင့်တစ်ဦး ရန်လိုတိုက်ခိုက်နေသည့်အတွက် မည်သည့်ဆိုးကျိုးများရရှိသနည်း။ (နမူနာအဖြေ- တစ်ဦးနှင့်တစ်ဦး ရန်လိုတိုက်ခိုက်နေသည့်အတွက် စည်းလုံးမှုပြိုကွဲခြင်း၊ မိမိနှင့်သူတစ်ပါး၏ အကျိုးစီးပွား ထိခိုက် ပျက်စီးရခြင်းစသည့် ဆိုးကျိုးများရရှိနိုင်ပါသည်။)

(ဂ)တစ်ဦးနှင့်တစ်ဦး ချစ်ခင်စည်းလုံးစွာ နေထိုင်ပါကမည်သည့် အကျိုးကျေးဇူးများ ရရှိနိုင်သနည်း။ (နမူနာအဖြေ-တစ်ဦးနှင့်တစ်ဦးချစ်ခင်စည်းလုံးစွာ နေထိုင်ပါက ပြင်ပရန်သူများ၏ တိုက်ခိုက်မှုမခံရခြင်း၊ လူမှုရေး၊ စီးပွားရေး တိုးတက်ဖြစ်ထွန်းခြင်းစသည့် ကောင်းကျိုးများရရှိနိုင်ပါသည်။)

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကိုမေးမြန်းပါ။

  (က) အဘယ်ကြောင့် ငြိမ်းချမ်းစွာ နေထိုင်သင့်သနည်း။

  (ခ) အဘယ်ကြောင့် စည်းလုံးညီညွတ်စွာ နေထိုင်သင့်သနည်း။

  မိသားစုဝင်များ၊ သူငယ်ချင်းများနှင့် ငြိမ်းချမ်းစွာနေနိုင်ရန် တစ်ဦး၏အယူအဆကို တစ်ဦးက လေးစားစွာ နားထောင်သင့်ကြောင်း၊ မတူညီသောအမြင်နှင့် အယူအဆများကို ညှိနှိုင်းဖြေရှင်းသင့်ကြောင်း၊ အငြင်းပွားမှု များကို ရန်လိုသောအပြုအမူ၊အပြောအဆိုများဖြင့် မတုံ့ပြန်သင့်ကြောင်း ရှင်းလင်းပြောဆိုခြင်းဖြင့် သင်ခန်း စာကို နိဂုံးချုပ်ပါ။

DBE BOX - Copyright Protected

## စာသင်ချိန်(၂) ပဋိပက္ခဖြေရှင်းရန်နည်းလမ်းများ

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- အောက်ပါမေးခွန်းများကို မေးမြန်းခြင်းဖြင့် သင်ခန်းစာကို မိတ်ဆက်ပါ။

(က) အငြင်းပွားမှုများနှင့်ကြုံတွေ့ရသည့်အခါ အဘယ်ကြောင့် ငြိမ်းချမ်းစွာ ဖြေရှင်းသင့်ပါသနည်း။

(ခ) အငြင်းပွားမှုများနှင့်ကြုံတွေ့ရသည့်အခါ ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့်နည်းလမ်းများကိုပြောပြပါ။

ဤသင်ခန်းစာတွင် အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခများကို လျှော့နည်းစေရန်နှင့် ၎င်းတို့ကို ကြုံတွေ့ရသည့် အခါ ဖြေရှင်းရန်နည်းလမ်းများ၊ ငြိမ်းချမ်းသောပတ်ဝန်းကျင်တစ်ခုကို မည်ကဲ့သို့တည်ဆောက်ရ မည်တို့ကိုလေ့လာ ရမည်ဖြစ်ကြောင်း ရှင်းပြပါ။

**သင်ကြားခြင်း** (၂၀)မိနစ်

- တစ်ဦးနှင့်တစ်ဦး အငြင်းပွားမှုဖြစ်ပေါ်သည့်အခါ အောက်ပါအဆင့်များအတိုင်းဖြေရှင်းနိုင်ကြောင်း ရှင်းပြပါ။
  အဆင့်(၁) မတူညီသောအယူအဆများနှင့်သဘောထားကွဲလွဲမှုကိုလေ့လာခြင်း
  အဆင့်(၂) အပေးအယူအလျှော့အတင်းများ ဆောင်ရွက်ခြင်းဖြင့်ညှိနှိုင်းခြင်း
  အဆင့်(၃) နှစ်ဦးနှစ်ဖက်လက်ခံနိုင်သော သဘောတူညီမှုတစ်ရပ်ဖော်ထုတ်ခြင်း
- အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခကိုလျှော့နည်းစေမည့် နည်းလမ်းများတွင် အောက်ပါအချက်များ ပါဝင် ကြောင်းရှင်းပြပါ။
  (က) အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခကို လျင်မြန်စွာမှန်မှန်ကန်ကန်သုံးသပ်တတ်ခြင်း
  (ခ) အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခဖြစ်ပွားစေတတ်သောအချက်များကို လျှော့နည်းစေခြင်း
  (ဂ) အမုန်းပွားမှု ဖြစ်ပေါ်စေသောအချက်များကို ရှောင်ကြဉ်ခြင်း
  (ဃ) ခွဲခြားဆက်ဆံမှုမပြုခြင်း
  (င) မတူကွဲပြားသောအချက်များကိုလေးစားခြင်း
  (စ) ရိုးသားဖြောင့်မတ်စွာဆက်ဆံခြင်း
  (ဆ) စည်းလုံးညီညွတ်မှုကိုမြှင့်တင်ခြင်း
- အချင်းချင်းမတူကွဲပြားမှုများကို အလေးထားလက်ခံတတ်ခြင်း၊ သဘောထားကွဲလွဲမှုကို ငြိမ်းချမ်းစွာ ဖြေရှင်းခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ ယဉ်ကျေးမှုအမျိုးမျိုးကို နားလည်ခြင်းဖြင့် ငြိမ်းချမ်းသော ပတ်ဝန်းကျင် တစ်ခုကို တည်ဆောက်နိုင်ကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၁၅)မိနစ်

- အုပ်စုလိုက် အောက်ပါ မေးခွန်းတစ်ခုစီပေး၍ လက်တွေ့ဘဝနှင့်ဆက်စပ်သော အခြေအနေတစ်ရပ်ကို ဆက်စပ်ဖော်ထုတ် ဆွေးနွေးရန် ပြောပါ။

(က) တစ်ဦးနှင့်တစ်ဦး မတူညီသောအယူအဆများနှင့် သဘောထားကွဲလွဲမှုများကြောင့် အငြင်းပွားမှုများ မဖြစ်ပေါ်စေရန် မည်သို့ဆောင်ရွက်နိုင်သနည်း။

(ခ) သာမန်အငြင်းပွားမှုများမှတစ်ဆင့် ရန်လိုသောအခြေအနေတစ်ရပ်သို့ ဦးတည်မသွားစေရန် မည်သို့ကာကွယ် မည်နည်း။

(ဂ) သင်၏စာသင်ကျောင်းကို ငြိမ်းချမ်းမှုရှိရန် မည်သည့်အချက်များကို လုပ်ဆောင်ပေးနိုင်ပါသနည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

အငြင်းပွားမှုများနှင့်ကြုံတွေ့ရသည့်အခါ မည်သို့ဖြေရှင်းသင့်ကြောင်းမေးမြန်း၍သင်ခန်းစာကို နိဂုံးချုပ်ပါ။

## စာသင်ချိန်(၃) ဖြစ်ရပ်လေ့လာခြင်း

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ယခင်စာသင်ချိန်များတွင် သင်ယူခဲ့ရသောငြိမ်းချမ်းရေး၊ အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခများကို ဖြေရှင်း နည်းများနှင့် လျှော့နည်းစေမည့်နည်းများ၊ ငြိမ်းချမ်းသော ပတ်ဝန်းကျင်ဖြစ်အောင် ဆောင်ရွက်နည်းတို့ကို ပြန်လည်မေးမြန်းပါ။

DBE BOX Copyright Protected

ယခုသင်ခန်းစာတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သော အကြောင်းအရာများကို လက်တွေ့အသုံးချဖြေရှင်းရမည်ဖြစ်ကြောင်း ပြောပြပါ။

**လေ့ကျင့်ခြင်း** (၃၅)မိနစ်

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။ (၅)မိနစ်ခန့်အချိန်ပေး၍ အုပ်စုလိုက်ဖြစ်ရပ်များကို လေ့လာရန် ပြောပါ။
- အောက်ပါမေးခွန်းများနှင့်ပတ်သက်ပြီး ဝိုင်းဝန်းဆွေးနွေးရန် ပြောပါ။
  - (က) မေမေသည် ကိုကို့ကို ညီမလေး၏အရုပ်ကို မလုသင့်ကြောင်း နားလည်အောင် မည်သို့ရှင်းပြမည်ဟုထင်ပါသနည်း။
  - (ခ) သင်သာဆိုလျှင် စုစုတို့အဖွဲ့နှင့်မူမူတို့အဖွဲ့ကို မည်သို့ညှိနှိုင်းပေးမည်နည်း။
  - (ဂ) နှင်းနှင်းနှင့်ရဲရင့်တို့ ဖြစ်ရပ်မျိုး သင်ကြုံရပါက အငြင်းပွားနိုင်သော အခြေအနေကို မည်သို့ဖြေရှင်းမည်နည်း။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- "သင့်ပတ်ဝန်းကျင်တွင် အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခဖြစ်လာမည့် အခြေအနေနှင့် သင်ကိုယ်တိုင်ကြုံတွေ့ရပါက မည်ကဲ့သို့ လုပ်ဆောင်မည်နည်း"ဟု မေးပါ။
- ကျောင်းသားများ၏ အဖြေပေါ်မူတည်၍ ငြိမ်းချမ်းစွာ ဖြေရှင်းသင့်ကြောင်းတစ်ဦးအယူအဆကို တစ်ဦးက တန်ဖိုးထား လေးစားခြင်းဖြင့် ငြိမ်းချမ်းသော ပတ်ဝန်းကျင်တစ်ရပ်ကို တည်ဆောက်နိုင်ကြောင်းရှင်း ပြပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

DBE BOX - Copyright Protected

**စာသင်ချိန်(၄) ငြိမ်းချမ်းရေးအထိမ်းအမှတ်သင်္ကေတများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- ဤအခန်းတွင် သင်ယူခဲ့ရသော ငြိမ်းချမ်းရေးမိတ်ဆက်၊ ငြိမ်းချမ်းရေးကို တန်ဖိုးထား ထိန်းသိမ်းရန်နည်းလမ်းများ၊ အငြင်းပွားမှု သို့မဟုတ် ပဋိပက္ခကို ဖြေရှင်းရန်နည်းလမ်းများ၊ လျှော့နည်းစေရန်နည်းလမ်းများ စသည်တို့ကို အသုံးပြု၍ ငြိမ်းချမ်းရေး အထိမ်းအမှတ်သင်္ကေတတစ်ခုကို စုပေါင်းဖန်တီးရမည်ဖြစ်ကြောင်း ပြောကြားခြင်းဖြင့် သင်ခန်းစာကို နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** (၅)မိနစ်

- အထိမ်းအမှတ်သင်္ကေတတိုင်းတွင် အဓိပ္ပာယ်များရှိကြောင်း၊ ငြိမ်းချမ်းရေးအထိမ်းအမှတ် သင်္ကေတတစ်ခုကို စုပေါင်းဖန်တီးရာတွင် သင်္ကေတများ၏အဓိပ္ပာယ်ကိုလည်း စဉ်းစားကြရန်လိုကြောင်းရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၂၅)မိနစ်

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့၍ ငြိမ်းချမ်းရေးအထိမ်းအမှတ်သင်္ကေတ တစ်ခုကို စုပေါင်းဖန်တီးကြရန် ပြောပါ။
- အဖွဲ့လိုက် ဖန်တီးထားသောငြိမ်းချမ်းရေး အထိမ်းအမှတ်သင်္ကေတကို အတန်းသို့ ရှင်းလင်းတင်ပြရန် ပြောပါ။
- အုပ်စုလိုက် ဆွေးနွေးလုပ်ဆောင်နေစဉ် ဆရာက လှည့်လည်ကြည့်ရှုအကဲဖြတ်ပါ။ လိုအပ်ပါက ဆွေးနွေးအကြံပြုပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- ဆရာက ကျောင်းသားများအား အောက်ပါမေးခွန်းများကို မေး၍အကဲဖြတ်ပါ။
  - (က) ပတ်ဝန်းကျင်တွင် ကြုံတွေ့ဖူးသော အငြင်းပွားမှု ၃ မျိုးကို ဖော်ပြပါ။
  - (ခ) ထိုအငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့်နည်းလမ်းများကို ဖော်ပြပါ။
  - (ဂ) ငြိမ်းချမ်းရေးကို အဘယ်ကြောင့် မြတ်နိုးထိန်းသိမ်းသင့်သနည်း။

● အောက်ပါ အဓိကအချက်များကို ဆွေးနွေးပြီး သင်ခန်းစာကို နိဂုံးချုပ်ပါ။

**အဓိကအချက်များ**

- မိသားစုတွင်ဖြစ်စေ၊ ကျောင်းတွင်ဖြစ်စေ၊ ပတ်ဝန်းကျင်တွင်ဖြစ်စေ တစ်ဦးနှင့်တစ်ဦးအယူအဆများ မတူညီဘဲ ကွဲပြားခြားနားမှုများရှိနိုင်သည်။
- သဘောထားကွဲလွဲမှုများ၊ အငြင်းပွားမှုများနှင့် ကြုံတွေ့ရလျှင် တစ်ဦး၏အယူအဆကို တစ်ဦးကလေးစားစွာ နားထောင်ပြီး ငြိမ်းချမ်းစွာညှိနှိုင်း ဆွေးနွေးဖြေရှင်းသင့်သည်။

**သင်ခန်းစာ(၄.၃) စုပေါင်းစွမ်းအားကောင်းကျိုးပွား** **စုစုပေါင်းစာသင်ချိန် ၂ ချိန်**

**သင်ခန်းစာရည်ရွယ်ချက်** **တစ်ချိန် ၄၅ မိနစ်**

- တစ်ဦးနှင့်တစ်ဦး မတူညီသည့်အရည်အချင်းများကို တန်ဖိုးထားလေးစားပြီး ပူးပေါင်းဆောင်ရွက်တတ်စေရန်

**သင်ခန်းစာအတွက်ကြိုတင်ပြင်ဆင်ခြင်း**

- ညီညာဖြဖြလျော်ခတ်ကြလော့ ကဗျာကိုကားချပ်ပေါ်တွင်ဖြစ်စေ၊ သင်ပုန်းပေါ်တွင်ဖြစ်စေ ကြိုတင်ရေးသား ထားပါ။

**ရရှိစေမည့်ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှု**

- ဝမ်းဗိုက်နှင့်ကိုယ်အင်္ဂါအစိတ်အပိုင်းများပုံပြင်၊ ညီညာဖြဖြလျော်ခတ်ကြလော့ကဗျာပါ အကြောင်းအရာများကို အုပ်စုဖွဲ့ဆွေးနွေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်တတ်ခြင်း (Collaboration/Group work)၊ မေးခွန်းများကို ဖြေဆိုရန်စဉ်းစားတွေးခေါ်ခြင်း(CreativeThinking)၊ တစ်ဦး၏မတူညီသည့် အရည်အသွေး များကိုတစ်ဦးက တန်ဖိုးထားလေးစားကာ ပူးပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများရရှိပြီး နိုင်ငံသားကောင်း ဖြစ်ခြင်း ( Citizenship) စသောကျွမ်းကျင်မှုများ ရရှိနိုင်သည်။

DBE BOX - Copyright Protected

**စာသင်ချိန်(၁) ဝမ်းဗိုက်နှင့်ကိုယ်အင်္ဂါ အစိတ်အပိုင်းများ**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

● လူတိုင်းတွင် သူ့နေရာနှင့်သူ စွမ်းဆောင်နိုင်သော မတူညီသည့် အရည်အချင်းကောင်းများရှိကြကြောင်း၊ ထိုမတူညီသည့် အရည်အချင်းကောင်းများကို စုပေါင်းညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ပါက အကြံဉာဏ်ကောင်း များပိုမိုရရှိနိုင်ကြောင်း၊ လုပ်ငန်းအဆင်ပြေချောမွေ့မှုရှိခြင်း၊ လျှင်မြန်စွာအောင်မြင်မှုရရှိစေခြင်းစသည့် အကျိုး ကျေးဇူးများ ရရှိနိုင်ကြောင်းအောက်ပါမေးခွန်းများကို မေးမြန်းပြီး သင်ခန်းစာကို နိဒါန်းပျိုးပါ။

(က) သင်တို့သည် မည်သည့်လုပ်ငန်းများကို စုပေါင်းလုပ်ဆောင်လေ့ရှိသနည်း။

(ခ) စုပေါင်းလုပ်ဆောင်ခြင်းဖြင့် မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်သည်ဟုထင်ပါသနည်း။

**သင်ကြားခြင်း** (၃၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလို အုပ်စုဖွဲ့ပါ။
- ကျောင်းသားများအား ဝမ်းဗိုက်နှင့်ကိုယ်အင်္ဂါအစိတ်အပိုင်းများ ပုံပြင်ကိုဖတ်ရှု၍ ပုံပြင်၏ အဓိကအချက်များကို စဉ်းစားရန်ပြောပါ။
- အောက်ပါမေးခွန်းများကို အုပ်စုလိုက် ဆွေးနွေးဖြေဆိုရန် ပြောပါ။
    (က) ကိုယ်အင်္ဂါအစိတ်အပိုင်းများက ဝမ်းဗိုက်ပိုင်းကိုအဘယ်ကြောင့်မကောင်းဆိုကြသနည်း။
    (ခ) ကိုယ်ခန္ဓာတစ်ခုလုံး မွတ်သိပ်သည့်ဘေးနှင့် ရင်ဆိုင်ရသည့်အခါ ကိုယ်အင်္ဂါအစိတ်အပိုင်းများက မည်သို့ နားလည်သွားကြသနည်း။
    (ဂ) တစ်ဦးအပေါ်တစ်ဦးနားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်ပါက မည်သည့်အကျိုးကျေးဇူးများရရှိနိုင် သနည်း။

- အုပ်စုလိုက် အဖြေများကို တင်ပြရန် ပြောပါ။ အခြားအုပ်စုများက အကြံပြုဆွေးနွေးကြရန်ပြောပါ။
- ဆရာက ကျောင်းသားများနှင့် ပုံပြင်အကြောင်းဆွေးနွေးပါ။ တစ်ဦးကိုတစ်ဦး အပြစ်မြင်ပြီး ပူးပေါင်းဆောင်ရွက်မှုမရှိလျှင် ဆိုးကျိုးများရနိုင်ကြောင်း၊ တစ်ဦး၏အားသာချက်ကို တစ်ဦးကနားလည်ပြီး အားသာချက်များကို ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများ ရရှိနိုင်ကြောင်းရှင်းပြပါ။
- ဆွေးနွေးချက်များအရ အထက်ပါ မေးခွန်းများ၏အဖြေများကို လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ရန် ပြောပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

- အထက်ပါ မေးခွန်းများ၏အဖြေများကို အကဲဖြတ်ပါ။ လိုအပ်ပါက အကြံပြုပါ။ထို့နောက် လူတစ်ဦးချင်းစီတွင် မတူညီသည့် စွမ်းရည်များရှိကြကြောင်း၊ သူနေရာနှင့် သူအသုံးဝင်သူချည်းသာဖြစ်ကြောင်း၊ ငြိမ်းချမ်းသော အသိုက်အဝန်းတစ်ခု ထူထောင်နိုင်ရန် ထိုမတူညီသည့် စွမ်းရည်များကို နားလည်လက်ခံပြီးစုပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုများရရှိနိုင်ကြောင်း ရှင်းပြပြီး သင်ခန်းစာကိုနိဂုံးချုပ်ပါ။

## စာသင်ချိန်(၂) ညီညာဖြဖြ လော့ခတ်ကြလော့

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

- စည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ကောင်းကျိုးများဖြစ်ထွန်းနိုင်ပုံကို ရှင်းပြပြီး သင်ခန်းစာကို နိဒါန်းပျိုးပါ။

**သင်ကြားခြင်း** (၂၀)မိနစ်

- ကျောင်းသားများကို သင့်လျော်သလိုအုပ်စုဖွဲ့ပြီး "ညီညာဖြဖြ လော့ခတ်ကြလော့"ကဗျာကို ရွတ်ဆိုကြရန် ပြောပါ။
- ဆရာကကဗျာ၏ အဓိကဆိုလိုချက်ဖြစ်သော မည်သည့်အခက်အခဲများကိုမဆို ရရှိသည့်အခြေအနေအတိုင်း အင်အားများ စုပေါင်းပြီး ဝိုင်းဝန်းကြိုးစားခြင်းဖြင့် အောင်မြင်မှုရနိုင်ကြောင်း ပေါ်လွင်စေရန် ကျောင်းသားများနှင့် အမေးအဖြေပြုလုပ်၍ ရှင်းပြပါ။

**လေ့ကျင့်ခြင်း** (၁၅)မိနစ်

- စုပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှုရနိုင်သော လုပ်ငန်းများကိုဖော်ထုတ်ပါ။(ဥပမာ-ဘောလုံးပြိုင်ပွဲ၊ ပရဟိတလုပ်ငန်း)
- အုပ်စုလိုက် ဆွေးနွေးမှုများကို အနှစ်ချုပ်ပြီး အတန်းသို့တင်ပြပါစေ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၅)မိနစ်

- ကျောင်းသားများသည် ကဗျာပါအကြောင်းအရာများနှင့် လက်တွေ့ဘဝ ဆက်စပ်မှုကို သိရှိစေရန် ဤကဗျာမှာ မည်သည့် သင်ခန်းစာရရှိစေသနည်းဟု မေးမြန်း၍ သင်ခန်းစာကိုနိဂုံးချုပ်ပါ။
- အခန်း(၄) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းကို ပြန်လည်သုံးသပ်ရန်အတွက် ကြိုတင်စီစဉ်ပေးပါ။
- ကျောင်းသားအရေအတွက်အပေါ်မူတည်၍ အုပ်စုငယ်များသင့်တော်သလိုဖွဲ့ပါ။
- သင်ကြားခဲ့ပြီးသော သင်ခန်းစာများကို ပြန်လည်သုံးသပ်တင်ပြရမည်ဖြစ်ကြောင်းပြောပါ။
- ထို့ပြင် ကျောင်းစာကြည့်တိုက် သို့မဟုတ် ရပ်ရွာအတွင်းရှိ စာကြည့်တိုက်များသို့ အုပ်စုလိုက်သွား၍သင်ကြားခဲ့ပြီးသော သင်ခန်းစာများနှင့်သက်ဆိုင်သောစာပေများ၊ ပုံပြင်များကို ကြိုတင်ဖတ်ရှုလေ့လာရန် ပြောပါ။
- ပြီးလျှင် အုပ်စုလိုက် ဆွေးနွေးညှိနှိုင်း၍ သင်ခန်းစာတစ်ခုစီနှင့် လျော်ညီသော သုံးသပ်ချက်များကို အတန်းအားတင်ပြရမည်ဖြစ်ကြောင်း၊ ကိုယ်တိုင်ကြုံတွေ့ဖူးသော အတွေ့အကြုံများကိုလည်း တင်ပြနိုင်ကြောင်း ကြိုတင်အသိပေးပါ။

DBE BOX - Copyright Protected

**အခန်း(၄)ကို ပြန်လည်သုံးသပ်ခြင်း** **စုစုပေါင်းစာသင်ချိန် ၁ ချိန်**
**တစ်ချိန် ၄၅ မိနစ်**

**သင်ခန်းစာမိတ်ဆက်ခြင်း** (၅)မိနစ်

● အခန်း(၄) ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ခြင်းကို ပြန်လည်သုံးသပ်ရန်ပြောပါ။ ကျောင်းသားများအား ကြိုတင်ပြင်ဆင်ရန် မှာခဲ့သည်များကို ပြန်လည်ပြောပြပါ။

**လေ့ကျင့်ခြင်း** (၃၀)မိနစ်


● ကျောင်းသားများဆွေးနွေးနေစဉ် လှည့်လည်ကြည့်ရှုပါ။ သုံးသပ်ချက်များကို အတန်းသို့ တင်ပြရန်ပြောပါ။ အဖွဲ့တစ်ဖွဲ့မှတင်ပြနေစဉ် အခြားအဖွဲ့များအား ဂရုတစိုက်နားထောင်ရန်ပြောပါ။ မတူညီသော အချက်များကို တင်ပြရန်အားပေးပါ။ တင်ပြချက်များကို ဆီလျော်မှုရှိမရှိ တစ်တန်းလုံးနှင့် ဆွေးနွေးဆုံးဖြတ်ပါ။ လိုအပ်ချက်များရှိပါက ဖြည့်စွက်ဆွေးနွေးပေးပါ။

**ပြန်လည်သုံးသပ်ခြင်းနှင့်စစ်ဆေးအကဲဖြတ်ခြင်း** (၁၀)မိနစ်

● တစ်ဦးနှင့်တစ်ဦးဆက်ဆံရာတွင် အပြန်အလှန်လေးစားမှုဖြင့် ဆက်ဆံပြီး ငြိမ်းချမ်းသောအသိုက်အဝန်းကို ဖန်တီးသင့်ကြောင်း၊အငြင်းပွားမှုများနှင့်ကြုံတွေ့ရသည့်အခါ ငြိမ်းချမ်းစွာညှိနှိုင်းဆွေးနွေးဖြေရှင်းသင့်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး မတူညီသည့် အရည်အချင်းကောင်းများကို တန်ဖိုးထားလေးစားပြီး ပူးပေါင်းဆောင်ရွက်သင့်ကြောင်း ပြောပြ၍ အခန်း(၄) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ခြင်းသင်ခန်းစာကို နိဂုံးချုပ်ပါ။

DEE BOX - Copyright Protected

**အခန်း(၄)ကို ပြန်လည်သုံးသပ်ခြင်း**



## အခန်း(၄) အဓိကအချက်များ

- တစ်ဦးနှင့်တစ်ဦး ချစ်ခင်စွာဖြင့် အေးချမ်းပျော်ရွှင်စွာ နေထိုင်သင့်သည်။ အပြန်အလှန် လေးစားမှု၊ စာနာနားလည်မှုဖြင့် ဆက်ဆံပါက ငြိမ်းချမ်းသာယာသော အသိုက်အဝန်း တစ်ခုကို ဖန်တီးနိုင်ပါလိမ့်မည်။
- အငြင်းပွားမှုများနှင့် ကြုံတွေ့ရသည့်အခါ အကြမ်းမဖက်ဘဲ ငြိမ်းချမ်းစွာဖြင့် ဖြေရှင်း သင့်သည်။ ထို့ကြောင့်ငြိမ်းချမ်းရေးကို မြတ်နိုးသူ၏သဘောထားနှင့် အပြုအမူကောင်းများကို လေ့လာပြီး တွေ့ကြုံရသော ပြဿနာများကို အေးအေးချမ်းချမ်း ဖြေရှင်းသင့်ပါသည်။
- မိသားစုတွင်ဖြစ်စေ၊ ကျောင်းတွင်ဖြစ်စေ၊ ပတ်ဝန်းကျင်တွင်ဖြစ်စေ တစ်ဦးနှင့်တစ်ဦး အယူအဆများ မတူညီဘဲ ကွဲပြားခြားနားမှုများရှိနိုင်သည်။
- သဘောထားကွဲလွဲမှုများ၊ အငြင်းပွားမှုများနှင့် ကြုံတွေ့ရလျှင် တစ်ဦး၏အယူအဆကို တစ်ဦးကလေးစားစွာ နားထောင်ပြီး ငြိမ်းချမ်းစွာညှိနှိုင်း ဆွေးနွေးဖြေရှင်းသင့်သည်။
- လူတိုင်းတွင် တစ်ဦးနှင့်တစ်ဦး မတူညီသည့်အရည်အချင်းကောင်းများရှိကြသည်။
- တစ်ဦးနှင့်တစ်ဦး ဆက်ဆံရာတွင် ထိုအရည်အချင်းများကို တန်ဖိုးထားလေးစားပြီး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ငြိမ်းချမ်းသော လူမှုအသိုက်အဝန်းကို စုပေါင်းဖန်တီးနိုင်မည်ဖြစ်သည်။

DBE BOX - Copyright Protected